The Commerce Journal

စီးပွားရေးသတင်းဂျာနယ်

http://www.commercejournal.com.mm

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL. 25, NO. 1 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | January 6, 2025

# မွန်ပြည်နယ်၏ ပြည်ပဈေးကွက်ဝင် ရော်ဘာထုတ်ကုန်များ

စာမျက်နှာ - 19 ➤













## ပြည်တွင်းတွင် ထုတ်လုပ်သော ကုန်ပစ္စည်းအချို့ကို နိုင်ငံခြား ကုမ္ပဏီများအား တင်ပို့ခွင့်ပြု

စာမျက်နှာ - 8 ➤

## ၂၀၂၅ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့် ခုနှစ် သတ်မှတ်ချက်များ ထုတ်ပြန်

စာမျက်နှာ - 8 ➤

## ကုမ္ပဏီများနှင့် လွတ်လပ်သော ဒါရိုက်တာများ၏ အခန်းကဏ္ဍ(၂)

စာမျက်နှာ - 27 ➤




ကောမတ်စ် ပုံနှိပ်လုပ်ငန်း

အောက်ပါလုပ်ငန်းများကိုလက်ခံဆောင်ရွက်ပေးနေပါသည်။

Pamphlets, Calendar(Table/Wall)
Visiting Card, Company Letter Head
File Holder, Business Cards
Certificates Labels, Voucher, Book,
Catalouges, Postcards, Envelopes, Journal

No.240(A), Upper Pazundaung Road, Setsan, Mingala Taung Nyunt Tsp:

Ph:09 43034879, 09 795679800


PROVEN GROUP OF COMPANIES
PROVEN TECHNOLOGY INDUSTRY
PROVEN DISTRIBUTION
PROVEN POLYWORLD
YANGON METAL INDUSTRY
PROVEN INTERNATIONAL
PROVEN
GROUP OF COMPANIES
PROVEN TECHNOLOGY INDUSTRY
PROVEN DISTRIBUTION
PROVEN POLYWORLD
YANGON METAL INDUSTRY
PROVEN INTERNATIONAL
TOYO
KEEPS YOU GOING . . .
Battery Manufacturing
Renewable Energy
Lead Recycling
Plastic Injection and Blow Molding
Auto Parts and Lubricants Distribution
Investment
CONTACT US:
NO. F/S-14, BAYINTNAUNG ROAD, SHWE SABEI YEIKMON HOUSING , KAMAYUT TOWNSHIP, YANGON, MYANMAR
(POSTCODE - 11041 )
OFFICE NO.(+95-1)7 531 030 / 7 531 041/ 7 527 667
EMAIL : info@proven.com.mm
WEBSITE : www.proven.com.mm

# အွန်လိုင်းငွေပေးချေမှု အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ ဆွေးနွေးမှုမှတ်တမ်း လက်မှတ်ရေးထိုး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့် ယူအေဘီဘဏ်လီမိတက်တို့အကြား ဝန်ဆောင်မှုများအတွက် အွန်လိုင်းငွေပေးချေမှု အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ ဆွေးနွေးမှုမှတ်တမ်း Record of Discussion - ROD လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်က နေပြည်တော်ရှိ Amara Hotel Fantastic Hall ၌ ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ယူအေဘီဘဏ်လီမိတက်မှ Senior Vice President ဒေါ်သန္တာထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ MITC Website မှ ကုန်စည်ပြပွဲနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ၊ ပို့ကုန်မြှင့်တင်ရေးဗီဒီယိုများကို ကုန်သည်လုပ်ငန်းရှင်များသိရှိနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် စီးပွားရေးဗီဇာထောက်ခံချက် လျှောက်ထားခြင်း၊ ကုန်စည်ပြပွဲတွင် ပါဝင်ပြသသူ/လိုက်ပါသူ (Exhibitor/ Visitor) မှတ်ပုံတင်ခြင်း လုပ်ငန်းများအတွက် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် MITC Website မှတစ်ဆင့် OGL လျှောက်ထားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ယူအေဘီဘဏ်လီမိတက်မှ Senior Vice President က ငွေပေးချေမှုနှင့် စပ်လျဉ်း၍ ယူအေဘီဘဏ်လီမိတက်အနေဖြင့် အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးပြောကြားခဲ့သည်။ ဆက်လက်၍ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် ယူအေဘီဘဏ် လီမိတက်မှ Senior Vice President တို့က မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ယူအေဘီဘဏ်လီမိတက်တို့အကြား ဆွေးနွေးမှုမှတ်တမ်းအား လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့် ယူအေဘီဘဏ်လီမိတက်တို့အကြား ဆွေးနွေးမှုမှတ်တမ်း(ROD)ကို လက်မှတ်ရေးထိုးနိုင်ခြင်းကြောင့် အွန်လိုင်းဝန်ဆောင်မှု လုပ်ငန်းများအတွက် ငွေပေးချေမှုဆိုင်ရာလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှစတင်၍ mitc.myantrade.gov. mm မှတစ်ဆင့် အွန်လိုင်းအသုံးပြုသူ လုပ်ငန်းရှင်များကို ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ**

# ပို့ကုန်အရည်အသွေးမြှင့်တင်ရေး ရန်ကုန်တိုင်းဒေသကြီးတွင် ပဲတီစိမ်းစိုက် တောင်သူများအား (GAP-GHP) သင်တန်းပေး



အရည်အသွေးမီ ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရန်အတွက် ၂၀၂၄-၂၀၂၅ ရာသီအတွက် ပဲတီစိမ်းစိုက်တောင်သူများအား (GAP-GHP) နည်းစဉ်များအတိုင်း စိုက်ပျိုးနိုင်စေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ တောင်သူပညာပေးသင်တန်းများကို ဒီဇင်ဘာလ ဒုတိယပတ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ သန်လျင်မြို့နယ်နှင့် သုံးခွမြို့နယ်တို့တွင် သုံးရက်ကြာ သင်တန်းပေးခဲ့သည်။

ထိုသင်တန်းများကို စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် အရာထမ်း၊ အမှုထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပံ့ပိုးကူညီပေးသော ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တောင်သူများ စုစုပေါင်း ၅၂၃ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။

သင်တန်း ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာ ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲပင်ပေါက်ဖောက်ရန်အတွက် မြန်မာ့ပဲတီစိမ်းများ တင်ပို့ရာတွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုတင်ပို့ရောင်းချနိုင်ရေးအတွက် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ပဲရာသီ အဆိုပြုထားရှိသည့် ကုမ္ပဏီများနှင့် ညှိနှိုင်းဆွေးနွေးခဲ့မှုအရ ကောင်းမွန်သောစိုက်ပျိုးရေးစနစ် (GAP)၊ ကျန်းမာရေးနှင့်အညီ သန့်ရှင်းသော စိုက်ပျိုးထုတ်လုပ်မှုစနစ်(GHP)နှင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အဆိုပြု ရွေးချယ်ထားသည့် ပဲတီစိမ်း စိုက်ကွင်းများအလိုက် ရွေးချယ်ထားသော တောင်သူများအား သင်တန်းပို့ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ရာသီအတွက် ရန်ကုန်တိုင်းဒေသကြီး သန်လျင်၊ ခရမ်း၊ ကျောက်တန်းနှင့် သုံးခွမြို့နယ်တို့တွင် ပဲတီစိမ်းဧကစုစုပေါင်း ၃၇၂၄၇၂ ဧက စိုက်ပျိုးရန် လျာထားပြီး စိုက်ဧကစုစုပေါင်း ၃၄၈၈၈၆ ဧကရှိကြောင်း သိရသည်။

ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ဘုရင့်နောင် ကုန်စည်ဒိုင်သို့ ဝင်ရောက်လာသည့် ပဲတီစိမ်း အမျိုးအစားအလိုက် ဈေးနှုန်းများမှာ ပဲတီစိမ်းအညာ တစ်ပိဿာလျှင် ကျပ် ၄၉၁၅ မှ ၄၉၃၅ ထိ၊ ပဲတီစိမ်း ခရမ်းရွှေဝါ (ထိပ်စ) တစ်ပိဿာလျှင်ကျပ် ၅၅၈၀၊ ပဲတီစိမ်းပဲခူးရွှေဝါ တစ်ပိဿာလျှင် ကျပ် ၅၂၅၀၊ ပဲတီစိမ်းဝါးခယ်မ FAQ တစ်ပိဿာလျှင် ကျပ် ၄၆၆၅ မှ ၄၆၈၅ ထိနှင့် ပဲတီစိမ်းဝါးခယ်မ SQ တစ်ပိဿာလျှင် ကျပ် ၆၄၁၅ မှ ၆၄၃၅ ထိတို့ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းများကို ပြည်ပသို့ တင်ပို့ပါက ဥရောပသမဂ္ဂရှိ အင်္ဂလန်နှင့် နယ်သာလန်နိုင်ငံများသို့ အဓိကတင်ပို့ကြောင်း သိရသည်။ ကောင်းမွန်သော စိုက်ပျိုးရေးစနစ်များဖြင့် စိုက်ပျိုးနိုင်ရန်အတွက် တောင်သူများအား ကြိုတင်အသိ ပညာပေးရန်၊ စုဆောင်းသူ၊ ဝယ်ယူသူများကိုလည်း သိုလှောင်မှု၊ ပို့ဆောင်မှုတို့အား မှတ်တမ်းထားရှိစေရန်နှင့်လုပ်ငန်းဆောင်ရွက်သည့် စက်ရုံများကိုလည်း ကျန်းမာရေးနှင့် ညီညွတ်သည့် အလေ့အကျင့်ရှိစေရန် စားသုံးသူရေးရာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်းပြီး သက်ဆိုင်ရာ ကုမ္ပဏီများ၏ ကူညီပံ့ပိုးမှုဖြင့် အသိပညာပေးဆောင်ရွက်လျက် ရှိသောကြောင့် စနစ်တကျ စိုက်ပျိုးထုတ်လုပ်ပါက တောင်သူ၊ အဝယ်တော်၊ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်သည်။

**မြသူ (DOCA-YGN)**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
သောင်းနိုင်၊ ခင်မောင်လှိုင်၊ နီနီကျော်

**စာတည်းမှူးချုပ်**
ညီညီအောင်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ကျော်ကျော်

**အုပ်ချုပ်ရေးမှူး**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး

**သတင်းထောက်များ**
သဇင်(မအူပင်)
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)
သန်းသန်းတင်(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၀၉၇၇)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
အိမ့်သဇင်ခိုင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

MISL Myanmar ICT Solutions Limited

DRIVE YOUR BUSINESS FORWARD WITH INNOVATIVE TECH INTEGRATION!



09 765101660 www.misl.com.mm

Pulse & Purpose

Pulsing with the Purpose of Medical and Life Sciences

## Preimplantation Genetic Test ( PGT )

သန္ဓေသားလောင်း၏ မျိုးရိုးဗီဇ စစ်ဆေးခြင်း

- PGT - A Preimplantation Genetic Test for Aneuploidy
- PGT - SR Preimplantation Genetic Test for Segmental Rearrangement
- PGT - M Preimplantation Genetic Test for Monogenic Disorder

## Non-Invasive Prenatal Genetic Test ( NIPT )

မိခင်သွေးမှတစ်ဆင့် သန္ဓေသားလောင်း၏ မျိုးရိုးဗီဇ စစ်ဆေးခြင်း

| NIFTY Package | focus | core | pro | twin |
|---|---|---|---|---|
| Chromosomes 21, 18, 13 | ✓ | ✓ | ✓ | ✓ |
| Sex chromosomes abnormalities<br>-Monosomy X (Turner syndrome)<br>-XXY (Klinefelter syndrome)<br>-XXX (Triple X syndrome)<br>-XYY (Jacobs syndrome) | ✓ | ✓ | ✓ | ✗ |
| Other chromosome abnormalities | ✗ | ✓ | ✓ | ✗ |
| Deletion/duplication 84 items | ✗ | ✗ | ✓ | ✗ |
| Baby gender report | ✓ | ✓ | ✓ | Y Chromosome |


## Assisted Reproductive Technology Solution

- Clean Room Construction
- Culture Media
- Air Protection Equipment
- Sterilization Product
- Labware
- Catheter
- Cold Chain Equipment
- Oven and Centrifuge
- Pipettes
- Needle
- Incubator
- Liquid Nitrogen Tank

+959 954 21 21 22 contact@pnp.com.mm pnp.com.mm #10-01, 10th Floor, Sule Square Office Tower, 221 Sule Pagoda Road, Kyauktada Tsp, Ygn.

# MAPCO
AGRIBUSINESS

## မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်




နေပြည်တော် ဆန်စက်


လှိုင်သာယာမြို့နယ်မှ ဆန်စက်


တိုက်ကြီးမြို့နယ်မှ ဓါတ်မြေသြဇာအရောင်းပြခန်းနှင့် လုံးတီးဆန်စက်


မြောင်းမြမြို့မှ ဆန်စက်


တွံတေးမြို့နယ်မှ သိုလှောင်ရုံများ


မအူပင်မြို့မှ သိုလှောင်ရုံများ


တွံတေးမြို့နယ်မှ ပီနံအိတ်ခွံနှင့်တံဆိပ်ရိုက်လုပ်ငန်းများ



NEW MSME CO-OP မှ NEW Store ဆိုင်များ


**Myanmar Agribusiness Public Company Limited**
No.100, Wardan Street & Kan Nar Street, Beside the Concrete Express Way,
Wardan Port Area, Lanmadaw Township(Formerly Seik Kan Tsp), Yangon, Myanmar.
**Tel:**(+95-1) 2301652~53, 2301825~6 **Fax:** (+95-1) 2301824 **Email:** admin@mapco-ygn.com **Website:** www.mapco.com.mm

# မကွေးတိုင်းဒေသကြီးတွင် ဖြစ်ပေါ်လျက်ရှိသော စပါး၊ ဆန်ဈေးနှုန်းနှင့် စီးဝင်မှုအခြေအနေ

မကွေးတိုင်းဒေသကြီးသည် ဆီထွက်သီးနှံ နှမ်းနှင့် မြေပဲတို့အား အဓိကစိုက်ပျိုးကြသော်လည်း ဆန်လိုတိုင်းဒေသကြီးဖြစ်၍ စပါးအဓိကစိုက်ပျိုးထွက်ရှိရာ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်သွင်းရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဧရာပဒေသာစပါးကို အဓိက စိုက်ပျိုးကြပြီး ဒီဇင်ဘာလ စတုတ္ထပတ်တွင် ဖြစ်ပေါ်နေသော စပါးဈေးနှုန်းများမှာ တစ်တင်းလျှင် ဧရာပဒေသာ(ဟောင်း) ကျပ် ၃၀၀၀၀၊ ဧရာပဒေသာ(သစ်) ကျပ် ၂၈၀၀၀၊ ဆန်ဈေးနှုန်းများမှာ မကွေးခရိုင်တွင် ပေါ်ဆန်းမွှေး ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၉၀၀၀၊ မနောသုခ ကျပ် ၁၀၃၀၀၀၊ ရတနာတိုး ကျပ် ၇၅၀၀၀၊ မင်းဘူးခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၂၀၀၀၊ မနောသုခ ကျပ် ၉၇၀၀၀၊ သရက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၁၂၀၀၀၊ မနောသုခ ကျပ် ၈၅၀၀၀၊ အောင်လံခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၉၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၅၀၀၀၊ မနောသုခ ကျပ် ၁၀၀၀၀၀၊ ရတနာတိုး ကျပ် ၈၁၀၀၀၊ ချောက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၆၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၉၀၀၀၊ မနောသုခ ကျပ် ၈၅၀၀၀၊ ရတနာတိုး ကျပ် ၇၈၀၀၀၊ ပခုက္ကူခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၆၀၀၀၊ မနောသုခ ကျပ် ၉၃၀၀၀၊ ရတနာတိုး ကျပ်၇၈၀၀၀၊ ဂန့်ဂေါခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၉၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၅၀၀၀၊ မနောသုခ ကျပ် ၉၅၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်လထက် ယခုလတွင် မကွေးခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၀၀၀၊ မင်းဘူးခရိုင်တွင် ဧရာပဒေသာ ကျပ် ၂၀၀၀၊ မနောသုခ ကျပ် ၁၀၀၀၀၊ ချောက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၅၀၀၀ ဈေးမြင့်တက်ခဲ့ကြောင်း သိရသည်။

၂၀၂၄ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၄ ရက်အထိ မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ ဆန်စီးဝင်မှုမှာ စပါးအဓိကစိုက်ပျိုးထွက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ ဆန်အိတ် ၃၀၀၁၀၊ မန္တလေးတိုင်းဒေသကြီးမှ ဆန်အိတ် ၁၈၀၀၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆန်အိတ် ၁၀၀၀၊ ပဲခူးတိုင်းဒေသကြီးမှ ဆန်အိတ် ၉၉၀၊ သရက်မြို့သို့ ပဲခူးတိုင်းဒေသကြီးမှ ဆန်အိတ် ၁၃၆၂၀၊ ဧရာဝတီတိုင်းဒေသကြီးမှ ဆန် အိတ် ၈၀၃၀၊ ချောက်မြို့သို့ စစ်ကိုင်းတိုင်းဒေသကြီးမှ ဆန်အိတ် ၁၀၀၊ ဧရာဝတီတိုင်းဒေသကြီးမှ ဆန်အိတ် ၅၁၀၀၊ အောင်လံမြို့သို့ ရန်ကုန်တိုင်းဒေသကြီးမှ ဆန်အိတ် ၁၇၅၀၊ ပဲခူးတိုင်းဒေသကြီးမှ ဆန်အိတ် ၃၅၀၊ ပခုက္ကူမြို့သို့ စစ်ကိုင်းတိုင်းဒေသကြီး မှ ဆန် ၆၁၆၃ အိတ်၊ ဧရာဝတီတိုင်းဒေသကြီးမှ ဆန်အိတ် ၁၀၀၀၊ စုစုပေါင်းဆန် ၆၉၉၁၃ အိတ်၊ ၃၄၉၅ ဒသမ ၆၅ တန် စီးဝင်ခဲ့ကြောင်း သိရသည်။

**ရဲမင်းသာ(မကွေး)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော စပါး/ ဆန်ဈေးနှုန်းများအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒီဇင်ဘာလ စတုတ္ထပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများမှာ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်း (စပါး)(ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၄၈၀၀၀၀၀၊ ပေါ်ဆန်း (ဆန်)(ဟောင်း) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ ရွှေဘိုပေါ်ဆန်း (စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၃၂၀၀၀၀၀၊ ပေါ်ဆန်း (ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ဧရာမင်း (ဆန်)(ဟောင်း) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ ဧရာမင်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၂၀၀၀၀၀၊ ဧရာမင်းဆန် (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

ရေဦးခရိုင် ရေဦးမြို့နယ်မှ ပေါ်ဆန်း (စပါး)(ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၄၈၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) (သစ်) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ ရွှေဘိုပေါ်ဆန်း (စပါး)(သစ်) တင်း ၁၀၀လျှင် ကျပ် ၃၂၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) (သစ်) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ဧရာမင်း (ဆန်)(ဟောင်း) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀ ၊ ဧရာမင်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၂၀၀၀၀၀ ၊ ဧရာမင်းဆန် (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင် ကလေးမြို့နယ်မှ ညှော့်မထ (စပါး)(ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၂၇၀၀၀၀၀၊ ညှော့်မထ(ဆန်)(ဟောင်း) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ညှော့်မထ(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၇၀၀၀၀၀၊ ညှော့်မထ(ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၈၀၀၀၊ ငစိန် (စပါး)(ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၂၀၀၀၀၀၀၊ ငစိန် (ဆန်)(ဟောင်း)၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၅၀၀၀၊ ဧရာမင်း(စပါး) (ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၃၀၀၀၀၀၀၊ ဧရာမင်း(ဆန်) (ဟောင်း) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ဧရာမင်း(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၁၀၀၀၀၀၊ ဧရာမင်း(ဆန်)(သစ်) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။



ကသာခရိုင် အင်းတော်မြို့နယ်မှ ဆင်းကေရီ(၃)(စပါး)(ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၂၀၀၀၀၀၀၊ ဆင်းကေရီ-၃ ဆန် ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၉၁၀၀၀၊ ဆင်းကေရီ(၃)(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၆၀၀၀၀၀၊ ဆင်းကေရီ-၃ ဆန်(သစ်) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ ဧရာမင်း(စပါး) (ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၂၈၀၀၀၀၀၊ ဧရာမင်း (ဆန်)(ဟောင်း) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင် မုံရွာမြို့တွင် ဧရာမင်း (စပါး) (ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၃၁၀၀၀၀၀၊ ဧရာမင်း (ဆန်)(ဟောင်း) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ ဧရာမင်း (စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၂၀၀၀၀၀၊ ဧရာမင်းဆန် (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀၊ ရွှေဘိုပေါ်ဆန်း(စပါး)(ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၄၇၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်း (ဆန်)(ဟောင်း) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ ရွှေဘိုပေါ်ဆန်း(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၃၃၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်း (ဆန်)(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ မနောသုခ(မိုး) (စပါး)တင်း ၁၀၀ လျှင် ကျပ် ၂၃၀၀၀၀၀၊ မနောသုခ(မိုး)(ဆန်)(သစ်) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၉၈၀၀၀၊ ရွှေဝါထွန်း (စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၁၈၅၀၀၀၀၊ ရွှေဝါထွန်း (ဆန်)(သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ ရွှေသွယ်ရင် (စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၇၀၀၀၀၀၊ ရွှေသွယ်ရင် (ဆန်)(သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှထုတ်ပြန်သည့် စိုက်ပျိုးသူ တောင်သူများအပါအဝင် ကုန်သွယ်ရောင်းဝယ်သိုလှောင်ကြသူများအထိ သင့်တင့်မျှတသော ရည်ညွှန်းဈေးနှုန်းများအပေါ် မူတည်၍ ဒီဇင်ဘာလ စတုတ္ထပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးရှိ စပါး /ဆန်ဈေးနှုန်းများမှာ ယခင်တစ်ပတ်တိုင်း ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရသည်။

**ခင်မို့မို့ငြိမ်း (မုံရွာ)**

# ပြည်ခရိုင်၏ စပါး၊ ဆန် ဈေးနှုန်းများ

ပြည်ခရိုင်တွင် မိုးစပါးများ လှိုင်လှိုင်ထွက်ပေါ်နေပြီဖြစ်သည်။ ပြည်ခရိုင်အတွင်း၌ အင်းမစပါး၊ မှော်ဘီ၊ စပါးများကို အဓိကထား စိုက်ပျိုးပြီး စပါးရင် အမျိုးအစားများဖြစ်သော ဗီယက်နမ် GW-11၊ ထိုင်းနှံကောက်များမှာ အနည်းငယ်သာစိုက်ပျိုးပြီး ဒေသတွင်း စားသုံးမှု နည်းပါးသော်လည်း အခြားဒေသများ သို့တင်ပို့ရောင်းချမှုရှိသည်။

ပြည်ခရိုင် ဈေးကွက်အတွင်း၌ ရောင်းချသော တောင်ပျံ၊ ဧရာပဒေသာ၊ ရိုးရိုးပေါ်ဆန်း၊ ပခမ်းရိုးနီ၊ ငွေတိုးဆန်များမှာ အခြားတိုင်းဒေသကြီးများမှ မှာယူရောင်းချကြသည်။ ပြည်ဈေးကွက်အတွင်းတွင် ရောင်းချသော ဆန်ဈေးများမှာ ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ ဧရာဝတီ ပဒေသာဆန် တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ တောင်ပျံဆန်တစ်အိတ်လျှင် ကျပ် ၁၁၃၀၀၀၊ ရိုးနီ တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ပြည်ခရိုင်၊ ပြည်မြို့ရှိ စပါး ၄၆ ပေါင်တင်း ၁၀၀ဈေးနှုန်းများမှာ အင်းမစပါး ကျပ် ၁၉၃၀၀၀၀၊ မှော်ဘီ စပါး ကျပ် ၁၉၇၀၀၀၀၊ ဗီယက်နမ်စပါး (အစိုဓာတ် ၂၀ရာခိုင်နှုန်း)မှာ ကျပ် ၁၆၅၀၀၀၀၊ ထိုင်းနှံကောက်မှာ ကျပ် ၁၆၅၀၀၀၀ ဖြင့် အရောင်းအဝယ်ရှိပြီး မှော်ဘီဆန်သစ် တစ်အိတ်လျှင် ကျပ် ၇၇၀၀၀၊ ဗီယက်နမ်ဆန် တစ်အိတ်လျှင် ကျပ် ၇၂၀၀၀ ဖြစ်သည်။

ရွှေတောင်မြို့နယ်တွင် မှော်ဘီစပါး (၄၆)ပေါင် တင်း ၁၀၀ လျှင် ကျပ် ၁၈၈၀၀၀၀အစို ၁၄ရာခိုင်နှုန်း၊ ကရင်မစပါးဈေးမှာ ကျပ် ၁၉၃၀၀၀၀၊ အစို ၁၆ ရာခိုင်နှုန်း၊ ကောက်စေးစပါးမျိုးဖြစ်သော ဗီယက်နမ်စပါးမှာ ကျပ် ၁၇၀၀၀၀၀၊ မှော်ဘီဆန်သစ် တစ်အိတ်လျှင် ကျပ် ၇၇၀၀၀ ဖြင့် အရောင်းအဝယ်ရှိသည်။

ပေါက်ခေါင်းမြို့နယ်တွင် စပါးတင်း ၁၀၀ လျှင် မှော်ဘီနှင့် အင်းမစပါးမှာ ကျပ် ၁၈၄၀၀၀၀၊ GW 11 တင်း ၁၀၀ လျှင် ကျပ် ၁၆၅၀၀၀၀၊ ထိုင်းနှံကောက်စပါးမှာ ကျပ် ၁၆၅၀၀၀၀ ၊ မှော်ဘီဆန်နှင့် အင်းမဆန် တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ ဖြင့် အရောင်းအဝယ်ရှိသည်။

စပါးသစ်များလှိုင်လှိုင်ထွက်ပေါ်နေသော်လည်း ဆန်သစ်မှာ စားသုံးသူများ ဝယ်ယူသုံးစွဲမှု နည်းနေသောကြောင့် အရောင်းအဝယ်အေးသည့်အတွက် ပြည်ခရိုင်အတွင်း စပါး/ဆန်ဈေးမှာ အနည်းငယ် အေးနေသည်။ ပြည်ခရိုင်မှ ရန်ကုန်တိုင်းဒေသကြီးသို့ တစ်ပတ်အတွင်း ဆန်အိတ်ရေ ၂၀၀၀ ခန့်၊ မကွေးတိုင်းဒေသကြီးသို့ ဆန်အိတ်ရေ ၅၀၀၀ ခန့် တင်ပို့ရောင်းချကြောင်း သိရသည်။

**လွင်လွင်ဆန်း(ပြည်)**

# မကွေးတိုင်းဒေသကြီး၏ ပဲမျိုးစုံ ဈေးကွက်

မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူ၊ ဆိပ်ဖြူ၊ ရေစကြို၊ ဂန့်ဂေါမြို့နယ်များတွင် မြေပဲ၊ ကုလားပဲ၊ စား တော်ပဲ၊ ပဲတီစိမ်းခေါ် ပဲနောက်၊ မတ်ပဲ၊ ထောပတ်ပဲစိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက် အခြေအနေများကိုစုစည်းဖော်ပြလိုက်ပါသည်-

**မြေပဲ**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံမျိုးစုံ ရောင်းဝယ်ရေး ဈေးကွက်တွင် ဆီထွက်သီးနှံ မြေပဲများ နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိရာစိုက်ပျိုးမှုများသော ပခုက္ကူမြို့၊ ပေါက်၊ ရေစကြို၊ ဆိပ်ဖြူ ယောနယ်ဒေသများနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများမှထွက်ရှိသော မိုးမြေပဲ အတောင့်အဆန်များ ပခုက္ကူဈေးကွက်သို့ နေ့စဉ်ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မိုးမြေပဲ တူးဖော်ရိတ်သိမ်းပြီး ဆောင်းမြေပဲစိုက်ပျိုးချိန် ကြားကာလတွင် မြေပဲသစ်များ ဝင်ရောက်မှုနည်းသော်လည်း ဈေးကွက်သို့ ဝင်ရောက်လာသည့် မြေပဲဆန်နှင့် မြေပဲအတောင့်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်သွက်နေကြောင်း၊ ဒီဇင်ဘာလ စတုတ္ထပတ်တွင် မြေပဲ အမြင့်ဈေးဖြင့် ဈေးငြိမ်၍ အရောင်းအဝယ်ဖြစ်ခဲ့သည်။ ဈေးကွက်သို့ ဝင်ရောက်လာသော မြေပဲ အတောင့်နှင့် အဆန်များကို မြို့ပေါ်ရှိ လှောင်လက်သမားများ၊ ဆီစက်လုပ်ငန်းရှင်များ အဝယ်လိုက်ခြင်းအပြင် ပြည်ပ တရုတ်နိုင်ငံမှလည်း ဝယ်လိုအားများလျက်ရှိ၍ ဈေးနှုန်းမြင့်တက်ကြောင်း၊ မြေပဲဆန်အရည်အသွေးနှင့် ဝယ်လိုအားပေါ်မူတည်၍ ဈေး အနိမ့်၊ အမြင့်ရှိကြောင်း သိရှိရသည်။

ပြည်တွင်း စားသုံးဆီဈေးကွက်တွင် ကျန်းမာရေးနှင့်ညီညွတ်သည့် မြေပဲဆီသန့် သုံးစွဲမှုမြင့်မားလျက်ရှိ၍ ဒေသတွင်းဆုံ/ဆီစက်များတွင်ကျယ်စွာ ထုတ်လုပ်လျက်ရှိ၍ မြေပဲဆန်ဝယ်လိုအားကောင်းပြီး ဈေးကွက်ကျဆင်းခြင်းမရှိဘဲ အရောင်းအဝယ် သွက်လျက်ရှိပြီး ပဲဖတ်ဈေးမှာလည်း ပြည်တွင်းတိရစ္ဆာန် အစားအစာအဖြစ် မြန်မာနိုင်ငံအောက်ပိုင်း ငါးမွေးမြူရေးလုပ်ငန်းများမှ ဝယ်ယူမှုများ၍ အရောင်းအဝယ်သွက်ကြောင်း သိရသည်။

ပခုက္ကူပွဲရုံဈေးကွက်တွင် ဖြစ်ပေါ်နေသော မြေပဲဈေးနှုန်းများမှာ ယခု ဒီဇင်ဘာလ စတုတ္ထပတ် အစောပိုင်းတွင် သီးနှံအရည်အသွေးလိုက်၍ မြေပဲအတောင့်(အခြောက်) တစ်ပိဿာလျှင် ကျပ် ၆၂၀၀-၄၈၀၀၊ မြေပဲလုံးဆန်နီ တစ်ပိဿာလျှင် ကျပ် ၉၀၀၀-၈၄၀၀၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာလျှင် ကျပ် ၈၈၀၀-၈၄၀၀၊ ဆီဆန် တစ်ပိဿာလျှင် ကျပ် ၇၅၀၀-၇၁၀၀၊ မြေပဲဖတ် တစ်ပိဿာလျှင် ၆၀၀၀-၅၉၅၀-၅၆၅၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်မှ သိရသည်။

**ကုလားပဲ**

ပခုက္ကူမြို့တွင် ကုလားပဲဈေးကွက်အနေဖြင့် ဒီဇင်ဘာ စတုတ္ထပတ်တွင် ကုလားပဲ(V2) တစ်တင်းလျှင် ကျပ် ၉၈၀၀၀၊ ကုလားပဲ(HL) တစ်တင်းလျှင် ကျပ် ၁၀၁၀၀၀၊ ကုလားပဲ(V6) တစ်တင်းလျှင် ကျပ် ၉၂၅၀၀၊ ကုလားပဲ(929) တစ်တင်းလျှင် ကျပ် ၉၅၀၀၀၊ ကုလားပဲဈေးကွက် အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေကြောင်း၊ ပခုက္ကူဈေးကွက်သို့ ဝင်ရောက်သည့် ကုလားပဲများကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြုပြင်ထုတ်လုပ်လျက်ရှိသော မြို့ပေါ်ရှိ ပဲခွဲစက်လုပ်ငန်းရှင်များ၊ ပဲကြော်/ပဲမှုန့် (အစိမ်း/အကျက်) ထုတ်လုပ်သော လုပ်ငန်းရှင်များမှ ဝယ်ယူမှုများကြောင်း၊ ယခုအချိန် ပခုက္ကူပဲဈေးကွက်တွင် ပဲလက်ကျန်နည်းကြောင်း၊ လာမည့် ဖေဖော်ဝါရီလဆန်းပိုင်းတွင် ကုလားပဲသီးနှံများ လှိုင်လှိုင်ရိတ်သိမ်းမည်ဖြစ်၍ ဈေးကွက်သို့ ကုလားပဲအသစ်များ ဝင်ရောက်မည်ဖြစ်ကြောင်း၊ ကုလားပဲသီးနှံသည် ကျန်းမာရေးနှင့် ညီညွတ်ခြင်းကြောင့် ပြည်တွင်းစားသုံးမှုများ၍ အရောင်းအဝယ်သွက်ကြောင်း သိရသည်။

**စားတော်ပဲ**

ပခုက္ကူမြို့ရှိစားတော်ပဲဈေးနှုန်း မြင့်တက်လျက်ရှိရာ စက်တင်ဘာလတွင် ကျွန်းစားတော်ပဲ တစ်တင်းလျှင် ကျပ် ၉၅၀၀၀ ဖြင့် အောက်တိုဘာလတွင် ကျပ် ၁၄၅၀၀၀၊ နိုဝင်ဘာလတွင် စားတော်ပဲတစ်တင်းလျှင် ကျပ် ၁၄၆၀၀၀၊ ဒီဇင်ဘာလ စတုတ္ထပတ်တွင် စားတော်ပဲတစ်တင်းလျှင်



ကျပ် ၁၇၀၀၀၀ ဈေးဖြင့် ဈေးနှုန်း တစ်ရိပ်ရိပ်မြင့်တက်လာခဲ့သည်။ ပွဲရုံဈေးကွက်တွင် သီးနှံ(အသစ်) ဝင်ရောက်ခြင်းမရှိသေး၍ ယခုအချိန်တွင် စားတော်ပဲသီးနှံ (အဟောင်း)မှာ လက်ကျန်နည်းနေပြီဖြစ်ကြောင်း၊ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် တစ်ပတ်အတွင်း ပိဿာ ၃၀ ဝင် အိတ် ၁၅ မှ ၂၀ အထိ အရောင်းအဝယ်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးမှုအနေဖြင့် စားတော်သီးနှံကို နေ့စဉ်စားသုံးခြင်းဖြစ်၍ တစ်နှစ်ပတ်လုံး စားသုံးသည့် သီးနှံတစ်မျိုးဖြစ်ခြင်းကြောင့် အရောင်းအဝယ် သွက်လျက်ရှိကြောင်း၊ ဆောင်းအကုန်နွေအကူး မတ်လဆန်းပိုင်းတွင် ကိုင်းကျွန်းမြေစိုက် စားတော်ပဲနှင့် ယောနယ်ဒေသထွက် စားတော်ပဲ(အသစ်)များ ဈေးကွက်သို့ စတင်ဝင်ရောက်လာမည်ဖြစ်ကြောင်း သိရသည်။

**ပဲတီစိမ်း(ခေါ်) ပဲနောက်**

ပခုက္ကူဈေးကွက်သို့ ဩဂုတ်လမှစ၍ ပဲနောက်သီးနှံအသစ်များ ဈေးကွက်သို့ စတင်ဝင်ရောက် အရောင်းအဝယ်ဖြစ်ခဲ့ပြီး လှိုင်လှိုင်ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပဲတီစိမ်း(ခေါ်)ပဲနောက် သီးနှံသည် တစ်နှစ်လျှင် မိုး၊ ဆောင်း နှစ်ရာသီ စိုက်ပျိုးကြသည်။ ပခုက္ကူမြို့နယ်နှင့် မြိုင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ထွက်ရှိသော ပဲနောက်သီးနှံများ အများဆုံး ဝင်ရောက် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဈေးနှုန်းဈေးကွက်အနေဖြင့် သီးနှံပေါ်စအချိန် ဩဂုတ်လတွင် ပဲနောက်သီးနှံ တစ်တင်းလျှင်ကျပ် ၇၂၅၀၀-၇၃၅၀၀၊ စက်တင်ဘာလနှင့်အောက်တိုဘာလတွင် ဈေးအတက်အကျမရှိ ဈေးငြိမ်ပြီး နိုဝင်ဘာလမှစ၍ ဈေးမြင့်တက်လာခဲ့သည်။ ပဲနောက်သီးနှံ တစ်တင်းလျှင် ငွေကျပ် ၁၀၄၀၀၀-၁၀၅၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်၍ သီးနှံပေါ်စနှင့် ယခုအချိန် ဈေးနှုန်းနှိုင်းယှဉ်ပါက တစ်တင်းလျှင် ငွေကျပ် ၃၂၅၀၀ ခန့် ဈေးမြင့်တက်လာခဲ့သည်။ ဈေးကွက်အနေဖြင့် ဒေသတွင်း ဝယ်ယူစားသုံး မှုများအပြင် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့လျက်ရှိပြီးထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**မတ်ပဲ**

ရေစကြိုမြို့နယ်အတွင်း မိုးသီးနှံများဖြစ်သည့် ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ CP ပြောင်းဖူးစေ့နှင့် မတ်ပဲသီးနှံများကို အများအပြားစိုက်ပျိုးလျက်ရှိသည်။ ရေစကြိုမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းနေသည့် ချင်းတွင်းမြစ်၏ အရှေ့ဘက်နှင့် အနောက်ဘက်ရှိ ကျေးရွာများတွင် မြစ်ရေကျချိန် ဩဂုတ်လနှင့် စက်တင်ဘာလများမှာ စတင်စိုက်ပျိုးကြသည်။

ယခုနှစ်တွင် ရာသီဥတု အခြေအနေကောင်းသဖြင့် တစ်ဧကလျှင် အထွက်တင်း ၂၀ မှ ၂၅ တင်းခန့်ထွက်ရှိပြီး ဒီဇင်ဘာလတွင် စတင်ရိတ်သိမ်း၍ ဇန်နဝါရီလတွင် ဖြိုင်ဖြိုင်ထွက်မည်ဖြစ်သည်။ ဈေးနှုန်းအနေဖြင့် ရေစကြိုမြို့နယ်တွင် မတ်ပဲတစ်တင်းလျှင် လက်ရှိ ဈေးနှုန်းကျပ် တစ်သိန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မတ်ပဲစိုက် တောင်သူများအနေဖြင့် တစ်ဧကအကျိုးအမြတ် ကျပ် ၁၃ သိန်းခန့်ရရှိကြောင်း ယခုနှစ် မတ်ပဲစိုက်တောင်သူများမှာ အကျိုးအမြတ်များရရှိပြီး တွက်ခြေကိုက်သည့်အတွက် မိုးမတ်ပဲသီးနှံများ ရိတ်သိမ်းပြီးလျှင် နွေမတ်ပဲသီးနှံများကို ဖေဖော်ဝါရီလတွင် ပြန်လည်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မတ်ပဲစိုက် တောင် သူတစ်ဦးထံမှ သိရသည်။

**ထောပတ်ပဲ**

ဂန့်ဂေါမြို့နယ်အတွင်းရှိကျေးရွာများတွင် ထောပတ်ပဲ စိုက်ပျိုးဧက ၂၅၀၀ ကျော်ရှိပြီး ယခုအချိန်တွင် ထောပတ်ပဲများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်းသိရသည်။

ထောပတ်ပဲဈေးနှုန်းဈေးကွက်အနေဖြင့် ပခုက္ကူမြို့ပေါ်၌ ဖြစ်ပေါ်နေသော ထောပတ်ပဲဈေးမှာ တစ်တင်းလျှင် ကျပ် ၈၅၀၀၀ မှ ၁၀၀၀၀၀ ဖြစ်ပြီး ထောပတ်ပဲအဟောင်းများကိုသာ မြန်မာပြည် အောက်ပိုင်းသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**လှိုင်ဥမ္မာဦး ၊ မြင့်မြင့်သန်း၊ မြတ်မင်း**

# ပြည်ပဲဈေးကွက်အတွင်း နှစ်အလိုက် ကာလတူ ပဲဈေးနှုန်း နှိုင်းယှဉ်ချက်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ပြည်ပအဝယ်ရှိသော ပဲများနှင့် ပြည်တွင်း စားသုံးမှုများပြီး ဒေသတွင်း ဝယ်လိုအားများသော ပဲများ လက်လီ/လက်ကား အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံသီးနှံများမှာ ပြည်ပဝယ်လိုအားရှိသည့်အတွက် လက်ကားရောင်းဝယ်မှုအဖြစ်များခဲ့ကာ စားတော်ပဲ၊ ပဲနီပြား စသည့် သီးနှံများကတော့ ပြည်ဈေးကွက်အတွင်း ပြည်တွင်းစားသုံးမှုများသည့်အတွက် လက်လီသမားအပြင် လက်ကားဝယ်ယူမှုလည်း ရှိကြသည်။

အဆိုပါပဲများ၏ နှစ်အလိုက် ဒီဇင်ဘာလအတွင်း ကာလတူအချိန် ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများကို လေ့လာရာတွင် အောက်ပါအတိုင်း တွေ့ရှိ ရပါသည် -

တင်းဈေး/ကျပ်

| စဉ် | ပဲအမျိုးအစား | ၂၀၂၁ ခုနှစ် | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် |
|---|---|---|---|---|---|
| ၁။ | မတ်ပဲ | ၄၀၅၀၀ | ၅၈၀၀၀ | ၉၅၅၀၀ | ၁၁၀၀၀၀ |
| ၂။ | ပဲတီစိမ်း | ၄၀၀၀၀ | ၅၀၀၀၀ | ၆၄၀၀၀ | ၉၈၀၀၀ |
| ၃။ | ပဲစင်းငုံ | ၂၅၀၀၀ | ၅၇၀၀၀ | ၉၃၀၀၀ | ၁၁၀၀၀၀ |
| ၄။ | ပဲနီပြား | ၆၀၀၀၀ | ၅၃၀၀၀ | ၁၄၀၀၀၀ | ၁၈၀၀၀၀ |
| ၅။ | စားတော်ပဲ | ၈၀၀၀၀ | ၁၂၅၀၀၀ | ၁၂၀၀၀၀ | ၁၆၀၀၀၀ |

၂၀၂၃ ခုနှစ်မှစ၍ မတ်ပဲသီးနှံ ဈေးမြင့်တက်လာမှုကြောင့် ပဲတစ်တင်း ကျပ် ၉၅၅၀၀ ရရှိလာသည့်အတွက် ပြည်ပဝယ်လက် ပဲများတွင် ဈေးကောင်းဝင်နေခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် ပဲသစ်ပေါ်ချိန်မှစ၍ ဈေးမြင့်တက်လာခဲ့သည့်အတွက် ဧပြီလနောက်ပိုင်းတွင် ပဲတစ်တင်း ကျပ်တစ်သိန်းကျော်ထိ အရောင်းအဝယ်ဖြစ်ခဲ့ကြပြီး ဒီဇင်ဘာလကုန်တွင် တစ်တင်း ကျပ် ၁၁၀၀၀၀ အထိ ဈေးကောင်းရရှိခဲ့သည်။

ပဲစင်းငုံဈေးမှာ ၂၀၂၁ ခုနှစ်တွင် မတ်ပဲသီးနှံဈေးထက် ဈေးလျော့နေခဲ့ပြီး ၂၀၂၃ ခုနှစ်မှစ၍ ပဲစင်းငုံဈေး တစ်နှစ်ထက်တစ်နှစ် ဈေးမြင့်တက်လာခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် သိသိသာသာ ဈေးကွက်အတွင်း မြင့်တက်ခဲ့သည့်အတွက် တစ်တင်း ကျပ်တစ်သိန်းအထက် ရရှိနေခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်မှစ၍ ဈေးကွက်တွင် ဈေးမြင့်တက်ခဲ့သည့် ပဲနီပြားမှာ ၂၀၂၄ ခုနှစ်တွင် ဈေးဆက်လက်မြင့်တက်ခဲ့ခြင်းကြောင့် နှစ်ကုန်ပိုင်းတွင် တစ်တင်းလျှင် ကျပ် ၁၈၀၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိသည်။ ပဲဈေးကွက်အတွင်း ဈေးအမြင့်ဆုံးဖြင့် စံချိန်တင်ရရှိခဲ့သည့် ပဲသီးနှံဖြစ်သည်။

စားတော်ပဲသီးနှံသည် နှစ်စဉ်ဈေးကောင်းရလျက်ရှိပြီး ပဲနီပြား သီးနှံဈေးထက် အနည်းငယ် လျော့နည်း ရောင်းဝယ်မှုရှိကြကြောင်း သိရသည်။

**ခင်ဆွေဝင်း(ပြည်)**

# ပြည်တွင်းတွင် ထုတ်လုပ်သော ကုန်ပစ္စည်းအချို့ကို နိုင်ငံခြားကုမ္ပဏီများအား တင်ပို့ခွင့်ပြု

ပြည်တွင်းတွင် ထုတ်လုပ်သော ကုန်ပစ္စည်းအချို့ကို နိုင်ငံခြား ကုမ္ပဏီများအား တင်ပို့ခွင့်ပြုကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်းအရည်အသွေးမြင့်ထုတ်ကုန်များကို ပြည်ပဈေးကွက်သို့ ချဲ့ထွင်တင်ပို့ခြင်းဖြင့် ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ရန်၊ ပြည်ပဈေးကွက် ပိုမိုရရှိရန်နှင့် ထုတ်လုပ်သူများ၏ ရောင်းဈေးပိုမိုရရှိစေရန် အလို့ငှာ ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အမိန့်ကြော်ငြာစာကိုထုတ်ပြန်လိုက်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံခြားကုမ္ပဏီများအား အောက်ပါကုန်ပစ္စည်းအုပ်စုများကို ကိုယ်တိုင်ထုတ်လုပ်၍ဖြစ်စေ၊ ထုတ်လုပ်သူများထံမှ တစ်ဆင့်ဝယ်ယူ၍ဖြစ်စေ ပြည်ပသို့ တင်ပို့ခွင့်ပြုကြောင်း သိရပြီး တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်ထားသည့် အသား၊ ငါးနှင့် ရေထွက်ကုန်များ၊ တစ်ဆင့်မြင့် ပြုပြင်ထုတ်လုပ်ထားသည့် ကောက်ပဲသီးနှံများ၊ ပျော့ဖတ်နှင့် စက္ကူအမျိုးမျိုး၊ မျိုးစေ့၊ သန့်စင်ထားသည့် သတ္တုရိုင်းများ၊ သစ်သီးဝလံ၊ ပန်းမန်ကုန်ကြမ်းတို့မှ အဆင့်မြင့်ထုတ်လုပ်ထားသော တစ်ဝက်တစ်ပျက် ကုန်ချော သို့မဟုတ် ကုန်ချောပစ္စည်းများ၊ သစ်အခြေခံ ပရိဘောဂပစ္စည်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု အထောက်အကူပြုကုန်စည်များ ပါဝင်လျက်ရှိသည်။

နိုင်ငံခြားကုမ္ပဏီများသည် ဖော်ပြပါ ကုန်ပစ္စည်းအုပ်စုရှစ်မျိုးကို ပြည်ပသို့တင်ပို့ရာတွင် တစ်ဆင့်မြင့် ပြုပြင်ထုတ်လုပ်ထားသည့် အသား၊ ငါးနှင့် ရေထွက်ကုန်များနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့၏ထောက်ခံချက်ဖြင့် ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်လိုင်စင် ခွင့်ပြုချက် ရယူရမည်ဖြစ်ကြောင်း၊ တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်ထားသည့် ကောက်ပဲသီးနှံများနှင့်စပ်လျဉ်း၍ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့ တင်ပို့ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်အပါအဝင် သက်ဆိုင်ရာဌာနများ၏သတ်မှတ်ချက်များနှင့်အညီ ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်လိုင်စင် ခွင့်ပြုချက်ရယူရမည်ဖြစ်ကြောင်း၊ ဆန်နှင့် ဆန်ကွဲ တင်ပို့ခြင်း လုပ်ငန်း ဆောင်ရွက်မည်ဆိုပါက အောက်ပါ အထောက်အထားများ ပြည့်စုံစွာတင်ပြရမည့်အပြင် ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်လိုင်စင် ခွင့်ပြုချက်ရယူရမည်ဖြစ်ကြောင်း၊ ပြည်ပမှ ပြည်တွင်း ဘဏ်တစ်ခုခုသို့ ကနဦး ရင်းနှီးမြှုပ်နှံမှု ထည့်ဝင်ငွေ အနည်းဆုံး ဒေါ်လာသုံးသန်း လွှဲပြောင်းပြီးကြောင်း အထောက်အထား၊ လုံလောက်သော သိုလှောင်ရုံရှိကြောင်း အထောက်အထား၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ အသင်းဝင်ဖြစ်ကြောင်း အထောက်အထား ပါရှိရမည်ဟုလည်းကောင်း၊ ပျော့ဖတ်နှင့် စက္ကူအမျိုးမျိုးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများ၏ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီး ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်လိုင်စင်ခွင့်ပြုချက် ရယူရမည်ဟုလည်းကောင်း၊ မျိုးစေ့နှင့် စပ်လျဉ်း၍ မျိုးစေ့ဥပဒေ၊ စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီး ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်လိုင်စင်ခွင့်ပြုချက် ရယူရမည်ဟုလည်းကောင်း၊ သန့်စင်ထားသည့် သတ္တုရိုင်းများနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်း ဥပဒေအရ သက်ဆိုင်ရာဝန်ကြီးဌာန၏ ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်း ခွင့်ပြုမိန့်နှင့်သတ္တုတွင်းဦးစီးဌာန၏ ထောက်ခံချက်တို့ဖြင့် ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်လိုင်စင်ခွင့်ပြုချက်ရယူရမည်ဟုလည်းကောင်း၊ သစ်သီးဝလံ၊ ပန်းမန်ကုန်ကြမ်းတို့မှ အဆင့်မြင့် ထုတ်လုပ်ထားသော တစ်ဝက်တစ်ပျက် ကုန်ချော သို့မဟုတ် ကုန်ချောပစ္စည်းများနှင့် စပ်လျဉ်း၍ အမျိုးသားအစားအသောက်ဥပဒေနှင့် သက်ဆိုင်ရာဌာနများ၏ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီး ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်လိုင်စင်ခွင့်ပြုချက်ရယူရမည်ဟုလည်းကောင်း၊ သစ်အခြေခံ ပရိဘောဂပစ္စည်းများနှင့်စပ်လျဉ်း၍ မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနတို့၏ ထောက်ခံချက်များဖြင့် ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်လိုင်စင် ခွင့်ပြုချက် ရယူရမည်ဟုလည်းကောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု အထောက်အကူပြု ကုန်စည်များနှင့်စပ်လျဉ်း၍ စပါးခွံနှင့် လွှစာမှုန့် စသည့် ဘေးထွက်ပစ္စည်းများဖြင့် ပြုလုပ်ထားသည့် လောင်စာတောင့်များကဲ့သို့သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အထောက်အကူပြု ကုန်စည်များတင်ပို့လျှင် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီး ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်လိုင်စင် ခွင့်ပြုချက် ရယူရမည်ဟုလည်းကောင်း ဖော်ပြပါရှိသည်။

အဆိုပါ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် ဇွန် ၆ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄/ ၂၀၁၉ နှင့် ၂၀၁၃ ခုနှစ် ဇူလိုင် ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၂၃ တို့ကိုဤ အမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ကြောင်း သိရသည်။

**ကိုတိုး**

# ၂၀၂၅ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့် ခုနှစ် သတ်မှတ်ချက်များ ထုတ်ပြန်

၂၀၂၅ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းတွင် ထုတ်လုပ်သည့် ခုနှစ်အား သတ်မှတ်သည့် အမိန့်ကြော်ငြာစာအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အမိန့်ကြော်ငြာစာကို ဒီဇင်ဘာ ၂၃ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

၂၀၂၅ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းတွင် ထုတ်လုပ်သည့် ခုနှစ်အား သတ်မှတ်ရာတွင် လူစီးမော်တော်ယာဉ်များ ၂၀၂၄ ခုနှစ်မှ ၂၀၂၅ခုနှစ်အထိ၊ လုပ်ငန်းသုံးယာဉ်များ (ကုန်တင်ယာဉ်/ခရီးသည်တင်ယာဉ်) ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ၊ မီးသတ်ယာဉ်/လူနာတင်ယာဉ် ၂၀၁၆ခုနှစ်မှ ၂၀၂၅ခုနှစ်အထိ၊ ယန္တရားများ ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိဖြစ်ကြောင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ဖော်ပြပါယာဉ်များ တင်သွင်းရာတွင် လက်ဝဲစတီယာရင် ယာဉ်များသာ တင်သွင်းခွင့်ပြုမည်ဖြစ်သည်။

အများပြည်သူသုံး လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း မရှိသည့် ပူးတွဲပါ လုပ်ငန်းသုံး ယန္တရားများအား လွန်ခဲ့သော ၁၅ နှစ်အတွင်း ထုတ်လုပ်သည့်ယာဉ် (၂၀၁၁ ခုနှစ်နှင့်အထက် ထုတ်လုပ်သောယာဉ်) များအဖြစ် တင်သွင်းခွင့်ပြုမည်ဖြစ်သည်။

ယင်းအမိန့်ကြော်ငြာစာ ထုတ်ပြန်ချက်သည် လုပ်ထုံးလုပ်နည်းအရ ပြက္ခဒိန်နှစ်အလိုက် နှစ်စဉ်တင်သွင်းခွင့်ပြုသည့် မော်တော်ယာဉ်ထုတ်လုပ်ခုနှစ် သတ်မှတ်ချက်အား ပုံမှန်ထုတ်ပြန်ခြင်းသာဖြစ်ပြီး မော်တော်ယာဉ်တင်သွင်းမှုနှင့်စပ်လျဉ်း၍ လက်ရှိ ချမှတ်ဆောင်ရွက်နေသည့် မူဝါဒများ ပြောင်းလဲခြင်းမရှိဘဲ ဆက်လက်ကျင့်သုံးလျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

**ကိုတိုး**

## မြန်မာ့ဆိပ်ကမ်းတွင် ၃ .၁ . ၂၀၂၅ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၂) | SOL PIONEER | ကုန်သေတ္တာ ၂၂၀တင်ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၃) | SITC CHUNMING | ကုန်သေတ္တာ ၂၆၁တင် ၃၁၉ချဆဲ |
| | BLPL FAITH | ကုန်သေတ္တာ ၃၃၇ တင် ၄၇၆ချရန်(စောင့်ဆိုင်းနေဆဲ) |
| | ISEACO FORTUNE | ကုန်သေတ္တာ ၃၀၀ တင် ၄၆၄ချဆဲ |
| | HONG JIA-21 | ကုန်သေတ္တာ ၇၀တင် ၂၆ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | ISEACO WISDOM | ကုန်သေတ္တာ ၅၆၂ တင် ၃၉၉ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | CAPE FELTON | ကုန်သေတ္တာ ၈၅၁ တင် ၈၇၃ချဆဲ(ပူးတွဲလုပ်ဆောင်) |
| အလုံဆိပ်ကမ်း အမှတ်(၁) | GOLDEN STAR | ဆန်တန်ချိန် ၂၂၀၀၀ တန်တင်ဆဲ |
| အလုံဆိပ်ကမ်း အမှတ်(၃) | DRAKE WELL | ပြောင်းတန်ချိန် ၂၃၆၄၃ တန်တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၁) | BEYPORE SULTAN | ကုန်သေတ္တာ ၄၁ချဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | MCC SHENZHEN | ကုန်သေတ္တာ ၄၄၈တင် ၈၈၁ချရန်(စောင့်ဆိုင်းနေဆဲ) |
| | XO LUCKY | ကုန်သေတ္တာ ၃၇၉ တင် ၂၄၇ ချဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၄) | SS-1 | အလုပ်မလုပ် |
| ဆူးလေဆိပ်ကမ်းအမှတ်(၇) | HAN THAR | အလုပ်မလုပ် |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၂) | MV.MCL-4 | ကုန်သေတ္တာ၄တင် ၉၄ချဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၁) | MCC SHENZHEN | ကုန်သေတ္တာ ၄၄၈ တင် ၄၇၁ ချရန် |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၅) | DL OLIVE | Steel &Equipment ၁၁၉၅၅ တန်ချဆဲ |
| Myanmar Kong Hua ဆိပ်ကမ်း | SEIYO GODDESS | Iron Slag ၁၁၀၀၀တန်ချဆဲ (ပူးတွဲလုပ်ဆောင်) |
| မြန်မာကြယ်ငါးပွင့်ဆိပ်ကမ်း | CITRA | G/C ၂၂၀၀ တန်ချဆဲ(ပူးတွဲလုပ်ဆောင်) |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| DRAKE WELL | ပြောင်းဝါတန် ၂၃၆၄၃ တင်ရန် | THAILAND | ၃.၁.၂၀၂၅ |
| SEIYO GODDES | Iron Slag တန်ချိန် ၁၁၀၀၀ ချရန် | JAPAN | ၄.၁.၂၀၂၅ |
| CITRA | G/C တန် ၂၂၀၀ ချရန် | ရန်နောင်းကော့သောင်း | ၄.၁.၂၀၂၅ |
| HT UNITYET | ပြောင်းဝါတန်ချိန် ၁၁၀၀၀တင်ရန် | INDIA | ၇.၁.၂၀၂၅ |
| TAY SON -3 | ပြောင်းဝါတန်ချိန် ၁၀၀၀၀တင်ရန် | THAILAND | ၁၅.၁.၂၀၂၅ |
| HEL TIGER | SteelProduct တန်ချိန် ၂၈၃၇၁ ချရန် | CHINA | ၂၀.၁.၂၀၂၅ |
| RESOLUTE BAY | ဆန်တန်၃၂၀၀၀တင်ရန် | LIVERPOOL/VALENCA | ၁၃.၁.၂၀၂၅ |
| BBC MARS | ဂျုံတန်၁၁၈၃၀ ချရန် | AUSTRALIA | ၁၄.၁.၂၀၂၅ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| BLPL FAITH | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၁.၂၀၂၅ |
| HONG JIA 21 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၁.၂၀၂၅ |
| CAPE FELTON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၁.၂၀၂၅ |
| BANGKOK | SINGAPORE | စက်မှုဆိပ်ကမ်း | ၇.၁.၂၀၂၅ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၁.၂၀၂၅ |
| SITC RUIDE | SINGAPORE | သီလဝါဆိပ်ကမ်း | ၈.၁.၂၀၂၅ |
| AS SIMONE | SINGAPORE | သီလဝါ/ စက်မှုဆိပ်ကမ်း | ၈.၁.၂၀၂၅ |
| MARESK YOKOHAMA | SINGAPORE | သီလဝါဆိပ်ကမ်း | ၈.၁.၂၀၂၅ |
| ST MARY | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၁.၂၀၂၅ |
| MSC SUPARNA F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၁.၂၀၂၅ |
| SITC CHUNMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၁.၂၀၂၅ |
| SINAR BUKKITTNGGI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၁.၂၀၂၅ |
| SITC JUNDE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၁.၂၀၂၅ |
| SITC ZHI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၁.၂၀၂၅ |
| METHI BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၁.၂၀၂၅ |
| BLPL BLESSING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၁.၂၀၂၅ |
| UNI-ACTIVE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၃.၁.၂၀၂၅ |

## ၁-၁၂-၂၀၂၄ မှ ၃၁-၁၂-၂၀၂၄ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 1378 | 16 | - | 1 | - | 1395 |
| | Form AANZ | 33 | - | - | - | - | 33 |
| | Form AHK | 3 | - | - | - | - | 3 |
| | Form AI | 474 | 3 | - | - | - | 477 |
| | Form AJ | 91 | 1 | - | - | - | 92 |
| | Form AK | 506 | 3 | - | - | - | 509 |
| | Form CHINA | 56 | - | - | - | - | 56 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 67 | 2 | - | - | - | 69 |
| | Form E | 1534 | 18 | - | 10 | - | 1562 |
| | Form Korea | 53 | - | - | 7 | - | 60 |
| | E Form D | 784 | - | - | 1 | - | 785 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 4979 | 43 | - | 19 | - | 5041 |

# ပြည်ခရိုင် ဆီထွက်သီးနှံများ၏ ဈေးနှုန်းဈေးကွက်

ပြည်ခရိုင်တွင် ဆီထွက်သီးနှံများဖြစ်သော နှမ်းနှင့်မြေပဲများကို စိုက်ပျိုးထားရှိပြီး အထွက်နှုန်းအနေဖြင့်လည်း လျာထားချက်အောက် မလျော့သော အထွက်နှုန်းများ ထွက်ရှိကြောင်းသိရသည်။ ဈေးနှုန်းများအနေဖြင့်လည်း နှစ်အလိုက် မြင့်တက်လာခဲ့သည်။ ပြည်မြို့ ဈေးကွက်များနှင့် ပွဲရုံများတွင်ဖြစ်ပေါ်ခဲ့သော ဆီထွက်သီးနှံများ၏ နှစ်အလိုက်ဖြစ်ပေါ်သော ဒီဇင်ဘာလ နောက်ဆုံးပတ်၏ ကာလတူ ဈေးနှုန်းနှိုင်းယှဉ်ချက်များအား အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်-

တစ်တင်း/ကျပ်

| အမျိုးအမည် | ၂၀၂၁ ခုနှစ် | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် |
|---|---|---|---|---|
| နှမ်းနီ | ၃၆၀၀၀ | ၈၆၀၀၀ | ၁၀၁၀၀၀ | ၁၂၀၀၀၀ |
| နှမ်းနက် | ၅၆၀၀၀ | ၉၃၀၀၀ | ၉၅၀၀၀ | ၁၆၇၀၀၀ |
| စမုန်နက်နှမ်း | ၆၀၀၀ | ၁၀၆၀၀၀ | ၁၀၆၀၀၀ | ၂၀၀၀၀၀ |
| မြေပဲလုံးဆန်(ဖြူ) | ၂၅၀၀ | ၃၀၀၀ | ၅၅၀၀ | ၈၄၅၀ |
| မြေပဲလုံးဆန်(နီ) | ၂၂၀၀ | ၂၉၀၀ | ၅၃၀၀ | ၈၄၀၀ |
| မြေပဲဆီဆန်(ဖြူ) | ၂၃၀၀ | ၂၈၀၀ | ၆၇၀၀ | ၈၀၀၀ |
| မြေပဲဆီဆန်(နီ) | ၂၀၀၀ | ၂၆၀၀ | ၆၅၀၀ | ၇၈၀၀ |

ပြည်ခရိုင်အနေဖြင့် ဆီထွက်သီးနှံများဖြစ်သော နှမ်းနှင့်မြေပဲမှာ ရာသီအလိုက် ထွက်ပေါ်လာသော သီးနှံဖြစ်၍ မိမိတို့ခရိုင်အတွင်းသို့ အခြားတိုင်းဒေသကြီးများဖြစ်သော မကွေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဝင်ရောက်မှုရှိသကဲ့သို့ မိမိတို့ခရိုင်အတွင်းရှိ ပေါက်ခေါင်း၊ ရွှေတောင်နှင့် ပြည်မြို့အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ စိုက်ပျိုးပြီး ပြည်ဈေးကွက်သို့ လာရောက်ရောင်းချခြင်းများလည်း ရှိကြသည်။ နှမ်းသီးနှံ ပေါ်စအချိန်တွင် တစ်ရက်လျှင် အိတ် ၁၀၀၀ ကျော် ဝင်ရောက်မှုရှိသကဲ့သို့ မြေပဲသီးနှံမှာလည်း ပေါ်ခါစတွင် အိတ် ၁၅၀၀ ခန့် ဝင်ရောက်မှုရှိပြီး ပြည်ဈေးကွက်တွင် ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကုန်စည်စီးဆင်းမှုအနေဖြင့် မြေပဲဆန်ကို ပြည်မြို့အနီးတစ်ဝိုက် ကျေးရွာများနှင့် ပန်းတောင်းဘက်မှ ဝင်ရောက်မှုရှိပြီး တစ်ရက်လျှင် အိတ် ၃၀၀-၄၀၀ ခန့်အဝင်ရှိသည်။ ရန်ကုန်ဝယ်လက်နှင့် ဆီစက်လုပ်ငန်းရှင်များ အဝယ်ရှိသည်။ နှမ်းနီမှာ ပစ္စည်းလက်ကျန်နည်း၍ အရောင်းအဝယ်မဖြစ်ဘဲ ကျန်နှမ်းနက်နှင့် စမုန်နက်နှမ်းသာ တစ်ခါတစ်ရံ အိတ် ၁၀၀-၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**ဝေဝေမင်း(ပြည်)**

# အစေ့ထုတ်ပြောင်းသီးနှံ စိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်



မန္တလေးတိုင်းဒေသကြီးအတွင်း အစေ့ထုတ်ပြောင်းကို မတ္တရာမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ ငါန်းဇွန်မြို့နယ်၊ သပိတ်ကျင်းခရိုင်နှင့် မြင်းခြံခရိုင်တို့တွင် စိုက်ပျိုးပြီး မြင်းခြံမြို့နယ်တွင် အများဆုံး စိုက်ပျိုးကြသည်။ ယခင်နှစ် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် အစေ့ထုတ်ပြောင်း (မိုး+ဆောင်း)စိုက်ပျိုးမှုအနေဖြင့် ဧက ၃၉၁၄၀ စိုက်ပျိုးခဲ့ပြီး တစ်ဧက အထွက်နှုန်း ၅၈ ဒသမ ၃၇ တင်းထွက်ရှိခဲ့ကြောင်း သိရှိရသည်။

ယခုနှစ် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် အစေ့ထုတ်ပြောင်း (မိုး+ဆောင်း)စိုက်ပျိုးရန် ၃၆၆၂၂ ဧကအပေါ် အစေ့ထုတ်ပြောင်း(မိုး) ၁၈၀၈၆ ဧကစိုက်ပျိုးခဲ့ရာ ၁၃၃၃၁ ဧက ရိတ်သိမ်းပြီးဖြစ်၍ တစ်ဧကအထွက်နှုန်း ၄၉ ဒသမ ၅၅ တင်း ထွက်ရှိခဲ့ကြောင်း၊ အစေ့ထုတ်ပြောင်း(ဆောင်း) ၁၈၅၃၆ ဧကမှာ စိုက်ပျိုးဆဲဖြစ်ကြောင်း သိရှိရသည်။ မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၄-၂၀၂၅ ခုနှစ် အစေ့ထုတ်ပြောင်းစိုက်ပျိုးမှုမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၂၅၁၈ ဧက လျော့နည်းစိုက်ပျိုးခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မန္တလေးကုန်စည်ဒိုင်တွင် ဖြစ်ပေါ်လျက်ရှိသော ပြောင်းဈေးနှုန်းများအနေဖြင့် ဒီဇင်ဘာ နောက်ဆုံးပတ်တွင် ပြောင်းဖူး(ရှမ်း) တစ်ပိဿာလျှင် ၁၅၉၃-၁၆၁၁ ကျပ်၊ ပြောင်းဖူး(CP) တစ်ပိဿာလျှင် ၁၅၇၄-၁၆၁၁ ကျပ်၊ ပြောင်းဖူး (ဗမာ)တစ်ပိဿာလျှင် ၁၅၅၆-၁၅၇၄ ကျပ်ခန့် ဖြစ်ပေါ်ခဲ့သဖြင့် ပြောင်းဈေးအနည်းငယ် ကျဆင်းခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးသို့ ပြင်ဦးလွင်မြို့နယ်မှ အစေ့ထုတ်ပြောင်းများ ဝင်ရောက်လျက်ရှိရာ ဒီဇင်ဘာလ ပထမပတ်နှင့် ဒုတိယပတ်အတွင်း တန် ၂၅၀ ခန့် ဝင်ရောက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ပြောင်းလုပ်ငန်းရှင်များအနေဖြင့် ဖေဖော်ဝါရီလမှ စတင် ၍ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စန်းမြမြဝင်း**

## ပြည်ပဆန်ဈေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၂၅-၁၂-၂၀၂၄ မှ ၃၁-၁၂-၂၀၂၄) ထိ ဆန်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 470 - 475 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 465 - 470 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 455 - 460 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 445 - 450 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 405 - 415 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 470 - 475 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 465 - 470 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 455 - 460 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 445 - 450 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 465 - 470 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 460 - 465 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 455 - 460 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 445 - 450 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 465 - 470 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 460 - 465 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 455 - 460 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 445 - 450 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 470 - 475 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 465 - 470 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 460 - 465 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 445 - 450 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 620 - 630 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 610 - 620 | |
| 24 | A-1 , 2 (Sortexed) | 380 - 395 | |
| 25 | B-1 , 2 (Sortexed) | 365 - 375 | |
| 26 | B-1,2 (Non-Sortexed) | 295 - 300 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# ပခုက္ကူနှင့် ရေစကြိုမြို့နယ်၏ ပြောင်းဈေးကွက်

ပခုက္ကူမြို့ ကုန်စိမ်းသီးနှံမျိုးစုံ ရောင်းဝယ်ရေးဈေးကွက်တွင် သကြားပြောင်းဖူးများလည်း နေ့စဉ်ဝင်ရောက်လျက်ရှိသည်။ စားသုံးမှု မြင့်မားသော သကြားပြောင်းဖူးကို နှစ်စဉ်ရာသီအလိုက် စိုက်ပျိုးကြသည်။ ပခုက္ကူမြို့နယ်အတွင်းရှိ ညောင်လှ၊ နန်းတော်ရပ်၊ သံပုရာပင်ကုန်း၊ ဘောလုံးခုံ ကျေးရွာများမှ အဝင်ရှိသကဲ့သို့ အခြားမြို့နယ်များဖြစ်သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ပန်းတောင်း၊ ပုပ္ပားနှင့် ညောင်ဦးမြို့နယ်အတွင်းရှိ အထက်ညဥ့်၊ အောက်ညဥ့် ကျေးရွာများမှ လည်းဝင်ရောက်သည်။ မိုးအကုန် ဆောင်းအကူးရာသီတွင် စိုက်ခင်းထွက် သကြားပြောင်းဖူးပေါ်ချိန်ဖြစ်ပြီး ဈေးအမြင့်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ဒီဇင်ဘာလ စတုတ္ထပတ်တွင် သကြားပြောင်းဖူး အကြီး၊ အသေးနှင့် အဆန် အောင်မြင်မှုအပြင် သီးနှံလတ်ဆတ်မှုပေါ် မူတည်၍ သကြားပြောင်းဖူး တစ်ဖူးလျှင် ငွေကျပ်၇၀၀-၃၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ယခင်နှစ် ယခုအချိန်တွင် သကြားပြောင်း တစ်ဖူးလျှင် ငွေကျပ် ၄၀၀-၂၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သဖြင့် ယခုနှစ်တွင် သကြားပြောင်းဖူး တစ်ဖူးလျှင် ကျပ် ၄၀၀ ခန့် ဈေးမြင့်တက်လာကြောင်းသိရသည်။

ယခုအချိန်တွင် သကြားပြောင်းဖူးဈေးကွက် ကောင်းမွန်ပြီး အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကုန်စိမ်းဈေးကွက်သို့ ရောက်ရှိသည့် သကြားပြောင်းဖူးများကို မြို့ပေါ်ရှိ စားသောက် ဆိုင်များ၊ တွန်းလှည်းဈေးသည်များ၊ အကြော်ဆိုင်များနှင့် စားသုံးသူများမှ ဝယ်ယူသုံးစွဲလျက်ရှိသောကြောင့် သကြားပြောင်းဖူးမှာ ဈေးကွက်သို့ ဝင်သလောက် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ရေစကြိုမြို့နယ်တွင် မိုးသီးနှံများဖြစ်သည့် ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ မတ်ပဲနှင့် အစေ့ထုတ်ပြောင်း CP သီးနှံများကို အများအပြား စိုက်ပျိုးလျက်ရှိသည်။ ရေစကြိုမြို့နယ်တွင် မိဖုရား၊ မဲကုန်း၊ ကိုင်း၊ နန်းဦး၊ ရေရှား၊ ကံဦးနှင့် ငတရော်ကျေးရွာများတွင် ယခင်နှစ်က ဧက ၅၀၀ ခန့် စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ဧက ၃၀၀ ခန့် စိုက်ပျိုးကြောင်း သိရသည်။

အများဆုံးစိုက်ပျိုးသည့် CP မျိုးများမှာ ၇၂၂၊ ၈၀၈နှင့် ၃၃၉ မျိုးစေ့များဖြစ်သည်။ ဩဂုတ်လနှင့် စက်တင်ဘာလများတွင် စတင်စိုက်ပျိုးကြပြီး တစ်ဧက စိုက်ပျိုးကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု ထွန်ယက်ခ၊ ရိတ်သိမ်းခြွေလှေ့ခ စုစုပေါင်း ကျပ် ၁၅ သိန်းခန့် ကုန်ကျ ကြောင်း သိရသည်။

အစေ့ထုတ်ပြောင်း CP တစ်ဧက ထွက်ရှိမှုအနေဖြင့် သွင်းအားစုသုံးစွဲမှုအပေါ် မူတည်၍ အထွက်တင်းများ ကွာခြားလျက်ရှိသည်။ တစ်ဧက အထွက်တင်း ၇၅ မှ ၁၀၀ ထွက်ရှိကြောင်း ဈေးနှုန်းအနေဖြင့် ရေစကြိုမြို့နယ်တွင် အစေ့ထုတ်ပြောင်း CP တစ်တင်းလျှင် ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ဈေးနှုန်းကျပ် ၂၇၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

အစေ့ထုတ်ပြောင်း CP စိုက် တောင်သူများအနေဖြင့် တစ်ဧကအကျိုးအမြတ် ကျပ် ၁၀ သိန်းခန့် ရရှိကြောင်း၊ ယခုနှစ်တွင် အစေ့ထုတ်ပြောင်း CP စိုက် တောင်သူများမှာ အကျိုးအမြတ်များရရှိပြီး အစေ့ထုတ်ပြောင်း CP စိုက်ပျိုးဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။

**ကြည်ကြည်စိုး၊ မြင့်မြင့်သန်း**

# မြန်မာ့လက်မှုအနုပညာများနှင့် ဆွဲဆောင်လျက်ရှိသော ပုဂံမြေ

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် ပြည့်နှက်လျက် ရှိသော ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံဒေသသည် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်အဖြစ် UNESCO စာရင်းဝင်ခဲ့ပြီး ပုဂံဒေသတွင် နှစ်ပေါင်း ၁၀၀၀ ကျော်ကြာ တည်ရှိခဲ့သည့် ရှေးဟောင်းစေတီပုထိုးများနှင့် ကျောက်စာများ၊ နံရံဆေးရေးပန်းချီများတည်ရှိရာ လက်မှုအနုပညာ ပစ္စည်းများ ထွန်းကားရာ မြန်မာတို့၏ အသည်းနှလုံးဖြစ်သည်။ လှည်းဝင်ရိုးသံတည်သည် ပုဂံဘုရားပေါင်းဟူသည့် စကားနှင့်အညီ ဘုရားစေတီပေါင်း လေးသိန်းကျော် တည်ရှိရာဒေသလည်းဖြစ်သည်။

ပုဂံဒေသသည် ပြည်တွင်း၊ ပြည်ပ ခရီးသွားများဖြင့် အမြဲစည်ကားလျက်ရှိသော ရှေးဟောင်းယဉ်ကျေးမှုနယ်မြေကြီးတစ်ခုဖြစ်သည်။ ပုဂံဒေသသို့ လာရောက်လည်ပတ်ကြသော ပြည်တွင်း၊ ပြည်ပ ခရီးသွားများသည် ပုဂံဒေသရှိ စေတီပုထိုးများကို ဖူးမြော်ခြင်း၊ ပုဂံတွင် ထီးနန်းစိုးစံခဲ့သည့် မင်းဧကရာဇ်တို့၏ သမိုင်းကြောင်းများကို လေ့လာခြင်း၊ ဂူပုထိုး ဘုရားများရှိ နံရံဆေးရေးပန်းချီကားများကို သုတေသနလေ့လာခြင်း၊ ဒေသထွက်ကုန်များ၊ အစားအသောက်များကို အမှတ်တရလက်ဆောင် ဝယ်ယူခြင်း၊ ပုဂံဒေသ အလှအပများကို ခံစားကြည့်ရှုကြသည့်အပြင် လက်မှုလုပ်ငန်းများဖြစ်သော ယွန်းထည်လုပ်ငန်း၊ ဝါးလက်မှုလုပ်ငန်း၊ ပန်းချီ၊ သဲပန်းချီလုပ်ငန်းနှင့် ပုဂံဒေသထွက် အဝတ်အထည်လုပ်ငန်းများကို လေ့လာလေ့ရှိကြသည်။

ပုဂံဒေသတွင် လက်မှုအနုပညာ ထွန်းကားရာဒေသဖြစ်သည့်အညီ ရိုးရာယွန်းထည်လုပ်ငန်းသည် အထင်ရှားဆုံးဖြစ်သည်။ ဝါးမှနီးဖြာ၍ အဆင့်ဆင့်ထုတ်လုပ်ရသော ယွန်းပစ္စည်းများဖြစ်သည့် ဆွမ်းအုပ်၊ လက်ဖက်အုပ်၊ ကွမ်းအစ်၊ ယွန်းချိုင့်၊ ယွန်းလင်ပန်း၊ ပန်းခြင်းများ၊ ပန်းအိုး၊ တစ်သျှူးဘောက်၊ ယွန်းသေတ္တာ၊ ဒေါင်းလန်း၊ ရေခွက် စသည့် လူသုံးကုန်ပစ္စည်း မြောက်မြားစွာ ထုတ်လုပ်ရောင်းချလျက်ရှိပြီး ဒီဇိုင်းမျိုးစုံ၊ ဆိုဒ်မျိုးစုံဖြင့် ယွန်းဆေးကာလာ ရွှေဆေးများဖြင့်လည်း ထုတ်လုပ်လျက်ရှိရာ ခရီးသွားဧည့်သည်များအား ဆွဲဆောင်လျက်ရှိသည်။ မြန်မာ့ရိုးရာ လက်မှုပညာ အစစ်အမှန်ဖြင့်ထုတ်လုပ်ခြင်းဖြစ်၍ အချိန်ပေးရပြီး အရေအတွက်များစွာ ထုတ်လုပ်နိုင်မှုမရှိသည်ကိုလည်း တွေ့ရသည်။

ထို့ပြင် ဝါးထည်ပစ္စည်းများဖြစ်သည့် တစ်သျှူးဘောက်မျိုးစုံ၊ ဝါးနံရံ ကပ်နာရီနှင့် စားပွဲတင် မီးအိမ်များ၊ သစ်သီးထည့်ခြင်းဆိုဒ်စုံ၊ ဝါးအယ်လ်ဘမ်၊ ဝါးဒေါင်းလန်း၊ ဝါးသေတ္တာ၊ ဝါးဘုရားပန်းအိုး၊ ဝါးပလိုင်း၊ ဝါးဆွမ်းအုပ် စသည်တို့ကိုလည်း လက်ဖြင့် တီထွင်ထုတ်လုပ် ရောင်းချလျက်ရှိသည်။

ပန်းချီကားများအနေဖြင့် ရေဆေးပန်းချီကားနှင့် သဲပန်းချီကားများ ရေးဆွဲရောင်းချလျက်ရှိရာ ပုဂံရှုခင်းပုံပန်းချီကား၊ ဘုရားစေတီပုံပန်းချီကားများ၊ ဇာတ်နိပါတ်တော် ပန်းချီကားများ၊ စေတီပုထိုးများအတွင်းရှိ ရေးဆွဲခဲ့သော ပန်းချီများကိုလည်း ပုံတူရေးဆွဲထားသည်မှာ လက်ရာမြောက်လှသည်။ ဒေသထွက်ကုန်များအနေဖြင့် သနပ်ခါး၊ ပုန်းရည်ကြီး၊ ထန်းလျက်တို့ကိုလည်း ရောင်းချကြသည်။

ဘုရားဆင်းတုတော်များလည်း ထုတ်လုပ်ရောင်းချလျက်ရှိရာ ပြည်တွင်းခရီးသွားများမှာလည်း ပုဂံဒေသထွက် ဆင်းတုတော်များကို ကိုးကွယ်ရန်ဝယ်ယူလျက်ရှိကြသည်။ ပုဂံဒေသသို့ရောက်ရှိလျှင် ပုဂံဒေသထွက်အဝတ်အထည်များ ဝတ်ဆင်၍ ပုဂံဘုရားများအား လှည့်လည်ဖူးမြော်ကြပြီး ပျော်ရွှင်ကြည်နူးစွာဖြင့် အမှတ်တရဓာတ်ပုံများ ရိုက်ကူးလေ့ရှိကြသည်။ ပုဂံဒေသ၏ ရှုခင်းများကို ရှုခင်းကြည့်တောင်ကုန်းများမှ တက်ရောက်ကြည့်ရှုကြသည့်အပြင် Bollom စီး၍ ပုဂံ၏ အလှတရားများကိုအပေါ်စီးမှ ကြည့်ရှုမြင်တွေ့ရသည်မှာလည်း ခရီးသွားများအတွက် ထူးခြားသည့် ခံစားမှုကို ရရှိစေသည်။

ရှေးဟောင်း အမွေအနှစ်များနှင့်အတူ လက်မှုအနုပညာ ပစ္စည်းများ၊ ဒေသထွက် စားသောက်ကုန်များနှင့် ပြည့်နှက်လျက်ရှိသော ပုဂံဒေသသည် ယခုကာလဆောင်းရာသီတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ များပြားစွာ လာရောက်လည်ပတ်လျက်ရှိပြီး လာမည့်ပွင့်လင်းရာသီတွင် ပိုမိုလာရောက်နိုင်ကြောင်း သိရသည်။

တင်မျိုးခိုင်

# မြိတ်ကုန်သွယ်ရေးစခန်း၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ကုန်သွယ်မှုအခြေအနေ

မြိတ်ကုန်သွယ်ရေးစခန်း၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ကုန်သွယ်မှု လျာထားချက်မှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ရှစ်သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ရှစ်သန်း၊ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ သန်းဖြစ်ပြီး အမှန်ဆောင်ရွက်မှုအနေဖြင့် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၉၆ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၀၅ သန်း၊ ကုန်သွယ်မှုပမာဏမှ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅၀၁ သန်း ဆောင်ရွက်ခဲ့၍ လျာထားချက်အပေါ် ၈၄ ဒသမ ၃၈ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

ယခင်နှစ်ကာလတူ လုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၄၁ သန်း၊ သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၃၉၇ သန်းလျော့နည်းခဲ့ကာ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၃၈ သန်း လျော့နည်းခဲ့သည်။

အနီးစပ်ဆုံးကာလ နိုဝင်ဘာလနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၅၆၀ သန်း ပိုမိုခဲ့သော်လည်း သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၀၆ သန်း လျော့နည်းခဲ့သဖြင့် ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၄၆ သန်း လျော့နည်းခဲ့သည်။

ကာလတူနှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် လျော့နည်းခြင်းမှာ လယ်ယာထွက်ကုန်ပစ္စည်းအုပ်စု ပိုမိုတင်ပို့နိုင်ခဲ့သော်လည်း ရေထွက်ကုန်ပစ္စည်းအုပ်စုတွင် ငါးမှန့်နှင့်ငါးကြိတ်သား တင်ပို့မှု လျော့နည်းခြင်း၊ ခဲသတ္တု တင်ပို့နိုင်မှုမရှိခြင်းတို့ကြောင့်ဖြစ်ပြီး သွင်းကုန်ပိုင်းတွင် လျော့နည်းခြင်းမှာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စုနှင့် လူသုံးကုန်ပစ္စည်းအုပ်စုတို့ တင်သွင်းမှုပိုမိုခဲ့သော်လည်း လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းအုပ်စုတွင် အဓိကသွင်းကုန်ဖြစ်သည့် ဒီဇယ်ဆီနှင့် ဓာတ်ဆီတင်သွင်းမှု လျော့နည်းခြင်းတို့ကြောင့်ဖြစ်သည်။

အနီးစပ်ဆုံးကာလထက် ပို့ကုန်ပိုင်းတွင် ပိုမိုခြင်းမှာ ရေထွက်ကုန်ပစ္စည်းအုပ်စုတွင် ငါးကြိတ်သားတင်ပို့မှု လျော့နည်းခဲ့သော်လည်း ငါးမှန့်တင်ပို့နိုင်မှုပိုမိုခဲ့ခြင်း၊ အခြားပစ္စည်းအုပ်စုတွင် ငါးသေတ္တာ တင်ပို့နိုင်မှုမရှိသော်လည်း လယ်ယာထွက်ကုန်ပစ္စည်းအုပ်စုတွင် ကြက်သွန်နီတင်ပို့နိုင်ခဲ့ခြင်းတို့ကြောင့် ပို့ကုန်ပိုင်းတွင် ပိုမိုခဲ့ခြင်းဖြစ်သည်။ သွင်းကုန်ပိုင်းတွင် အနီးစပ်ဆုံးကာလထက် လျော့နည်းခြင်းမှာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စု နှင့်လူသုံးကုန်ပစ္စည်းအုပ်စုတို့ တင်သွင်းမှု ပိုမိုခဲ့သော်လည်း လုပ်ငန်းသုံးကုန် ကြမ်းပစ္စည်းအုပ်စုတွင် အဓိကသွင်းကုန်ဖြစ်သည့် ဒီဇယ်ဆီနှင့် ဓာတ်ဆီတင်သွင်းမှု လျော့နည်းခြင်းတို့ကြောင့်ဖြစ်သည်။

ဒီဇင်ဘာလအတွင်း မြိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေမှာ ပို့ကုန်အနေဖြင့် ရော်ဘာ၊ ငါးမှန့်၊ ငါးကြိတ်သား အဓိကတင်ပို့ပြီး သွင်းကုန်အနေဖြင့် စက်သုံးဆီ (ဒီဇယ်ဆီ၊ ဓာတ်ဆီ) အဓိကတင်သွင်းပြီး ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းတို့ အနည်းငယ် တင်သွင်းမှုရှိခဲ့ကြောင်း သိရသည်။

အိမ့် (DOT)

# မြဝတီကုန်သွယ်ရေးဇုန်၏ တစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၇ ရက်ထိကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၂၈ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၃၇ သန်းဖြစ်ပြီးကုန်သွယ်မှု ပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၆၅ သန်းဖြစ်သည်။

ယခင်တစ်ပတ် လုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တွင်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၁၉ သန်း၊ သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၆၅၁ သန်းလျော့နည်းခဲ့ခြင်းကြောင့် ကုန်သွယ်မှုပမာဏ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၈၇၀ သန်း လျော့နည်းခဲ့ကြောင်း သိရသည်။ ပို့ကုန်ပိုင်းတွင် လျော့နည်းခြင်းမှာ ရေထွက်ပစ္စည်းအုပ်စု၊ စက်မှုကုန်ချောပစ္စည်းအုပ်စုနှင့် အခြားပစ္စည်းအုပ်စုတို့တွင် တင်ပို့မှုပိုမိုခဲ့သော်လည်း လယ်ယာထွက်ပစ္စည်းအုပ်စုမှ ကော်ဖီစေ့၊ ငရုတ်သီးခြောက်တို့ တင်ပို့မှု လျော့နည်းခဲ့ခြင်းကြောင့် ယခင်ပတ်ထက် လျော့နည်းခြင်းဖြစ်သည်။

သွင်းကုန်ပိုင်းတွင် အနီးစပ်ဆုံးကာလထက် လျော့နည်း ခြင်းမှာ လူသုံးကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၀ သန်း ပိုမိုခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စုနှင့် လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၇၁၁ သန်း လျော့နည်းတင်သွင်းခဲ့ခြင်းကြောင့်ဖြစ်သည်။ အိမ့် (DOT)

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၃၁-၁၂-၂၀၂၄)ရက်နေ့မှ (၅-၁-၂၀၂၅)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1295 |
| ငွေလဲနှုန်း | 3075 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 4,977,656 | 8.13 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ငွေလဲနှုန်း | 19,910,625 | 32.51 |
| ၄ | ဆိပ်ကမ်းသိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 20 | 12,247,800 | 20.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | | 135,975,000 | 222.04 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 9,686,250 | 15.82 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကြိုတင်ဝင်ငွေခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 2% | 54,390,000 | 88.82 |
| ၁၂ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 25 | 15,309,750 | 25.00 |
| ၁၃ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 27 | 16,534,530 | 27.00 |
| ၁၄ | ဘဏ်အတိုးနှုန်း | | 46,471,399 | 75.89 |
| | အထွေထွေစရိတ်ပေါင်း | | 317,486,610 | 518.44 |
| ၁၅ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | 3,982,125,000 | 6,502.60 |
| | စရိတ်စုစုပေါင်း | | 4,299,611,610 | 7,021.03 |

# စစ်ကိုင်းတိုင်းဒေသကြီး၏ ပြည်ပဈေးကွက်ဝင် လယ်ယာထွက်ကုန်ပစ္စည်းများ

စစ်ကိုင်းတိုင်းဒေသကြီးသည် ပြည်တွင်း၊ ပြည်ပ ဈေးကွက်ဝင် လယ်ယာထွက်ကုန်ပစ္စည်းမျိုးစုံထွက်ရှိသော ဒေသကြီးဖြစ်သည်။ တိုင်းဒေသကြီး၏ အနောက်ဘက်တွင် မြောက်မှ တောင်သို့စီးဆင်းသည့် ချင်းတွင်းမြစ်ရှိပြီး သယ်ယူပို့ဆောင်ရေးနှင့် စိုက်ပျိုးရေးအတွက် အလွန်အရေးပါသော မြစ်တစ်စင်းဖြစ်သည်။ မူးမြစ်သည် တိုင်းဒေသကြီး၏ အလယ်တည့်တည့်မှ ဖြတ်သန်းစီးဆင်းပြီး ရွှေဘိုပေါ် ဆန်းဆန် ဧရိယာများ၏ ရေသောက်မြစ်ကြီးလည်းဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ကုလားပဲ၊ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ပဲကြီး၊ မြေထောက်ပဲ၊ ဂျုံ၊ ကြက်သွန်နီ၊ ငရုတ်၊ ခရမ်းချဉ် စသည့် သီးနှံများ စီးပွားဖြစ်စိုက်ပျိုးကြပြီး စက်မှု ကုန်ကြမ်း ကြံနှင့်ဝါများစိုက်ပျိုးလျက်ရှိကြသည်။

၂၀၂၃-၂၀၂၄ ခုနှစ် စိုက်ပျိုးရာသီထွက် သီးနှံများအနက် မြေပဲဆံ၊ နှမ်းနက်၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲကြီး၊ ကုလားပဲ၊ မြေထောက်ပဲနှင့် ပြောင်းသီးနှံများကို ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ကြပြီး မိုးနှင့် ဆောင်းစိုက် မြေပဲများကို စိုက်ပျိုးကြရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် စုစုပေါင်း ၃၀၉ ဒသမ ၅၉၄ တန်၊ နှမ်းသီးနှံ ၁၂၄၂ ဒသမ ၃၄၂ တန်၊ ပဲစင်းငုံ ၂၅၄ ဒသမ ၈၁၉၊ ပဲတီစိမ်း ၃၈၂ ဒသမ ၂၂၈ တန်၊ မတ်ပဲ ၁၂၇ ဒသမ ၄၀၉ တန် တင်ပို့နိုင်ခဲ့သည်။

ပဲမျိုးစုံ အနေဖြင့် ပဲကြီး ၄၈၈ ဒသမ ၄၁၆ တန်၊ ကုလားပဲ ၁၄၆၅ ဒသမ ၂၄၇ တန်၊ မြေထောက်ပဲ ၇၇ ဒသမ ၂၂၀ တန်နှင့် ပြောင်း ၁၄၅၉ ဒသမ ၉၄၅ တန်အား ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ကုန်စည်တင်ပို့ရောင်းချမှု မြန်ဆန်သွက်လက်လာသည်နှင့်အမျှ တိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိလာပြီး လူနေမှုဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။

**ခမ်လျှန်စွမ်း (စီးပွား/ကူးသန်း)**

# စတော့ရှယ်ယာ တန်ဖိုး ကျပ်သန်း ၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှု တန်ဖိုး ကျပ်သန်း ၅၀၀ ကျော်ရှိခဲ့ကြောင်း ရန်ကုန်စတော့ အိတ်ချိန်း (YSX) မှ သိရသည်။

အဆိုပါကာလအတွင်း အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာ အစောင်ရေ စုစုပေါင်း ၁၁၂၆၅၆ စောင်ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၅၃၈ ဒသမ ၂၁၁ သန်း ရှိခဲ့ခြင်းဖြစ်သည်။

ယင်းနှစ်လတာကာလအတွင်း ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment(FMI) က အစုရှယ်ယာ ၁၆၆၃၈ စောင်ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၄၂ ဒသမ ၂၃၆ သန်း၊ Myanmar Thilawa SEZ Holdings Public (MTSH) က အစုရှယ်ယာ ၆၂၄၆၈ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂၀၄ ဒသမ ၅၇၈သန်းရရှိခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၁၂၆၅ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် ကျပ် ၁၀ ဒသမ ၆၇၈သန်း၊ ပထမပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ ၃၄၆၉၆ စောင်ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၆၆ ဒသမ ၃၂၂ သန်း ရရှိခဲ့သည်။

ထို့အတူ TMH Telecom Public(TMH) က အစုရှယ်ယာ ၄၅၂၀ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၃ ဒသမ ၉၈၃ သန်း၊ Ever Flovw River Group Public(EFR) က အစုရှယ်ယာ ၁၅၅၂၈ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂၆ ဒသမ ၆၅၇ သန်း ရရှိခဲ့သည်။

**ကိုတိုး**

# တိုင်းရော၏ ပြည်ပပို့ကုန် အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်း သီးနှံသည် ဧရာဝတီတိုင်းဒေသကြီး၏ ပြည်ပပို့ကုန်သီးနှံတစ်ခုဖြစ်ပြီး ဟင်္သာတခရိုင်တွင် ဧက ၁၈၆၇၀၊ မြန်အောင်ခရိုင်တွင် ၁၂၈၂၅ ဧကနှင့် မအူပင်ခရိုင်တွင် ဧက ၂၀၂၇၀ နှင့် မြောင်းမြခရိုင်တွင် ၁၂၂၆ ဧက စိုက်ပျိုးပြီး တိုင်းဒေသကြီး တစ်ခုလုံးအနေဖြင့် စုစုပေါင်း ဧက ၅၃၀၀၀ကျော်စိုက်ပျိုးသော သီးနှံလည်းဖြစ်သည်။

ဧရာဝတီ တိုင်းဒေသကြီးတွင် အစေ့ထုတ်ပြောင်းကို မိုးစပါးပြီးချိန်နှင့် မြစ်ရေကျချိန် အောက်တိုဘာလဆန်းတွင် အစောဆုံး သီးထပ်စိုက်ဧကအဖြစ် စိုက်ပျိုးကြသကဲ့သို့ မြေနုကျွန်းများတွင် ပဲမျိုးစုံနှင့် ကိုင်းသီးနှံ တစ်ကြိမ်စိုက်ပျိုးပြီးချိန် နိုဝင်ဘာ နောက်ဆုံးပတ်တွင်မှ နောက်ကျ သီးထပ်သီးနှံအဖြစ်လည်း ထပ်မံစိုက်ပျိုးကြသည့်အတွက် ဧရာဝတီတိုင်းဒေသကြီးတွင် အစေ့ထုတ်ပြောင်းသီးနှံသည် ဇန်နဝါရီလကုန် ဖေဖော်ဝါရီလဆန်းတွင် စတင်ထွက်ရှိလေ့ရှိသည်။

ဧရာဝတီ အစေ့ထုတ်ပြောင်း၏ အထွက်နှုန်းသည် တစ်ဧကလျှင် ပျမ်းမျှတင်း ၁၀၀ ခန့်ထွက်ရှိပြီး အရောင်လှ အရည်အသွေးကောင်းသည့်အတွက် exporter တို့ ကြိုက်နှစ်သက်သော ပြည်ပပို့ကုန်တစ်ခုလည်း ဖြစ်သည်။ နှစ်စဉ် ပျမ်းမျှ တင်း သိန်း ၅၀ ခန့်ထွက်ရှိပြီး ၇၅ ရာခိုင်နှုန်းခန့်မှာ ရန်ကုန် ဘုရင့်နောင်ဈေးကွက်မှတစ်ဆင့် ပြည်ပသို့ တင်ပို့ပြီး ၂၅ ရာခိုင်နှုန်းခန့်မှာ ဒေသတွင်းနှင့် မွေးမြူရေး အစာစပ်စက်ရုံများတွင် သုံးစွဲကြကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် အစေ့ထုတ်ပြောင်းမျိုးအဖြစ် CP 808, 112၊ AWBA 612,625၊ GT 722, 822 တို့ကိုစိုက်ပျိုးကြပြီး အစေ့ထုတ်ပြောင်း တစ်ဧက ကုန်ကျစရိတ်မှာ (မြေပြင်၊ မျိုးစေ့၊ ပေါင်းလိုက်၊ ရေတင်၊ မြေသြဇာ၊ ဆေးကျွေး၊ရိတ်ခြွေ)တို့အတွက် တစ်ဧကလျှင် ပျမ်းမျှ ၁၅ သိန်းမှ ၁၇ သိန်းကြား ကုန်ကျနိုင်သည်။ အစေ့ထုတ်ပြောင်း ပေါက်ဈေးမှာ ဧရာဝတီတိုင်းဒေသကြီးတွင် စတင်စိုက်ပျိုးချိန် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် တစ်တင်းလျှင် ကျပ် ၃၃၅၀၀ ဈေးပေါက်ပြီး ယခု ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်တွင်လည်း တစ်တင်းလျှင် ၎င်းဈေးနှုန်းတွင် ပင်ရှိသည့်အတွက် တစ်ဧက တင်း ၁၀၀ နှုန်းဖြင့်တွက်ပါက တစ်ဧက အကျိုးအမြတ် ပျမ်းမျှ ၁၆ သိန်းနှင့် ၁၇ သိန်းကြား ရရှိနိုင်သည်။ ပြောင်းစိုက်တောင်သူများမှလည်း အစေ့ထုတ်ပြောင်းပေါ်ချိန် ဇန်နဝါရီကုန် ဖေဖော်ဝါရီဆန်းတွင်လည်း ယခုဈေးနှုန်းအတိုင်း ဆက်လက်ရှိနေစေရေး မျှော်လင့်လျက်ရှိကြသည်။

ယခု ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ် ဆောင်းသီးနှံ အစေ့ထုတ်ပြောင်းသည် လက်ရှိဈေးနှုန်းအတိုင်း ဆက်လက်တည်ငြိမ်နေပါက ဧရာဝတီတိုင်းဒေသကြီးရှိ စိုက်ပျိုးသူ တောင်သူများအတွက် အကျိုးရှိစေသော ပြည်ပပို့ကုန်သီးနှံ တစ်ခုဖြစ်စေမည်ဖြစ်သည်။

**မောင်မောင်မြတ်ခိုင်(ဧရာဝတီ)**

# ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး ကျပ် ၅၂ သိန်းကျော်တွင်ရှိနေ

သိပ်သည်းဆ ၁၉ ဒသမ ၂၅ နှင့်အထက်ရှိသော စံချိန်မီရွှေ တစ်ကျပ်သား (၁၆ ဒသမ ၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ကျပ် ၅၂၈၀၀၀၀ ဖြစ်ကြောင်း ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီမှ သတ်မှတ်ထားကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)အရပြည်ထောင်စုအစိုးရအဖွဲ့က အပ်နှင်းသည့် အမိန့်ထုတ်ပြန်နိုင်ခွင့်ကို ကျင့်သုံး၍ ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ခဲ့ပြီးနောက် နေ့စဉ် ရွှေရည်ညွှန်းဈေးနှုန်းအား သတ်မှတ်ထုတ်ပြန်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် စံချိန်မီ ရွှေရည်ညွှန်းဈေးအတိုင်း ရောင်းဝယ်ခြင်း မရှိသူများနှင့် ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လိုင်စင်လျှောက်ထားမှု မရှိသူများ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

**ကိုတိုး**

# ဈေးကွက်ဝယ်ယူမှု အားကောင်းလာသည့် အသင့်စား ငါးနှပ်ခြောက်ကင်

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်သည် ပင်လယ်နှင့် အနီးစပ်ဆုံးသော မြို့ဖြစ်သကဲ့သို့ ပင်လယ်ရေထွက်ကုန်ပစ္စည်းများ ထွက်ရှိသော မြို့တစ်မြို့လည်းဖြစ်သည်။ ရေလုပ်ငန်းများ လုပ်ကိုင်ကြသဖြင့် ဒေသစီးပွားရေးအနေဖြင့် တစ်ထောင့် တစ်နေရာမှ ပါဝင်ဖြည့်ဆည်းပေးလျက်ရှိသည်။

အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိကြသည်။ ပင်လယ်ရေထွက် ကုန်ပစ္စည်းများအနက် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် အသင့်စား ငါးနှပ်ခြောက်ကင်လုပ်ငန်းကို တွင်တွင်ကျယ်ကျယ် လုပ်ကိုင်သူများရှိသလို တစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြသူများလည်းရှိသည်။ ယခု လိုပွင့်လင်းရာသီတွင် ဒေသထွက်ကုန် အသင့်စား ငါးနှပ်ခြောက်ကင်လုပ်ငန်းများ ပိုမိုထုတ်လုပ်ရောင်းချနေရကြောင်း သိရသည်။

ဖျာပုံမြို့တွင် အသင့်စားငါးနှပ်ခြောက်ကင် ထုတ်လုပ်သူများ ရှိသည့်အနက် ငါးနှပ်ခြောက်ကင်လုပ်ငန်းတစ်ခုသို့ သွားရောက်၍ မေးမြန်းရာ လုပ်ငန်းရှင်တစ်ဦးလျှင် ရင်းနှီးမြှုပ်နှံမှု ကျပ်သိန်း ၅၀၀ ခန့် ရင်းနှီးမြှုပ်နှံမှုရှိပြီး လုပ်ငန်းပေါ်မူတည်၍ လုပ်သား ငါးဦးမှ ရှစ်ဦးထိထားရှိကာ လုပ်သားတစ်ဦး၏ လုပ်ခ အနေဖြင့် တစ်လလျှင် ကျပ်နှစ်သိန်းမှ သုံးသိန်းကျပ်အထိရှိသည်။

ကုန်ကြမ်းတစ်လ ဝယ်ယူမှုမှာ ပိဿာ ၁၀၀ မှ ၁၅၀ ထိ ဝယ်ယူရသည်။ ကုန်ကြမ်းတစ်ပိဿာလျှင် ကျပ် ၂၅၀၀၀ရှိပြီး ငါးနှပ်ခြောက်ကို အမြီး၊ ခေါင်း ဖြတ်၍ ၁၅ မိနစ်ခန့် ရေစိမ်ကာ အညီနံ့နှင့် အငန်ဓာတ်များ ကင်းစင်သွားအောင် ရေဆေးကြောပေးရသည်။ ထို့နောက် တစ်ရက်ခန့်အကြာ နေလှန်းရသည်။

နေလှန်းပြီးသည့် ငါးများကို ဗိုက်ခွဲ၍ ပြန့်သွားအောင် တူဖြင့် အသာအယာထုပေးရသည်။ ပြန့်သွားသည့် ငါးများကို မီးသွေးမီးဖိုပေါ်ရှိ ဆန်ခါပေါ်တွင် တင်၍ မီးကင်ရသည်။ ငါးနှပ်ခြောက် တစ်ပိဿာ ထုတ်လုပ်ပါက ၆၀ ကျပ်သားခန့်သာ ကျန်ရှိသည်။ ၎င်းနောက် ပလတ်စတစ်အိတ်များ၊ ပလတ်စတစ်ဘူးများဖြင့် အလေးချိန်ချိန်တွယ်၍ ပါကင်ထုပ်ပိုးကာ ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချကြသည်။ ပလတ်စတစ် ငါးကျပ်သား တစ်ထုပ်လျှင် ကျပ် ၁၇၀၀၊ တစ်ဆယ်ကျပ်သား တစ်ထုပ်လျှင် ကျပ် ၃၅၀၀၊ နှစ်ဆယ်ကျပ်သား တစ်ထုပ်လျှင် ကျပ် ၇၀၀၀ ရှိပြီး ပလတ်စတစ်ဘူးအနေဖြင့် ငါးကျပ်သား တစ်ဘူးလျှင် ကျပ် ၂၅၀၀၊ တစ်ဆယ်ကျပ်သား တစ်ဘူးလျှင် ကျပ် ၅၀၀၀၊ နှစ်ဆယ်ကျပ်သား တစ်ဘူးလျှင် ကျပ် ၁၀၀၀၀ ဈေးနှုန်းအသီးသီးရှိသည်။

ငါးနှပ်ခြောက်ကုန်ကြမ်းကို ဖျာပုံမြို့ ဘုန်းကြီးသောင်၊ ချောင်းဝမှလည်းကောင်း၊ ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံမှလည်းကောင်း ဝယ်ယူရရှိသည်။ ဈေးကွက်ဖြန့်ဖြူးမှုအနေဖြင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် ပုသိမ်မြို့များသို့ တင်ပို့ရောင်းချလျက်ရှိပြီး ဒေသထွက်ကုန်ဖြစ်၍ လက်ဆောင်ပစ္စည်းအဖြစ် မှာယူမှုများစွာရှိကြောင်း သိရသည်။

**မင်းဇော်မွန် (ဖျာပုံ)**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၅ နိုင်ငံအနက် ဇမ်ဘီယာနိုင်ငံသည် ယခုတစ်ပတ်တွင် ၃ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဆူရီနမ်နိုင်ငံတွင် ၂ ဒသမ ၈၀ ရာခိုင်နှုန်း ဂျပန်နိုင်ငံတွင် ၂ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် အာဂျင်တီးနားနိုင်ငံတွင် ၂ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၇ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ယခုတစ်ပတ်အတွက် ဒီဇင်ဘာ ၃၀ ရက် ဖော်ပြချက်၌ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ ဟောင်ကောင်၊ အန်ဒိုရာ၊ ဘရာဇီးလ်၊ ဆိုက်ပရက်စ်၊ ဒိန်းမတ်၊ အီကွေဒေါနှင့် ဟန်ဂေရီ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၇၂ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဗီယက်နမ်၊ မြန်မာ၊ အိုင်ယာလန်၊ နယ်သာလန်၊ ဂျော်ဒန်၊ ခရိုအေးရှား၊ ဆွစ်ဇာလန်နှင့် ဩစတြီးယား စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၃ ဒသမ ၂၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် ၂ ဒသမ ၂၀ ရာခိုင်နှုန်းနှင့် မြန်မာ နိုင်ငံတွင် ၃ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၅ နိုင်ငံအနက် ဟန်ဂေရီနိုင်ငံသည် ယခုတစ်ပတ်တွင် ၃ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံများ ဖြစ်ခဲ့ပြီး ဂျပန် နိုင်ငံတွင် ၃ ဒသမ ၂၀ ရာခိုင်နှုန်း၊ ဩစတြေးလျနှင့် နော်ဝေနိုင်ငံတွင် ၃ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၀ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ တရုတ်(တိုင်ပေ)၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ဘယ်လ်ဂျီယံ၊ ဘူတန်၊ ဒိန်းမတ်၊ အီဂျစ်၊ ကင်ညာနှင့် မက္ကဆီကို စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၉ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဗီယက်နမ်၊ မြန်မာ၊ အိန္ဒိယ၊ နယ်သာလန်၊ ဆွီဒင်၊ ခရိုအေးရှား၊ အာဂျင်တီးနားနှင့် ဘာဗေဒို စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၄ ဒသမ ၃၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံတွင် သုည ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ ကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၀၀ | ၀.၈၅ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၆ | ၀.၈၆ |
| ၃ | ထိုင်း | လီတာ | ၁.၃၄ | ၀.၉၆ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၂ | ၀.၇၄ |
| ၅ | စင်ကာပူ | လီတာ | ၂.၀၂ | ၁.၈၂ |
| ၆ | မလေးရှား | လီတာ | ၀.၄၆ | ၀.၆၆ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၆ | ၀.၉၃ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၁၃ | ၀.၉၅ |
| ၉ | လာအို | လီတာ | ၁.၃၆ | ၀.၉၀ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

## DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ (၁) လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၀ | ၀.၉၇ |
| ၂ | ဂျပန် | လီတာ | ၁.၁၅ | ၁.၀၂ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၈ | ၁.၀၆ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် အောက် တိန်း-92 တစ်လီတာလျှင် ကျပ် ၃၀၁၀၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၃၁၂၀၊ ဒီဇယ် တစ်လီတာလျှင် ၂၆၃၅ ကျပ်နှင့် ပရီမီယံ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၂၆၀ အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၄၀၅၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၉၀၀၊ ကလေးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၄၃၇၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၈၁၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၁၂၀၊ ဒီဇယ် တစ်လီတာလျှင် ၂၆၃၅ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၁၃၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၆၅၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၁၀၀ နှင့် ဒီဇယ်တစ်လီတာလျှင် ၃၀ ကျပ် ဈေးနှုန်း ကျဆင်းလျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

# ပြင်ဦးလွင်ဒေသထွက် ကော်ဖီ

ကော်ဖီသီးနှံကို ၁၃ ရာစုတွင် အီသီယိုးပီးယားနိုင်ငံမှ စတင်စိုက်ပျိုး၍ ယခုအခါ မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း၇၀ ကျော်တွင် စိုက်ပျိုးကာ နိုင်ငံခြားဝင်ငွေများ ရရှိနေသော Export သီးနှံဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ကော်ဖီသီးနှံကို မြန်မာနိုင်ငံတွင် ၁၈၈၅ ခုနှစ်မှစတင်၍ စိုက်ပျိုးခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်၊ မိုးကုတ်၊ တောင်ကြီး၊ ရွာငံ၊ ဟဲဟိုး၊ အောင်ပန်း၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

ကော်ဖီသီးနှံ အမျိုးအမည်ငါးမျိုးရှိရာ (၁) အာရေးဗီးကား၊ (၂)ရိုဘက်စတာ၊ (၃)လိုင်ဖရီကာ၊ (၄)အရော့အင်ဒီးနီ၊ (၅)အိတ်ဆယ်ဆာဟူ၍ ခွဲခြားသိရပြီး ကုန်းမြင့်ကော်ဖီနှင့် မြေနိမ့်ကော်ဖီဟူ၍ ခွဲခြားစိုက်ပျိုးကြသည်။ ကုန်းမြင့်ကော်ဖီမှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ တွင် စိုက်ပျိုးဖြစ်ထွန်းပြီး ကုန်းနိမ့်ကော်ဖီမှာ ပြင်လယ်ရေမျက်နှာပြင် ပေ ၂၀၀၀ တွင်သာ စိုက်ပျိုးနိုင်ကြောင်းသိရသည်။

ပြင်ဦးလွင်မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင် ပေ ၃၀၀၀ ကျော်တွင် တည်ရှိသောကြောင့် ကုန်းမြင့်ကော်ဖီဖြစ်သော အာရေးဗီးကားကော်ဖီတစ်မျိုးတည်းသာ အဓိကထား၍ စိုက်ပျိုးသည်။ ယခု ၂၀၂၄ ခုနှစ်အထိ စိုက်ဧက ၁၀၃၇၈ စိုက်ပျိုးထားပြီး အသီးခူးဆွတ်နိုင်မှု ဧကမှာ ၁၉၃၀ ရှိပြီး အထွက်နှုန်းတစ်ဧကလျှင် ၁၅၀-၈၅ ပိဿာ ထွက်ရှိ၍ အထွက်စုစုပေါင်း ဧက ၁၉၃၀ နှင့် တွက်လျှင် ပိဿာ ၂၉၁၁၉၀ထွက်ရှိပြီး ခူးဆွတ်ချိန် အစိုသီး၏ ပိဿာချိန်များဖြစ်သည်။ ကော်ဖီသီးနှံကို စတင်စိုက်ပျိုးချိန်မှာ မေ၊ ဇွန်၊ ဇူလိုင်လများတွင် စတင်စိုက်ပျိုးနိုင်ပြီး အသီးခူးဆွတ်ချိန်မှာ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် ခူးဆွတ်ကြသည်။ စတင်စိုက်ပျိုးချိန်မှ သက်တမ်း သုံးနှစ်ကြာလျှင် အသီးများ စတင်ခူးဆွတ်နိုင်မည်ဖြစ်သည်။

ကော်ဖီစတင်စိုက်ပျိုးမည်ဆိုပါက အရေးကြီးဆုံးအချက်မှာ ကော်ဖီပင်သည် ဆီးနှင်းကိုကြောက်သော အပင်မျိုးဖြစ်သောကြောင့် အရိပ်ရပင်ကြီးမျိုးဖြစ်သော ခါတော်မှို၊ တည်း၊ ပိန္နဲ စသည့် နှစ်ရှည်ပင်များစိုက်ပျိုးပြီးမှ ကော်ဖီပင်ကိုစိုက်ပျိုးရကြောင်း လေ့လာတွေ့ရသည်။ စိုက်စနစ်မှာ ပင်ခြား၊ တန်းခြား(၄'×၄')စိုက်ပျိုးနိုင်ပြီး တစ်ဧကတွင် အပင်ရေ ၁၃၆၀ စိုက်ပျိုးနိုင်သည်။ တစ်ဧကကုန်ကျစရိတ်မှာ ကျပ်သိန်း ၆၀-၈၀ကုန်ကျကြောင်းသိရသည်။


ယခုသီးနှံ ထွက်ပေါ်ချိန်တွင် တောင်ကြီး၊ ရွာငံ၊ ကလော၊ ပြင်ဦးလွင် ပွဲစား ဝယ်လက်များမှ ကော်ဖီသီးအစို တစ်ပိဿာလျှင် ကျပ် ၄၂၀၀ ဖြင့် ဝယ်ယူနေပြီး ဖေဖော်ဝါရီလတွင် ကျပ် ၄၈၀၀-၅၀၀၀ ဈေးထိ ရောက်ရှိနိုင်ကြောင်း သိရပြီး ကော်ဖီကုန်ချောအနေဖြင့် လှော်စေ့မရွလျှင် တစ်ပိဿာလျှင် ကျပ် ၃၅၀၀၀-၃၇၀၀၀၊ ကော်ဖီမှုန့် (G1) 1kg ကျပ် ၃၅၀၀၀၊ ကော်ဖီမှုန့် (G2) 1kg ကျပ် ၃၀၀၀၀၊ (3 in 1) ၁၀ ထုပ်ပါ ကျပ် ၉၅၀၀ အသင့်သောက် အထုပ်သေး တစ်ထုပ်လျှင် ကျပ် ၅၅၀-၆၀၀ ဖြင့် ပြင်ဦးလွင်မြို့ပေါ်ရှိဆိုင်များတွင် ရောင်းချလျက်ရှိ သည်။

**အောင်မင်းနိုင်**

ပြည်ကုန်စည်ဒိုင်ပဲမျိုးစုံဈေးနှုန်းဈေးကွက် — တစ်တင်း/ကျပ်

| အမျိုးအစား | ဒီဇင်ဘာလပဲမျိုးစုံဈေးနှုန်း | | | | ရန်ကုန် အဝယ်/အိတ် |
|---|---|---|---|---|---|
| | ပထမပတ် | ဒုတိယပတ် | တတိယပတ် | စတုတ္ထပတ် | |
| မတ်ပဲ | ၁၁၄၀၀၀-၁၁၄၅၀၀ | ၁၁၃၅၀၀ | ၁၁၄၀၀၀ | ၁၁၁၀၀၀-၁၁၁၅၀၀ | ၁၅၀-၂၀၀ |
| ပဲတီစိမ်း | ၉၇၀၀၀- ၉၈၀၀၀ | ၉၇၀၀၀ | ၉၇၀၀၀-၉၈၀၀၀ | ၉၇၀၀၀-၉၈၀၀၀ | ၆၀၀ |
| ကုလားပဲ ဟော်လန် | ၁၀၂၅၀၀-၁၀၃၀၀၀ | ၁၀၁၅၀၀-၁၀၂၀၀၀ | ၁၀၀၅၀၀-၁၀၁၀၀၀ | ၁၀၁၀၀၀ | ၃၀၀ |
| ပဲကြီး (ရွှေကျွန်း) | ၈၈၀၀၀ | ၈၈၀၀၀ | ၈၇၀၀၀ | ၈၇၀၀၀ | ၂၅၀ |
| ပဲကြီး ကုန်းပဲ | ၈၂၀၀၀ | ၈၂၀၀၀ | ၈၁၀၀၀ | ၈၁၀၀၀ | ၂၅၀ |

မိမိအေး (ပြည်)




Office : KTA (18), Kanthayar (4) Street, FMI City, Haling Tar Yar Township, Yangon.

Warehouse : No.(7/B), Mya Tharaphi Street, Mya Sein Yaung Industrial Zone,
Hlaing Thar Yar Township, Yangon, Myanmar



Tel : +959 501 8319, +959 250 095 533

Email : htoosanlinnlet@gmail.com

# SHWE WAH YAUNG Agriculture Production Co.,ltd.



Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
Warehouse : No(465/A), Corner of Yaw Ah Twin Wun U Pho Hlaing Street & Kannar Street,
Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
website : www.swymyanmar.com, Email : eximdept@swymyanmar.com, thaungtike@swymyanmar.com


ASIA WORLD PORT TERMINAL
Myanmar's Marine Gateway to the World
www.asiaworldport.com

ISO 9001 : 2015 Certified
STRONG COMPANY LIMITED
WQA
STRONG STEEL STRUCTURE
STRONG COMPANY LIMITED
အဆင့်မြင့် ရောင်စုံသွပ်အမိုးပြားထုတ်လုပ်ဖြန့်ချိရေးကုမ္ပဏီ
01-4706688, 3685161, 3685323



SINCE-1971
SEIN DIAMOND PAINT CO.,LTD
ISO9001:2015 Cert NO.:602962
SD EMULSION PAINT
SD တိုက်သုတ်ဆေး
တိုက်အတွင်းအပြင်သုတ်ဆေး၊ရေဆေး
NEW DIAMOND EMULSION PAINT
နယူးဒိုင်းမွန်းတိုက်သုတ်ဆေး
တိုက်အတွင်းအပြင်သုတ်ဆေး၊ရေဆေး
NEWTEX EMULSION PAINT
EXTERIOR & INTERIOR
တိုက်အတွင်းအပြင်သုတ်ဆေး၊ရေဆေး
SD ဆီဆေး
SUPER GLOSS ENAMEL PAINT
New Diamond
ဆီဆေး
Super Gloss ENAMEL PAINT
Thinner သင်နာများ
TURPENTINE FOR ENAMEL PAINT USE
SD အောက်ခံဆေး
RED OXIDE PRIMER
QUICK DRYING
New Diamond
အောက်ခံဆေး
RED OXIDE PRIMER
BEST QUALITY
GMP
သင်္ဘောသုတ်ဆေး
PUTTY
STAR PUTTY
SUN PUTTY
STAR PUTTY သည် ကား Body များနှင့်
SUPER STAR GLUE
MACHINERY EQUIPMENT
VARNISH
VIBACTOL PHENYL
ပိုးသတ်ဆေးရည်
VIBACTOL Phenyl
၁ ရုံးချုပ်
:အမှတ်(၃၄)၊၄ - လမ်း၊(၈)ရပ်ကွက်၊တောင်ဥက္ကလာပ
စက်မှုဇုန်၊ရန်ကုန်မြို့
:09-740832913, 09-740823915,09-740823916
:09-740823918,09-740823919 (VIBER)09-754825995
:sale@sdicgroup.com.mm seindiamondpaint.com
:Sein Diamond Paints
၂ (၂၆)လမ်း အရောင်းဆိုင်
:အမှတ်(၇၁)၊၂၆ - လမ်း၊(အောက်ဘလောက်)
ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့
: 01-8245192,8250175,8384040,8379271.
HOTLINE :09-740823884,09-740823885
: (VIBER)09 754825996
၃ စော်ဘွားကြီးကုန်း အရောင်းဆိုင်
:အဆောင်အမှတ်(၇၆/ဘီ)၊အခန်း(၃)၊နီလာ(၇)လမ်း၊
စော်ဘွားကြီးကုန်းပွဲရုံဝင်း၊အင်းစိန်မြို့နယ်၊ရန်ကုန်မြို့
: 01-3646512,01-3642093,09-754826001
: (VIBER) 09-740823906



အရည်အသွေး
ကောင်းမွန်သော ကားအမျိုးအစားစုံ
စိတ်ကြိုက်ရွေးချယ်ဖို့
JPM နဲ့ဆက်သွယ်ပါ...
JPM
CAR SALE CENTER
jpmautocenter@gmail.com
www.jpmmotors.com
HOT LINE : 09253008800
အမှတ် (၄၂-အေ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ Ph: 09 44 888 2944,09 7 3333 555




MYANWEI
CONSULRING GROUP
Tax & Consulting Services
For Individual & Business
• Tax returns
• Tax planning
• Financial reports
• Book keeping
• Certified Internal Audit IRD & MIC Report
Immigration Services
• Relief Flight
• Foreign Employes Registration With MIC
• Visa & Stay Permit Extention
• FRC
• Work Permit
'MYANWEI' provides a wide range of Corporate Secretarial Services to both local & foreign companies such as: Investor Consultancy, Company Formation and Registration, MIC/ Endorsement Filings, Environmental Management Services
TAX
09 5185776
bizdev@myanweiconsulting.com / www.myanweiconsulting.com
Call for an appointment : 09 888 668 669

# မွန်ပြည်နယ်၏ ပြည်ပဈေးကွက်ဝင် ရော်ဘာထုတ်ကုန်များ

**မိုးမိုး (မွန်)**

ရော်ဘာသည် မြန်မာနိုင်ငံအတွက် အားထားရသော ဈေးကွက်ဝင်စက်မှုကုန်ကြမ်း သီးနှံဖြစ်ပြီး မွန်ပြည်နယ်မှာ မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုအများဆုံး ပြည်နယ်တစ်ခုဖြစ်သည်။ တစ်နိုင်ငံလုံး စိုက်ပျိုးမှု၏ ၄၀ ရာခိုင်နှုန်းရှိပြီး ထွက်ရှိမှုမှာ တစ်နိုင်ငံလုံး၏ ၈၀ ရာခိုင်နှုန်းထွက်ရှိကြောင်း သိရှိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မွန်ပြည်နယ်၏ ရော်ဘာစိုက်ဧက ငါးသိန်းကျော်ရှိပြီး အစေးခြစ်ဧကမှာ သုံးသိန်းကျော်ရှိကြောင်း၊ ရော်ဘာစိုက်ဧရိယာ၏ ၉၀ ရာခိုင်နှုန်းမှာ လုပ်ကွက်ငယ် ခြံငယ်ရှင်များဖြစ်ပြီး ခြံလတ်၊ ခြံကြီးနှင့် ကုမ္ပဏီစိုက်ခင်းများအနေဖြင့် ၁၀ ရာခိုင်နှုန်းအောက် စိုက်ပျိုးထားကြောင်း သိရှိရသည်။ စိုက်ပျိုးမှုအနေဖြင့် မွန်ပြည်နယ်၏ ရေမြေသဘာဝ ရာသီဥတုနှင့် ကိုက်ညီသော မျိုးစိတ်များကိုသာ စိုက်ပျိုးကြပြီး မျိုးသစ်များဖြစ်သော RRIM 2000 Series (cones) များကိုလည်း တိုးချဲ့ စိုက်ပျိုးလာကြကြောင်း သိရသည်။

မွန်ပြည်နယ်အတွင်း၌ ထုတ်လုပ်သော ရော်ဘာ ထုတ်ကုန်များမှာ ရော်ဘာအစေးရည် (field latex )၊ RSS (Ribbed Smoke Sheet) နှင့် TSR (Technically Specified Rubber) တို့ကို အများဆုံး ထုတ်လုပ်ကြသည်။

### ရော်ဘာအစေးရည် (field latex) ထုတ်လုပ်ခြင်း

ရော်ဘာပင်ကို စတင်စိုက်ပျိုးချိန်မှ (၇-၈) နှစ်ကြာလျှင် အစေးရည်ထုတ်ယူနိုင်သည်။ အစေးလှီးရန် အပင်အရွယ်အစားမှာ ကိုင်းဆက်ပင်ဖြစ်ပါက လုံးပတ် ၂၀ လက်မ၊ အပင်အမြင့် ၅၀ လက်မ၊ အစေ့စိုက်အပင်ဖြစ်ပါက လုံးပတ် ၂၀ လက်မ၊ အပင်အမြင့် ၂၀ လက်မ ဖြစ်ရပါသည်။ အစေးလှီးကြောများသည် ညာဘက်အမြင့်မှ ဘယ်ဘက်အနိမ့်သို့ ၅ ဒီဂရီစောင်း၍ ရစ်ပတ်နေသဖြင့် အစေးလှီးရာတွင် ဘယ်ဘက်အမြင့် ညာဘက်အနိမ့် အစေးလှီးကြောင်း အစောင်းဒီဂရီကို မှန်ကန်အောင် လှီးရပါသည်။ မွန်ပြည်နယ်တွင် ရော်ဘာအစေးခြစ်ဧက သုံးသိန်းကျော်ရှိပြီး မော်လမြိုင်မြို့၌ ဒီဇင်ဘာလ နောက်ဆုံးပတ်၌ ဖြစ်ပေါ်နေသော ရော်ဘာအစေးရည် ဈေးနှုန်းမှာ တစ်ပေါင်လျှင် ကျပ် ၂၇၀၀ ဈေးနှုန်းဖြစ်ပေါ်နေကြောင်း သိရသည်။

### RSS (Ribbed Smoke Sheet) ထုတ်လုပ်ခြင်း

RSS (Ribbed Smoke Sheet) ထုတ်လုပ်ရန် (၁) ရော်ဘာအစေးရည် စုဆောင်းခြင်း၊ (၂) အစေးရည်များအား ပျစ်ခဲစေခြင်း၊ (၃)အစေးပြားများကို ကြိတ်ခြင်း၊ (၃) မီးခိုးရုံသွင်းခြင်းတို့ကို ဆောင်ရွက်ရသည်။ ရော်ဘာအရည်အသွေး ကောင်းမွန်စေရန်အတွက် အစေးစုသိမ်းရာတွင် ပုံး၊ ခွက်များ သန့်ရှင်းရမည်။ သန့်ရှင်းသောရေကို အသုံးပြုရမည်။ ဆန်ခါများဖြင့် အဆင့်ဆင့် စစ်ရမည်။ ဖောမစ်အက်စစ်ကို အသုံးပြုရမည်။ အစေးခဲထားစဉ် အစေးခဲခွက်များကို ဖုန်၊ သဲ၊ ခဲ၊ အမှိုက်များမကျစေရန် ဂရုစိုက်ရမည်။ အစေးပြားကြိတ်ရာတွင် ကြိတ်လုံးအား သန့်ရှင်းစေရမည်။ ရော်ဘာများမှိုမတက်စေရန် ရေစစ်ပြီးမှ မီးခိုးရုံသွင်းရပါမည်။ မီးခိုးရုံ အပူချိန်ကိုလည်း ဂရုစိုက်ရမည်။ မီးခိုးခံရုံမှ ထွက်ရှိလာသော ရော်ဘာပြားများကို အဆင့်အတန်းခွဲကာ ပါကင်ထုပ်ပိုးရသည်။ မွန်ပြည်နယ်တွင် ရော်ဘာမီးခိုးခံရုံ ၂၆ ရုံရှိပြီး ထုပ်လုပ်သော မီးခိုးခံရော်ဘာအများစုမှာ RSS 3 အတန်းအစားကိုသာ ထုတ်လုပ်ကြပြီး RSS 3 တစ်ပေါင်လျှင် ကျပ် ၃၀၀၀ ဈေးနှုန်းဖြင့် ရော်ဘာအဝယ်ဒိုင်များ၊ ကုမ္ပဏီများမှ ဝယ်ယူစုဆောင်းကာ ရန်ကုန်၊ မန္တလေးမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

### TSR (Technically Specified Rubber) ထုတ်လုပ်ခြင်း

မွန်ပြည်နယ်ရှိ ရော်ဘာခြံငယ်အချို့မှာ RSS ရော်ဘာ ထုတ်လုပ်ရန် ကုန်ကျစရိတ်များပြားသဖြင့် ရော်ဘာအထူပြားများ ပြုလုပ်ကာ Crumb Rubber စက်ရုံများသို့ ရောင်းချကြသည်။ Crumb Rubber စက်ရုံများမှာ ကုန်ကြမ်းအနေဖြင့် ရော်ဘာအထူပြား၊ ခွက်ကျန်များ၊ ဆွဲဖတ်များကို ကုန်ကြမ်းအဖြစ်အသုံးပြုကြောင်း သိရှိရသည်။ Crumb Rubber စက်ရုံများ၌ TSR (Technically Specified Rubber) ထုတ်လုပ်ရန် ကုန်ကြမ်းများကို စက်ကိရိယာများဖြင့် ပိုင်းဖြတ်ခြင်း၊ ရေဆေးသန့်စင်ခြင်း၊ ဖိကြိတ်ခြင်းတို့ကို အကြိမ်ကြိမ်ပြုလုပ်ကာ သေးငယ်သော အပိုင်းအစများဖြစ်အောင် ပြုလုပ်ရသည်။ ထိုကဲ့သို့ပြုလုပ်ပြီး ထွက်ရှိလာသော ရော်ဘာအပိုင်းအစများကို ပေါင်းခံစက်တွင် ပေါင်းခံခြင်း၊ အခြောက်ခံခြင်းတို့ကို ပြုလုပ်ရသည်။ ထိုမှထွက်ရှိလာသော TSR (Technically Specified Rubber) များကို လေးထောင့်ပုံ ဘလောက်တုံးပုံများပြုလုပ်ကာ သတ်မှတ်ထားသော အလေးချိန်တွင် ချိန်တွယ်ဖြတ်တောက်ပြီး ပါကင်ထုပ်ပိုးရပါသည်။ မွန်ပြည်နယ်၌ Crumb Rubber စက်ရုံ ၁၁ ရုံရှိပြီး TSR (Technically Specified Rubber) ဖြစ်သည့် MSR-20 နှင့် MSR-10 တို့ကို ထုတ်လုပ်ကာ ရန်ကုန်၊ မန္တလေးမှတစ်ဆင့် တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ တင်ပို့ကြောင်းသိရသည်။

ထိုသို့ တင်ပို့ရာတွင် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် ဖြစ်ပေါ်ခဲ့သော ပြည်ပပို့ကုန်ရော်ဘာ FOB ဈေးနှုန်းများမှာ RSS-3 တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၄၅၀-၂၁၅၀၊ RSS-5 တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၃၅၀-၂၀၅၀၊ MSR-20 တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၄၀၀-၁၉၅၀၊ MSR-10 တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၄၅၀-၂၀၀၀ ဈေးနှုန်းဖြစ်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရော်ဘာတင်သွင်းမှု အများဆုံးနိုင်ငံများမှာ တရုတ်၊ အမေရိကန်၊ ဂျပန်၊ မလေးရှားနှင့် အိန္ဒိယနိုင်ငံတို့ဖြစ်ပြီး ကမ္ဘာ့ရော်ဘာ တင်ပို့မှု အများဆုံးနိုင်ငံများမှာ ထိုင်း၊ မြန်မာ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနိုင်ငံတို့ဖြစ်ကြသည်။ မြန်မာနိုင်ငံအနေဖြင့် ရော်ဘာတင်ပို့မှုအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၂၁၁၂၇၃ ဒသမ ၁၃၅ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၅ ဒသမ ၅၂၈ သန်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် (နိုဝင်ဘာလကုန်ထိ) တန်ချိန် ၁၅၁၈၂၅ ဒသမ ၉၁၅ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂၉ ဒသမ ၆၁၂ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်ရှိ ရော်ဘာကဏ္ဍတွင် ၈၉ရာခိုင်နှုန်းမှာ စိုက်ပျိုးထုတ်လုပ်သူများဖြစ်ပြီး ၁၁ ရာခိုင်နှုန်းခန့် မှာ ရော်ဘာထုတ်လုပ်သူများဖြစ်ကြသည်။ စိုက်ပျိုးထုတ်လုပ်သူအများစုမှာ ဓာတ်မြေဩဇာကို အသုံးပြုကြပြီး အနည်းစုမှာ သဘာဝမြေဩဇာကို သုံးစွဲကြသည်။ ရော်ဘာစိုက်ပျိုးထုတ်လုပ်သည့် အမျိုးအစား အမျိုးမျိုးရှိသည့်အနက် ၅၀ ရာခိုင်နှုန်းခန့်မှာ RSS-3 ကို ထုတ်လုပ်ကြသည်။ ရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအနက် ၇၅ ရာခိုင်နှုန်းမှာ စားသုံးသူရေးရာဦးစီးဌာန၊ သဘာဝ ရော်ဘာအရည်အသွေး စမ်းသပ်စစ်ဆေးမှု ဓာတ်ခွဲခန်းများမှ လက်မှတ်ရရှိထားပြီးဖြစ်သည်။

ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု Supply Chain တစ်လျှောက်ရှိ နည်းပညာများ အားနည်းခြင်း၊ ကျွမ်းကျင်လုပ်သားများ ရှားပါးခြင်း၊ ရော်ဘာခြံများအတွက် မတည်ရင်းနှီးငွေ ခက်ခဲခြင်း၊ ရော်ဘာကဏ္ဍတွင် ပါဝင်နေသူများအကြား ချိတ်ဆက်ဆောင်ရွက်မှု အားနည်းခြင်းတို့မှာ အဓိက စိန်ခေါ်မှုများဖြစ်နေသည်ကို တွေ့ရှိရသည်။

ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးမြင့် မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးပေးခြင်းနှင့် နည်းပညာသင်တန်းများ ပံ့ပိုးပေးခြင်း၊ ရော်ဘာမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ထုတ်လုပ်မှု နည်းပညာများနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ လေ့ကျင့်ရေးဌာနများနှင့် ရော်ဘာအရည်အသွေး တိုးမြှင့်ရေးအတွက် ရေရှည်တည်တံ့သော သုတေသနလုပ်ငန်းများ ထူထောင်ခြင်းတို့ကို ဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ဘုရင့်နောင် ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ပြည်တွင်း တစ်တန် ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ နှိုင်းယှဉ်ရာတွင် မတ်ပဲတစ်တန်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၉၉၅၀၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၃၁၉၇၀၀၀ သို့လည်းကောင်း၊ ပဲတီစိမ်း တစ်တန်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၁၇၈၈၂၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၃၀၂၂၁၀၀ သို့လည်းကောင်း၊ ပဲလွန်းဖြူ တစ်တန်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၁၉၉၀၃၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၅၀၁၆၀၀ သို့လည်းကောင်း အသီးသီးဈေးမြင့်တက်သွားပြီး ပဲစင်းငုံ တစ်တန်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၃၃၁၅၀၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၃၁၁၅၀၀၀ သို့လည်းကောင်း ဈေးကျဆင်းသွားသည်ကို တွေ့ရှိရသည်။

လက်ရှိတွင် အိန္ဒိယအစိုးရ၊ နိုင်ငံခြားကုန်သွယ်မှု အထွေထွေညွှန်ကြားမှုဦးစီးဌာနက မတ်ပဲနှင့် ပဲစင်းငုံတို့ကို လွတ်လပ်စွာတင်သွင်းခွင့်မူဝါဒကို ၂၀၂၅ ခုနှစ် မတ် ၃၁ ရက်အထိ သက်တမ်းတိုးလိုက်သည့်အတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော ပဲစင်းငုံနှင့် မတ်ပဲများအတွက် ဈေးကွက်အခွင့်အလမ်းများ ဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

တောင်သူများအနေဖြင့် ပဲမျိုးစုံများအနက် မတ်ပဲနှင့် ပဲစင်းငုံတို့အား စီးပွားဖြစ် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ဇာစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့၏ ဇန်နဝါရီလ ၃ ရက်နေ့တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။**


၃.၁.၂၀၂၅

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းကာလတူနှိုင်းယှဉ်ချက်

ရေတွက်ပုံ- တန်/ကျပ်

| စဉ် | လအမည် | မတ်ပဲ | ပဲတီစိမ်း | ပဲစင်းငုံ | ပဲလွန်းဖြူ |
|---|---|---|---|---|---|
| ၁ | ၂၀၂၄(ဇန်နဝါရီလ) | ၂၉၉၅၀၀၀ | ၁၇၈၈၂၀၀ | ၃၃၁၅၀၀၀ | ၁၉၉၀၃၀၀ |
| ၂ | ၂၀၂၅(ဇန်နဝါရီလ) | ၃၁၉၇၀၀၀ | ၃၀၂၂၁၀၀ | ၃၁၁၅၀၀၀ | ၂၅၀၁၆၀၀ |

ဇစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ် တို့၏ ဇန်နဝါရီလ ၃ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။



## ဒီဇင်ဘာလအတွင်း ဗဟိုဘဏ်က FX Market မှတစ်ဆင့် အမေရိကန်ဒေါ်လာရောင်းချမှု သန်း ၁၇၀ ကျော်ထိရှိလာ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဒီဇင်ဘာလအတွင်း FX Market Online Trading Platform မှတစ်ဆင့် အမေရိကန်ဒေါ်လာ ရောင်းချပေးမှု သန်း ၁၇၀ ကျော်ထိရှိလာပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဒီဇင်ဘာလအတွင်း ရောင်းချမှုအနေဖြင့် ဒီဇင်ဘာ ၂ ရက်တွင် ဒေါ်လာ ၃၈ သန်းကျော်၊ ဒီဇင်ဘာ ၆ ရက်တွင် ဒေါ်လာ ၁၅ သန်း၊ ဒီဇင်ဘာ ၁၀ ရက်တွင် သွင်းကုန်လုပ်ငန်းရှင်များအတွက် ဒေါ်လာ ၃၅ သန်း၊ ဒီဇင်ဘာ ၁၂ ရက်တွင် ဒေါ်လာ ၂၈ ဒသမ ၅ သန်း၊ ဒီဇင်ဘာ ၁၆ ရက်တွင် ဒေါ်လာ ၂၈ သန်းကျော်၊ ဒီဇင်ဘာ ၁၇ ရက်တွင် ဒေါ်လာတစ်သိန်းကျော်၊ ဒီဇင်ဘာ ၂၇ ရက်တွင် ဒေါ်လာ လေးသန်းကျော် ရောင်းချပေးခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၂၇ ရက်အတွင်း ဒေါ်လာ ၁၇၉ သန်းနီးပါး ရောင်းချပေးခဲ့ပြီး တရုတ်ယွမ် ၂၂ သန်းကျော်၊ ထိုင်းဘတ် ၃၆၁ သန်းကျော် ထုတ်ရောင်းပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုဝင်ဘာလအတွင်း ရောင်းချမှုအနေဖြင့် နိုဝင်ဘာ ၄ ရက်တွင် ဒေါ်လာ ၁၅ သန်းကျော်၊ နိုဝင်ဘာ ၆ ရက်တွင် ဒေါ်လာ ၉၀၀၀ နီးပါး၊ နိုဝင်ဘာ ၇ ရက်တွင် ဒေါ်လာ ၃၀၀၀ ကျော်၊ နိုဝင်ဘာ ၈ ရက်တွင် ဒေါ်လာ ၃၀၀၀ ကျော်၊ နိုဝင်ဘာ ၁၄ ရက်တွင် ဒေါ်လာ ၄၀၀၀၀၀ နီးပါးအထိ FX Trading Platform မှတစ်ဆင့် ထုတ်ရောင်းပေးထားကြောင်း သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ AD လိုင်စင်ရ ဘဏ်များ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ ပါဝင်သည့် FX Market Online Trading Platform ပလက်ဖောင်းမှတစ်ဆင့် အမေရိကန်ဒေါ်လာများ ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ယင်းသို့ နိုင်ငံခြားဈေးကွက်အတွင်း အမေရိကန်ဒေါ်လာများ ဆက်တိုက်ထုတ်ရောင်းပေးခြင်းကြောင့် နိုင်ငံခြားငွေလဲနှုန်းမှာ သိသိသာသာကျဆင်းလာခဲ့ကြောင်း သိရသည်။

**ကိုတိုး**

## ဝယ်လိုအား မြင့်တက်မှုကြောင့် မြန်မာ့ပြောင်း ဈေးကောင်းရနေ

အိန္ဒိယနိုင်ငံအပါအဝင် ဖိလစ်ပိုင်၊ ဗီယက်နမ် နိုင်ငံများ၏ ဝယ်လိုအား မြင့်တက်လာမှုကြောင့် ပြည်တွင်းဈေးကွက်တွင် မြန်မာ့ပြောင်းဆန် ဈေးကောင်းရနေကြောင်း ပြောင်းလုပ်ငန်းရှင်အသိုင်းအဝိုင်းမှ သိရ သည်။

လက်ရှိတွင် အိန္ဒိယ၊ ဖိလစ်ပိုင်နိုင်ငံများမှ အဝယ်လိုက်နေပြီး ပြောင်းဈေး တက်ရိပ်ပြနေကာ ဈေးတက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

ပြည်တွင်း ပြောင်းဆန်ဈေးအနေဖြင့် အောက်တိုဘာလတွင် ပြောင်းဆံတစ်ပိဿာ ကျပ် ၁၃၅၀ မှ နိုဝင်ဘာလတွင် ကျပ် ၁၅၅၀ ဝန်းကျင်အထိ မြင့်တက်ခဲ့ပြီး ဒီဇင်ဘာလအတွင်း တစ်ပိဿာ ကျပ် ၁၆၇၀ အထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

ယခု ဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံများသို့ မြန်မာ့ပြောင်းဆန် တန်ချိန် ၁ဒသမ ၇ သန်းဝန်းကျင် တင်ပို့ထားနိုင်ခဲ့ပြီး မြန်မာ့ပြောင်းဆန်အား ပြည်ပနိုင်ငံများသို့ တင်ပို့မှုမှ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၇၀၀ ဝန်းကျင်ခန့် ရရှိနေကြောင်း သိရသည်။

ထို့ပြင် တစ်နိုင်ငံလုံး အတိုင်းအတာအရ စုစုပေါင်းပြောင်းစိုက်ဧက ၂ သန်းကျော်ရှိပြီး ပြောင်းထုတ်လုပ်မှုအနေဖြင့် မက်ထရစ်တန်ချိန် ၃ ဒသမ ၂သန်းခန့်ထွက်ရှိပြီး တန်ချိန် ၂ဒသမ၂ သန်းကို ပြည်ပကို တင်ပို့ကာ လက်ကျန် တန်ချိန် ၁ သန်းခန့်ကို ပြည်တွင်းတွင် သုံးစွဲလျက်ရှိကြောင်း သိရသည်။

**ကိုတိုး**



## ရန်ကုန်တိုင်းတွင် ယခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၆၀ ခု ခွင့်ပြုပေးနိုင်ခဲ့

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ၂၀၂၄ ခုနှစ်တစ်နှစ် တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစုစုပေါင်း ၆၀ ခု ခွင့်ပြုပေးနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏(၁၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့ပြီး ယင်းအစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍနှင့် စက်မှုကဏ္ဍတို့တွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခုတို့ကို အတည်ပြုပေးခဲ့ပြီး အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ CMP စနစ်ဖြင့် Wearing Apparel အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်းတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ ကျပ် ၁၁၈၀ သန်းနှင့် အမေရိကန်ဒေါ်လာ ၂ဒသမ ၂၂၀ သန်းဖြစ်ပြီး လူဦးရေ ၂၄၄၀ အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၇ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၃၃ ဘီလီယံကျော်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၃ ခုအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၃ သန်းကျော် ခွင့်ပြုပေးခဲ့ကာ ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းအနေဖြင့် ၂၉၂၉၀ ဦးတို့အား ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုတိုး**

## ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်တွင် အင်းစိန်၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ တိုက်ကြီး၊ လှည်းကူး၊ ထန်းတပင်၊ လှိုင်သာယာ (အရှေ့၊ အနောက်)၊ ရွှေပြည်သာ စသည့် မြို့နယ်ပေါင်း ကိုးခုရှိသည်။

အဆိုပါမြို့နယ်များတွင် စက်မှုဇုန်များ၊ စက်မှုလက်မှုလုပ်ငန်းကြီးများ၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများစွာရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွက် အားထားရာ ခရိုင်ကြီးတစ်ခုဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး အချက်အချာကျပြီး အဝေးပြေးကားဂိတ်များ၊ လေဆိပ်နှင့် ဆိပ်ကမ်းများရှိသဖြင့် ပြည်တွင်း၊ ပြည်ပကုန်သွယ်မှု ပြုလုပ်နိုင်သည်။

အနယ်နယ်အရပ်ရပ်မှ ဝင်ရောက် လာသော ကုန်ပစ္စည်းများကို သိုလှောင်၊ ရောင်းဝယ်နိုင်ရန် ကုန်စည်ဒိုင်ကြီးများ၊ သိုလှောင်ရုံများ လက်လီ/လက်ကား ရောင်းချသော ဈေးကြီးများဖြင့် စည်ကားသော ခရိုင်ကြီးတစ်ခုလည်းဖြစ်သည်။

လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်များသည် စက်မှုဇုန်ကြီးများ တည်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးထားသည်။ အလားတူ ရန်ကုန်မြောက်ပိုင်းခရိုင်တွင် ရေမြေရာသီဥတု ကောင်းမွန်ပြီး ကျယ်ပြန့်သော မြေနေရာကြီးများရှိသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြရာ ကြက်နှင့် ဘဲမွေးမြူရေးလုပ်ငန်းများမှ ရန်ကုန်မြို့နေ ပြည်သူများအတွက် လုံလောက်သော အသားနှင့်ဥများကို ရရှိစေသည်။

စိုက်ပျိုးရေးတွင်လည်း ဒေသနှင့် ကိုက်ညီသော ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံ၊ ပန်းမန်များကို စီးပွားဖြစ် စိုက်ပျိုးကြသည့်အတွက် လတ်ဆက်သော အသီးအရွက်များ လက်ကားဈေးကြီးများသို့ နေ့စဉ် ဝင်ရောက်မှုရှိသဖြင့် ရန်ကုန်မြို့တွင်း ပြန်လည်ဖြန့်ဖြူးနိုင်သည်။ အသေးစား၊ အငယ်စား၊ အလတ်စား အိမ်တွင်းစီးပွားရေးလုပ်ငန်းများလည်းရှိ၍ ပြည်ပမှ တင်သွင်းရသော သွင်းကုန်များအစား ပြည်တွင်းထုတ်ကုန်များကို ဈေးသက်သာစွာ သုံးစွဲနိုင်သည်။ ရေရှည်စီးပွားရေးလုပ် ကိုင်လိုသူများအနေနှင့်လည်း ရင်းနှီးမြှုပ်နှံနိုင်သော စီးပွားရေး အခွင့်အလမ်းများရရှိစေသည်။ စီးပွားရေးလုပ်ငန်းများများစွာရှိသဖြင့် ရွေးချယ်လုပ်ကိုင်နိုင်ရန်လည်း အခွင့်အရေးများစွာ ရရှိစေသည်။



စီးပွားရေးလုပ်ငန်းကြီးများသည် လုပ်ငန်းငယ်လေးများမှစတင်သောကြောင့် လုပ်ငန်းငယ်လေးများကို ကူညီပံ့ပိုးပေးခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေသော အကြောင်းအရင်းတစ်ခုဖြစ်သည်။ ပြည်ပသွင်းကုန် အစားထိုးအနေဖြင့် ပြည်တွင်းထုတ်ကုန်များကို ထုတ်လုပ် လာကြရာ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး လုပ်ငန်းများသည် ပိုမိုကျယ်ပြန့်လာသည်။ ဒေသတွင်း ထုတ်ကုန်များကို သုံးစွဲခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများကို ရရှိစေသည့်အပြင် ပြည်ပသွင်းကုန်လျော့ချရာလည်း ရောက်သည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တွင် အိမ်တွင်းလက်မှုလုပ်ငန်းများစွာရှိသည့်အနက် မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာမှ တံမြက်စည်း လုပ်ငန်းတစ်ခုသည် တစ်လလျှင် တံမြက်စည်းအချောင်းရေ ၃၀၀၀၀ ထုတ်လုပ်ထွက်ရှိသည်။ ကုန်ကြမ်းပစ္စည်းများဖြစ်သည့် တံမြက်စည်း ကိုင်းတံများအား နေပြည်တော် ပင်လောင်းဒေသ၊ မော်လမြိုင်၊ တောင်ငူနှင့် ပုသိမ်မြို့တို့၌ ဇန်နဝါရီလမှဧပြီလအတွင်း ဝယ်ယူရရှိ သည်။ လုပ်သားဦးရေ၂၂ ဦးရှိပြီး တစ်ဦးလျှင် တစ်နေ့ လုပ်ခအနေဖြင့် ကျပ် ၈၀၀၀ မှ ကျပ် ၁၀၀၀၀ ရရှိကြောင်းသိရသည်။

ပြည်တွင်းတွင် ရောင်းချဖြန့်ဖြူးရုံသာမက ပြည်ပတင်ပို့မှုအနေဖြင့် အိန္ဒိယနိုင်ငံသို့ တင်ပို့လျက်ရှိသည်။တစ်ကြိမ်တင်ပို့ပါက တံမြက်စည်း အချောင်း ရေ ၃၀၀၀ တင်ပို့ကြောင်း သိရသည်။ ဒေသတွင်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင် အခွင့်အလမ်းများပေါ်ပေါက်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**Aung Tin Soe (YGN)**

# "ဒီနှစ်က မိုးကောင်းတဲ့ နှစ်ဖြစ်တဲ့အတွက် အထွက်နှုန်းကောင်းပြီး အောင်မြင်တယ်လို့ ပြောရမှာပေါ့"

## မကွေးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနေလင်းအောင်နှင့် တွေ့ဆုံမေးမြန်းခြင်း

**မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ (၃၂)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် နံနက် ၉နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ကျင်းပခဲ့သည်။**

**အဆိုပါနှစ်ပတ်လည်အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဆန်းလင်းနှင့် အမှုဆောင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်းများမှ ဒေသထွက်ကုန် ပြခန်းများလည်း ပါဝင်ပြသခဲ့ရာ မကွေးတိုင်းဒေသကြီးအတွင်းရှိ စားသုံးဆီဈေးကွက်အခြေအနေနှင့် ဆီထွက်သီးနှံ စိုက်ပျိုးမှုအခြေအနေများအား မကွေးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနေလင်းအောင်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။**



**တိုပ္ပ**

**မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရဲ့ (၃၂) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို တက်ရောက်ဖြစ်ပုံလေး ပြောပြပေးပါဦး။**

ကျွန်တော်တို့က မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တာ နှစ်ပေါင်း နှစ်ဆယ်ကျော်လောက်ရှိပါပြီ။ အသင်းချုပ်က ဆောင်ရွက်တဲ့ပွဲတိုင်းလည်း တက်ဖြစ်ပါတယ်။ ထူးခြားချက်အနေနဲ့က မကွေးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအနေနဲ့ မကွေးတိုင်းကထွက်တဲ့ ထွက်ကုန်တွေကို အခုလိုစုံညီအစည်းအဝေးမှာ ပြခန်းအနေနဲ့ ခင်းကျင်းပြသနိုင်ခဲ့ပါ တယ်။ စားသုံးဆီအနေနဲ့ကတော့ မကွေးတိုင်းဒေသကြီးမှာ နှမ်းဖြူ၊ နှမ်းနက်၊ နှမ်းညို၊ နှမ်းနီ စတာတွေကို မိုးတွင်းမှာ စိုက်တာရှိတယ်။ နောက်တစ်ခါ ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ခြမ်းမှာ ရေသွင်းစိုက်ပျိုးတာရှိပါတယ်။ မြေပဲလည်း စိုက်ပျိုးပါတယ်။ မြေပဲ မကွေး ၁၅၊ မကွေး၁၆ တို့ကိုလည်း စမ်းသပ်စိုက်ပျိုးနေပါတယ်။ ဒါတွေကိုလည်း ပြခန်းမှာ ပြသခဲ့ပါတယ်။ စားသုံးဆီထုတ်လုပ်မှု အနေနဲ့ကတော့ နှမ်းဆီ၊ မြေပဲဆီ ထုတ်လုပ်ပါတယ်။ အခုနေကြာကို နိုင်ငံတော်က တိုးချဲ့ပြီးတော့ စိုက်ပျိုးဖို့ ညွှန်ကြားထားတဲ့အတွက် အခုမကွေးတိုင်းဒေသကြီးမှာ နေကြာကို တိုးချဲ့ပြီးတော့ တိုင်းဒေသကြီးအစိုးရဖွဲ့ရဲ့ ကြီးကြပ်မှု အားပေးမှုတွေနဲ့အတူ ပူးပေါင်းလုပ်ဆောင်မှုကြောင့် နေကြာဆီလည်း ထွက်လာပါပြီ။ ဒါကြောင့် မကွေးတိုင်းဒေသကြီးမှာဆိုရင် နှမ်းဆီ၊ နေကြာဆီနဲ့ မြေပဲဆီ အဓိကထွက်ရှိပါတယ်။

**မကွေးတိုင်းဒေသကြီး တစ်တိုင်းလုံးအနေနဲ့ စိုက်ပျိုးဧက ဘယ်လောက်ရှိပါသလဲ။**

စိုက်ပျိုးတဲ့ ဧကဆိုရင် မကွေးတိုင်းတစ်တိုင်းလုံးမှာ စိုက်ဧက နှစ်သိန်းကျော်ကနေ သုံးသိန်းအထိရှိပါတယ်။ တစ်နှစ်နဲ့ တစ်နှစ်ကတော့ စိုက်ပျိုးဧကက မတူဘူးပေါ့။ စိုက်ပျိုးတောင်သူတွေအနေနဲ့ အခက်အခဲကတော့ နံပါတ်တစ်အနေနဲ့ကတော့ ရေပေါ့ဗျာ။ အဓိကက အပူပိုင်းဇုန်မှာစိုက်တဲ့ သီးနှံတွေကတော့ ဧရာဝတီမြစ်ရဲ့ အရှေ့ဘက်အခြမ်းနဲ့ အနောက်ဘက်အခြမ်းတောင် မတူဘူး။ အနောက်ဘက်ခြမ်းက ရေတင်ပြီးတော့ စိုက်ပျိုးလို့ရတယ်။ ဆည်တွေလည်းရှိတယ်။ အနောက်ဘက်ခြမ်းကတော့ ရေက အဓိကကျတယ်။ နံပါတ်နှစ်ကတော့ သွင်းအားစုပေါ့။ သွင်းအားစုတွေကို နိုင်ငံတော်ကရော၊ တိုင်းဒေသကြီးအစိုးရအနေနဲ့ရော ပံ့ပိုးပေးပါတယ်။ နောက် အန်ဂျီအိုအဖွဲ့တွေနဲ့လည်း ပူးပေါင်းဆောင်ရွက်မှုတွေရှိတဲ့အတွက် တောင်သူတွေအတွက်ကတော့ အထောက်အပံ့ကောင်းတစ်ခု ရပါတယ်။ အခက်အခဲကတော့ အရမ်းကြီး မရှိပါဘူး။ ဒီနှစ်ကလည်း မိုးကောင်းတဲ့နှစ်ဖြစ်တဲ့အတွက် အထွက်နှုန်းလည်းကောင်းပြီး အောင်မြင်တယ်လို့ ပြောရမှာပေါ့။

**ဆီထွက်သီးနှံ စိုက်ဧက တိုးချဲ့စိုက်ပျိုးမှုအခြေအနေလည်း သိပါရစေ။**

မကွေးတိုင်းဒေသကြီးအတွင်းမှာ စိုက်ဧကတိုးချဲ့လို့ရတဲ့ မြေနေရာရှိပါတယ်။သို့သော်လည်း မြေယာတွေကိုပြုပြင် ဆောင်ရွက်ရမှာပေါ့။ မြေလွတ်မြေရိုင်းတွေကို တောရှင်း မြက်ခုတ်သေချာလေးလုပ်ပြီး မြေရိုင်းတွေကို ယဉ်ပါးအောင် တစ်နှစ် ကြာသည်ဖြစ်စေ နှစ်နှစ်ကြာသည်ဖြစ်စေ ပြုပြင်ပြီးလုပ်ဆောင်သွားမယ်ဆိုရင်တော့ အများကြီးစိုက်ပျိုးလို့ရပါတယ်။ ဆီထွက်သီးနှံ ဈေးကွက်က ဈေးကောင်းရရှိတယ်။ တောင်သူတွေအတွက်လည်း အကျိုးအမြတ်ရရှိပါတယ်။ ဆီထွက်သီးနှံ မျိုးစုံကတော့ ဈေးနှုန်းက သူဈေးနဲ့သူ ရရှိနေပါတယ်။ ဈေးကျပြီး ဝယ်လက်မရှိတာတို့၊ ဈေးကွက် ပျောက်သွားတာတို့၊ ဈေးမရတာတို့တော့မရှိပါဘူး။ ဈေးကွက်ထဲက တောင်သူတွေ အသံနားထောင်ရတာလည်း ကောင်းပါတယ်။ မြေပဲလုံးဆန်က ပြည်ပဈေးကွက်ကိုပဲသွားရင် ပြည်တွင်းက စက်သမားတွေက ဈေးကွက်ယှဉ်ပြိုင်ပြီးတော့ ဝယ်နိုင်မှာမဟုတ်ဘူး။ မဝယ်နိုင်တဲ့အတွက် ဆီထုတ်တဲ့နှုန်းက လျော့ကျနိုင်တယ်။ အဲဒီလိုအပိုင်းတွေရှိတဲ့အတွက် နည်းနည်းလေး မျှတဖို့နဲ့ အချိုးညီညီဖြစ်ဖို့ ဆောင်ရွက်တဲ့သူတွေက စဉ်းစားပြီး လုပ်ပေးနိုင်ရင် ပိုကောင်းပါတယ်။ ရှေ့လာမယ့်လတွေက ဆီထွက်သီးနှံ ရာသီပေါ်ချိန် ဖြစ်တယ်။ ဈေးကွက်အနေအထား ပြောရလို့ရှိရင်တော့ ထုတ်လုပ်မှုအားလည်း တိုးလာတယ်။ နောက် ဆီသီးနှံအထွက်နှုန်းတိုးဖို့ မြန်မာနိုင်ငံ ဆီကုန်သည်နဲ့ဆီလုပ်ငန်းရှင်များအသင်းချုပ်နဲ့ မကွေးတိုင်းအသင်း၊ နောက် ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်သွားဖို့ အစီအစဉ်တွေရှိပါတယ်။

**အဲလိုမျိုး ဆောင်ရွက်နိုင်ဖို့အတွက် ဘာတွေလိုအပ်တယ်လို့ မြင်မိပါသလဲ။**

ပံ့ပိုးမှုအနေနဲ့ကတော့ နိုင်ငံတော်ကို အားကိုးတာအပြင် လုပ်ကိုင်မယ့်သူတွေက ပူးပေါင်းပြီး လုပ်ကိုင်မယ်ဆိုရင် ရေရှည်အတွက် ကောင်းတာပေါ့နော်။ နိုင်ငံတော်အနေနဲ့လည်း ဒီအတိုင်းပဲ ဖော်ဆောင်နေတာဖြစ်ပါတယ်။

**ဆီစက်တွေ လည်ပတ်မှု အခြေအနေလေးလည်း ပြောကြားပေးပါဦး။**

မကွေးတိုင်းဒေသကြီးမှာက ဆီစက်တွေက အလုံးပေါင်း ၁၀၀ ကျော်ရှိပါတယ်။ အခုအခြေအနေကတော့ စားအုန်းဆီကို လျှော့သွင်းမှာဖြစ်တဲ့အတွက် ဆီစက်တွေအားလုံးကတော့ ပုံမှန်လည်ပတ်နေတာတွေရှိပါတယ်။ နောက်ပိုင်းမှာ အခုလက်ရှိအနေအထားထက် ပိုအဆင်ပြေလာမယ် စက်တွေ အင်ပြည့် အားပြည့် လည်ပတ်လာနိုင်မယ်ဆိုရင် စက်တွေ ထုတ်လုပ်မှု အားကြောင့် စားအုန်းဆီတင်သွင်းမှုကို လျှော့ချတဲ့နေရာမှာ တစ်ထောင့်တစ်နေရာကနေ အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

**ပြည်ပက ဆီတင်သွင်းမှုကို လျှော့ချပြီးတော့ ပြည်တွင်းထုတ်လုပ်မှု တိုးမြှင့်သွားမယ့်အပေါ် ဘယ်လိုမြင်ပါသလဲ။**

အဓိကတော့ နိုင်ငံခြားငွေလျှော့ချတာကတော့ ကောင်းတာပေါ့ဗျာ။ နောက်ပြီး ကျွန်တော်တို့နိုင်ငံမှာ ဆီထွက်သီးနှံက လုံးဝမရှိတာမှ မဟုတ်တာ။ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်တဲ့ မြေဧကတွေလည်းရှိတယ်။ ဆီထွက်သီးနှံတွေလည်း ရှိတဲ့အခါကျတော့ ရေရှည်အနေနဲ့ပြောရရင် ပြည်တွင်းအားသည် ပြည်တွင်းမှာပဲရှိတယ်ဆိုသလိုပေါ့။ ပြည်တွင်းမှာ ဆီစက်တွေ ဆီစက်နည်းပညာတွေလည်းရှိတယ်။ လုပ်ရိုးလုပ်စဉ်တွေလည်း ရှိတဲ့အတွက် လုပ်ငန်းရှင်တွေလည်း အလုပ်ရမယ်။ လုပ်ငန်းရှင်နဲ့ဆက်စပ်တဲ့သူတွေအားလုံး အလုပ်အကိုင် အခွင့်အလမ်းတွေရရှိမယ်။ စားအုန်းဆီကို လျှော့သွင်းတာထက်စာရင် တဖြည်းဖြည်း လျော့သွားအောင် လုပ်ဆောင်တာက ရေရှည်အတွက် ကောင်းပါတယ်လို့အကြံပြုချင်ပါတယ်။ စားအုန်းဆီက ဈေးကွက်ရရှိပြီး ပြည်တွင်းထုတ်ဆီတွေက ဈေးကွက်ရရှိမှုနှုန်း နည်းနေတာက ကျွန်တော်တို့လူမျိုးတွေက အစွဲအလမ်းကြီးပြီး အကျင့်တစ်ခုရှိတယ်။ ကျွန်တော်တို့လူမျိုးတွေက ဒါဆိုဒါပဲသုံးတာ။ ပြည်တွင်းက ပစ္စည်းထက် ပြည်ပက ပစ္စည်းကို တန်ဖိုးများများပေးပြီး ဝယ်ရမှ ကျေနပ်တဲ့ သဘောတရားတွေရှိတယ်။ ဥပမာ ကိုယ့်ဒေသကထွက်ရှိတဲ့ပစ္စည်းက ဈေးသက်သက်သာသာရှိပေမယ့် သုံးစွဲမှုက နည်းပါးနေသေးတယ်။ အမှန်တကယ်တော့ ကိုယ့်ပြည်တွင်းကဆီတွေက ဈေးနှုန်းက သိပ်ကြီးတာလည်း မဟုတ်ပါဘူး။ ပြည်တွင်းက ထွက်တဲ့ဆီက မိရိုးဖလာ ဘိုးဘွားလက်ထက်ကတည်းက စားသုံးလာတာဆိုတော့ ပြည်တွင်းထုတ်ဆီတွေကို စားသုံးစေချင်တယ်။ ပြည်တွင်းထုတ် စားသုံးဆီက ကျန်းမာရေးနဲ့ ညီညွတ်ပါတယ်။

**ဖြည့်စွက်ပြောကြားချင်တာများ ရှိပါသလား။**

အခုလို စားသုံးဆီကဏ္ဍနဲ့ပတ်သက်ပြီး ပြပွဲတွေ၊ အခမ်းအနားတွေ လုပ်ဆောင်တာကောင်းပါတယ်။ ဘာပဲပြောပြော ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် အားလုံးအတွက် ကောင်းပါတယ်။ ဝမ်းသာပါတယ်။ ဒီလိုမျိုးလုပ်ဆောင်မှုလည်း မသိတဲ့သူတွေလည်း သိသွားသလို သိတဲ့သူတွေလည်း ပိုပြီးသိရှိသွားပြီး နိုင်ငံခြားငွေလျှော့ချနိုင်တဲ့ အခွင့်အလမ်းတွေက ဒီထဲကနေ ပေါ်ပေါက်လာနိုင်မှာဖြစ်ပါတယ်။

# ဒေသထွက်ကုန် မြို့ဂုဏ်ဆောင်သည့် မအူပင် ပဲမုန့်

မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဒေသထွက်ကုန်မျိုးစုံနှင့် ဒေသထုတ်ကုန် မျိုးစုံစွာရှိကြသည်။ ထိုဒေသထွက်ကုန်နှင့် ဒေသထုတ်ကုန် မျိုးစုံတို့သည် မိမိတို့ထွက်ရှိရာ ဒေသတွင်း စားသုံးခြင်း၊ သုံးစွဲခြင်းတို့အပြင် အများကြိုက်နှစ်သက်သော ပစ္စည်းများသည် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ပါ စီးဆင်းသွားသည်။ လူအများကြိုက်နှစ်သက်၍ မြန်မာတစ်နိုင်ငံလုံး နာမည်ကျော်ကြားသော ဒေသထွက်ကုန် များစွာရှိကြသည်။ ထိုဒေသထွက်ကုန်များဖြစ်သော စားသောက်ကုန်၊ အဝတ်အထည်၊ လက်မှုပညာပစ္စည်း၊ သယံဇာတ၊ ရိုးရာယဉ်ကျေးမှုများသည် ထွက်ရှိရာဒေသ၏ မြို့ဂုဏ်ကို ဆောင်နေကြသည်။ ပစ္စည်းအမျိုးအမည်နှင့်အတူ မြို့နယ်အမည်များကိုပါ တွဲလျက်မှတ်သားထား တတ်ကြသည်။ အကြောင်းအခန့်သင့်၍ ထိုမြို့နယ်ဒေသများကို ရောက်ရှိသည့်အခါ ရပ်ဝေးမှလာရောက်ကြသူများသည် တန်ဖိုးထား ဝယ်ယူလေ့ရှိကြသည်။ ထိုပစ္စည်းများသည် ပြည်တွင်းသာမက ပြည်ပနိုင်ငံများအထိပါ ဆွဲဆောင်နိုင်မှုရှိကြသည်။

မြန်မာနိုင်ငံအတွင်း ထွက်ရှိသော အဖိုးတန် ကျောက်မျက်ရတနာများကို ထွက်ရှိရာဒေသများအလိုက် အရည်အသွေးပေါ်မူတည်၍ တန်ဖိုးသတ်မှတ်ကြသည်။ အဝတ်အထည်နှင့် ဒီဇိုင်းများသည် ထွက်ရှိရာ ဒေသအလိုက် အမျိုးအစားများ ကွဲပြားခြားနားကြသလို ရိုးရာဝတ်စုံများ၊ ရှေးဟောင်းအနုပညာ လက်ရာများ၊ လက်မှုပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ စသည်ဖြင့် အသုံးအဆောင်များစွာတို့သည်လည်း ဒေသစုံမှ ထွက်ရှိသည့်အတွက် မတူကွဲပြားခြားနားကြသည်။ ထိုသို့သော ပစ္စည်းမျိုးစုံရှိသည့်အနက်မှ အများနှစ်သက်ခြင်းခံရသော ပစ္စည်းများသည် ထင်ရှားလူသိများကြသည်။

ထိုဒေသထွက်ကုန်မျိုးစုံရှိသည့်အနက်မှ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မအူပင်မြို့နယ်မှ ပဲမုန့်သည်လည်း လူကြိုက်များ၍ ထင်ရှားလှပေသည်။ မအူပင်မြို့တွင် ပဲမုန့်လုပ်ငန်း လုပ်ကိုင်သော လုပ်ငန်းရှင် လေးဦးခန့်ရှိသည်။ ပဲမုန့်သည် အရသာ ကောင်းမွန်ပြီး ပဲမုန့်ပြုလုပ်ရန်အတွက် အသုံးပြုထားသည့် ကုန်ပစ္စည်းများမှာ ဂျုံ၊ ကုလားပဲ၊ ပဲတီစိမ်း၊ ဆား၊ သကြား၊ ဆီ၊ ထန်းလျက်၊ ဘဲဥ၊ ကြက်ဥ၊ ထောပတ်တို့ပါဝင်သည်။ ပဲမုန့်လုပ်ငန်းကို

**ပဲမုန့်တွင်ပါဝင်သည့် ဂျုံ၊ ကုလားပဲ၊ ပဲတီစိမ်း၊ ဆား၊ သကြား၊ ဆီ၊ ထန်းလျက်၊ ဘဲဥ၊ ကြက်ဥ၊ ထောပတ်များကို အရသာကောင်း ရရှိရန် ဂျုံကို ရေဖြင့်ရောနှော၍ လိုအပ်သော မုန့်လုံးအနေအထား ရရှိရန် စတင်ဆောင်ရွက်ရသည်။**

မအူပင်မြို့နယ်တွင် ၁၉၄၈ ခုနှစ်ကတည်းက စတင်လုပ်ကိုင်လာကြပြီး မိရိုးဖလာ လုပ်ငန်းတစ်ခုကဲ့သို့ ဖြစ်တည်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှစ၍ ခေတ်မီစက်သစ်ကြီးများ တပ်ဆင်၍ အသုံးပြုခဲ့ကြသည်။

ပဲမုန့်တွင်ပါဝင်သည့် ဂျုံ၊ ကုလားပဲ၊ ပဲတီစိမ်း၊ ဆား၊ သကြား၊ ဆီ၊ ထန်းလျက်၊ ဘဲဥ၊ ကြက်ဥ၊ ထောပတ်များကို အရသာကောင်း ရရှိရန် ဂျုံကို ရေဖြင့်ရောနှော၍ လိုအပ်သော မုန့်လုံးအနေအထားရရှိရန် စတင်ဆောင်ရွက်ရသည်။ ကုလားပဲ၊ သို့မဟုတ် ပဲတီစိမ်း သကြားနှင့် ဆားတို့ကို အချိုးကျ ရောနှောကျိုချက်ထားသည့် ပဲအနှစ်များကို ဥာပနာထားပြီး ပဲမုန့်လုံးကလေးများ ပြုလုပ်ကာ ခေတ်မီမုန့်ဖုတ်စက်များဖြင့် မီးအားကို လိုအပ်သလို ချိန်ဆပြီးသောအခါ မွှေးကြိုင်သင်းပျံ့သော ပဲမုန့်များကို ရရှိသည်။

ထုတ်လုပ်မှု အဆင့်ဆင့် ကုန်ကျစရိတ် အနေဖြင့် တစ်ကြိမ်ထုတ်လုပ်ပါက ကုန်ကြမ်း၊ လုပ်သားခ အပါအဝင် ငွေကျပ် ၇၀၀၀၀၀ ခန့် ရင်းနှီးထုတ်လုပ်ပါက အကျိုးအမြတ်အနေဖြင့် ကျပ် ၂၀၀၀၀၀ အကျိုးအမြတ် ကျန်ရှိကြောင်း၊ တစ်လလျှင် ရန်ကုန်မြို့ရှိ အရောင်းကိုယ်စားလှယ်များထံသို့ ပဲမုန့်များ နှစ်ကြိမ် တင်ပို့ဖြန့်ချိနေကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ပဲမုန့်ငါးခုပါ တစ်ထုပ်လျှင် ကျပ် ၂၄၀၀၊ လက်လီရောင်းချပေးသည်။ လက်ဆောင်ပေးရန်၊ လူကြီးမိဘများ ကန်တော့ရန်နှင့် ဒေသပြန် လက်ဆောင်မွန်အဖြစ် အသုံးပြုသည့် ငါးခုစာပါ ခြောက်ထုပ် တစ်ဘူးလျှင် ငွေကျပ် ၁၄၄၀၀ နှင့် ငါးခုစာပါ ၁၀ ထုပ် တစ်ဘူးလျှင် ငွေကျပ် ၂၄၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိသည်။ ဒီဇင်ဘာလအတွင်းတွင် ပိုမို အရောင်းအဝယ် တွင်ကျယ်လျက်ရှိကြောင်း သိရသည်။

ပဲမုန့်ကို အမြို့မြို့ အနယ်နယ်မှ လာရောက်ဝယ်ယူသူများရှိပြီး မအူပင် လက်ဆောင်အဖြစ် နာမည်ကြီး ထင်ရှားသော မုန့်တစ်ခုဖြစ်သည်။ ပဲမုန့်ကို တစ်နေ့လျှင် ဘူးသေး ပျမ်းမျှ ၄၀ ဘူးနှင့် ဘူးကြီး ၅၀ ဘူး ပုံမှန်ရောင်းချရပြီး ပွင့်လင်းရာသီနှင့် ပွဲတော်ရက်များတွင် သုံးဆခန့် ပိုမိုရောင်းချရကြောင်း သိရသည်။

ဈေးကွက်တင်ပို့မှုအနေဖြင့် ပဲမုန့်ရောင်းချရမှုမှာ လူကြိုက်များခြင်းကြောင့် ရန်ကုန်မြို့တွင်လည်း ပဲမုန့်ရောင်းချသူ ကိုယ်စားလှယ် လုပ်ငန်းရှင် သုံးဦးခန့်ရှိပြီး မအူပင်ပဲမုန့်များကို နေပြည်တော်နှင့် အခြား ပြည်နယ်/တိုင်းဒေသကြီးများမှ မှာယူဝယ်ယူလျက်ရှိသည်။ ထုတ်လုပ်မှုမှာ ပဲမုန့်၊ ပူတင်းချွန်မုန့်၊ ဖရုံမုန့်၊ ဘဲဥမုန့်၊ အင်မုန့်၊ ကြက်ဥပူတင်းမုန့်၊ ကြက်ဥပေါင်မုန့် ၊ ပဲကိတ်မုန့် စသည်တို့ ထုတ်လုပ်ရောင်းချကြောင်းနှင့် ပဲမုန့်လုပ်ငန်း အောင်မြင်လာသည့်အတွက် မအူပင်မြို့ပေါ်တွင် ပဲမုန့်ထုတ်လုပ်သည့် လုပ်ငန်းခွဲများ ပိုမိုများပြားလာသည်။

ထိုကဲ့သို့ လူသိများ၍ အများကြိုက်နှစ်သက်ခြင်းကို ရရှိထားသည့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ထွက်ရှိသော စားသောက်ကုန်လုပ်ငန်းဖြစ်သည့် ပဲမုန့်လုပ်ငန်းသည် ဒေသဂုဏ်ကိုဆောင်လျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။

**သဇင်(မအူပင်)**

# ဧရာဝတီတိုင်းဒေသကြီး၏ ပြည်ပပို့ကုန် ငါးရှဉ့်ဈေးကွက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ချောင်း၊ မြောင်း ၊ အင်းအိုင်များမှ သဘာဝအတိုင်း ရှာဖွေဖမ်းဆီးပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက် အရောင်းအဝယ်ဖြစ်နေသည့် ငါးရှဉ့်များကို တစ်နှစ်ပတ်လုံး ပြည်ပသို့ တင်ပို့ရောင်းချမှုရှိပြီး အဓိက ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။


ငါးရှဉ့်များကို ဇွန်လမှ အောက်တိုဘာလအထိ မိုးရာသီတွင် တင်ပို့မှု များ၍ ဒီဇင်ဘာလနောက်ပိုင်းတွင် ငါးရှဉ့်အဝင် နည်းသွားကြောင်း သိရသည်။ ငါးရှဉ့်မျိုးများကို ထိန်းသိမ်းရန် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးစင်တီမီတာလုံးပတ် အထက်သာ ဖမ်းဆီးတင်ပို့ ရောင်းချခွင့်ပြုကြောင်း သိရသည်။ ပုသိမ်ဈေးကွက်မှ ပါးနီ၊ ပါးမွှားနှစ်မျိုးသာ ပြည်ပဈေးကွက်သို့ တင်ပို့လျက်ရှိသည်။ ငါးရှဉ့်တွင် ကျန်းမာရေးအတွက် ပရိုတင်းဓာတ်ကြွယ်ဝစွာပါဝင်ပြီး အာရုံကြော ကောင်းမွန်စေ၍ သတ္တုဓာတ်နှင့် ဗီတာမင်ဓာတ်များ သံဓာတ်များလည်း ပါဝင်ကြောင်းသိရသည်။

သံဓာတ်လုံလောက်မှုမရပါကခန္ဓာကိုယ်ထဲတွင် သွေးနီဉနည်းပါး၍ ခေါင်းမူး၊ ခေါင်းကိုက် အားနည်းခြင်းများ ဖြစ်နိုင်ကြောင်း သိရသည်။ ထို့အပြင် နွားနို့ ၊ ဒိန်ချဉ်တို့ကဲ့သို့ အရိုးကိုသန်မာစေသော phosphorus ဓာတ်များပါဝင်ပြီး သွေးအားကောင်းစေ၍ ငါးရှဉ့်ကို ပြည်တွင်း စားသောက်ဆိုင်များနှင့် ဟိုတယ်များတွင် စားသုံးလျက်ရှိကြောင်း သိရသည်။

ပုသိမ်မြို့ပေါ်ရှိ အဝယ်ဒိုင်များသို့ ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်များရှိ ကျေးရွာများမှ အဓိက လာရောက်ရောင်းချလျက်ရှိပြီး အကောင်အကြီး၊ အသေးပေါ် မူတည်၍ တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀-၁၄၀၀၀ ဈေးဖြင့် ဝယ်ယူလျက်ရှိသည်။ ဝယ်ယူထားသော ငါးရှဉ့်များကို ရေနှစ်ထပ်၊ သုံးထပ် လဲလှယ်၍ ငါးရှဉ့်အသေးများကို ဖယ်ထုတ်ပြီး ဖော့ပုံး၊ ပလတ်စတစ်ပုံးများတွင် ၂၀-၂၅ ပိဿာ ထည့်သွင်း၍ ရန်ကုန်မြို့ရှိ စံပြဈေး၊ လှိုင်သာယာဈေးနှင့် အင်းစိန်မြို့နယ်ရှိ ကြို့ကုန်း ငါးရှဉ့်အဝယ်ဒိုင်များသို့ တင်ပို့လျက်ရှိသည်။ ရန်ကုန်မှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ပုသိမ်မြို့ ငါးရှဉ့်လုပ်ငန်းရှင်ထံမှ သိရသည်။

**မင်းမင်းဦး (ပသ)**

# ဗေဒါနှင့် ငှက်ပျော စွန့်ပစ်ပစ္စည်းများမှ လူသုံးကုန်များထုတ်လုပ်



ပြည်ခရိုင်သဲကုန်းမြို့နယ် အင်းမမြို့ရှိ တံခွန်တိုင်ရွာတွင် ဗေဒါရိုးမှ တစ်ဆင့် တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်ရောင်းချကြောင်း သိရသည်။ ထိုလုပ်ငန်းကို နွေရာသီတွင်လုပ်ကိုင်ပြီး မိုးရာသီတွင် အလုပ်နားကြောင်း သိရသည်။ မိုးရာသီတွင် လုပ်ငန်းများ နားရခြင်းမှာ နေပူလှုန်း၍ မရခြင်း၊ မှိုတက်တတ်ခြင်းတို့ကြောင့်ဖြစ်သည်။ ဗေဒါထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်ပုံမှာ ဗေဒါကို အခြောက်လှန်းပြီး ဗေဒါအလယ်ရိုးကို ထုတ်ယူ၍ ကြိုးကျစ်ပြီး လိုချင်သော လူအသုံးအဆောင် ပစ္စည်းများကို ပြုလုပ်ကြသည်။

ထို လုပ်ငန်းကို မိသားစု တစ်နိုင်တစ်ပိုင်အပြင် စီးပွားဖြစ်လည်း ထုတ်လုပ်ရောင်းချသည်။ ဗေဒါရိုးဖြင့်ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများမှာ ဦးထုပ်၊ ဖိနပ်၊ လက်ကိုင်အိတ်၊ လက်ဆွဲခြင်းနှင့် ဖျာတို့ဖြစ်ကြသည်။ ဦးထုပ်၊ ဖိနပ်၊ လက်ကိုင်အိတ်နှင့် လက်ဆွဲခြင်းတို့ကို လိုချင်သော ဆေးရောင်များကို လှပအောင်၊ ရောင်းတန်းဝင်အောင် ပြုလုပ်ကြသည်။ ဖျာတစ်မျိုးတည်းကိုသာ သဘာဝအရောင်ဖြင့် ပြုလုပ်၍ ရောင်းချကြသည်။

ရောင်းချသော ဈေးကွက်များမှာ အင်းမမြို့၊ တိုက်ကြီး၊ ရန်ကုန်၊ မန္တလေးနှင့် ပြည်မြို့တို့သို့ တင်ပို့ရောင်းချကြသည်။ ဈေးနှုန်းအနေဖြင့် ဦးထုပ်တစ်လုံးလျှင် ကျပ် ၄၅၀၀၊ လက်ဆွဲခြင်း တစ်ခြင်းလျှင် ကျပ် ၇၅၀၀၊ လက်ကိုင်အိတ်အသေး တစ်လုံးလျှင် ကျပ် ၁၀၀၀၀၊ လက်ကိုင်အိတ် အကြီး တစ်လုံးလျှင် ကျပ် ၁၅၀၀၀၊ ဖျာတစ်ချပ်လျှင် ကျပ် ၅၅၀၀၊ ယောကျ်ားစီးဖိနပ် တစ်ရန်လျှင် ကျပ် ၈၅၀၀၊ မိန်းမစီးဖိနပ် တစ်ရန်လျှင် ကျပ် ၆၀၀၀ ဖြင့် ရောင်းချကြောင်း သိရသည်။

အလားတူ ငှက်ပျောပင်စည်မှလည်း လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသည်။ အမျှင်များကိုထုတ်ယူပြီး ချည်အဖြစ်သို့ ရောက်ရှိအောင် ပြုလုပ်ပြီး ချည်ငင်စက်ဖြင့် ချည်ငင်၍ ရက်ကန်းစင်တွင် အဝတ်အထည်များ ရက်လုပ်ကြသည်။ ထို့အပြင် အခြား လူသုံးကုန်ပစ္စည်းများဖြစ်သော ဦးထုပ်၊ ဖိနပ်နှင့် ပိုက်ဆံအိတ်၊ လွယ်အိတ် စသည့် လူသုံးကုန်ပစ္စည်းများလည်း ထုတ်လုပ်ကြသည်။

ကန်များ၊ မြစ်များထဲ၌ အလေ့ကျပေါက်ရောက်သော ဗေဒါနှင့် အသီးသီးပြီး စွန့်ပစ်ရမည့် ငှက်ပျောပင်စည်ကို အမှိုက်အဖြစ် စွန့်ပစ်စရာမလိုဘဲ အသုံးအဆောင် ပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချပြီး တွင်ကျယ်စွာ ထုတ်လုပ်လာနိုင်ပါက အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်သည်။

တန်ဖိုးမြှင့်ထုတ်ကုန် ပြုလုပ်လာနိုင်မည်ဆိုပါက ပြည်ပနိုင်ငံများထိပါ ထိုးဖောက်နိုင်ပြီး ပြည်ပဝင်ငွေများလည်း ရရှိလာနိုင်မည်ဖြစ်သည်။

ထို့ကြောင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ပံ့ပိုးပေးစေလိုကြောင်း တင်ပြလိုက်ရပါသည်။

**ဝေဝေမင်း(ပြည်)**

# နိုင်ငံ့အင်အား တနင်္သာရီတိုင်းဒေသကြီး ရော်ဘာအချောပြား



**စိုးပြုံ (ထားဝယ်)**

တနင်္သာရီတိုင်းဒေသကြီးတွင် ကြက်ပေါင်စေးခေါ် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းအား ရှေးယခင်ကတည်းကပင် ဒေသခံတောင်သူများမှ မိရိုးဖလာ လုပ်ကိုင်ခဲ့ကြပြီး ပြည်တွင်း၊ ပြည်ပကုန်သွယ် ရောင်းဝယ်ခဲ့သည်။ ရော်ဘာ၏ မူရင်းဒေသမှာ ဘရာဇီးနိုင်ငံဖြစ်ပြီး ၎င်းနိုင်ငံ အမေဇုန်မြစ်ဝှမ်းဒေသမှ ရရှိခဲ့သော ရော်ဘာမျိုးစေ့အား အင်္ဂလန်နိုင်ငံ Kew (The Royal Botanic Garden)မှ တစ်ဆင့် အရှေ့တိုင်းပြည်များသို့ စမ်းသပ်စိုက်ပျိုးခဲ့ရာ မြန်မာနိုင်ငံ၌ ၁၈၇၆ ခုနှစ်တွင် စတင်ရောက်ရှိခဲ့ပြီး ယင်းနှစ်တွင် စိုက်ပျိုးထားခဲ့သော အပင်များအနက်မှ ကျန်ရှိသည့် အပင်တစ်ပင်ကို မြိတ်မြို့ လေယာဉ်ကွင်း မြောက်ဘက်ထောင့်အနီးတွင် ယနေ့တိုင် တွေ့ရှိရသည်။

၁၉၀၅ ခုနှစ်မှ စတင် စီးပွားဖြစ် ကျယ်ပြန့်စွာ စိုက်ပျိုးပြီး ၁၉၀၉ ခုနှစ်တွင် ဧက ၉၉၀၀ ကျော်၊ ၁၉၂၀ ပြည့်နှစ်တွင် ဧက ၇၂၀၀၀ ကျော်စိုက်ပျိုးခဲ့ပြီး ၁၉၉၀ ပြည့်နှစ်ခန့်မှစတင်၍ မလေးရှားနိုင်ငံမှ မျိုးကောင်းမျိုးသန့်များအား ပြောင်းလဲစိုက်ပျိုးခဲ့ကာ ယခုအခါ ထားဝယ်ခရိုင်တွင် စိုက်ဧက ၁၃၉၁၂၃ ဧက၊ အစေးလှီး ဧက ၅၄၁၅၇ ဧက၊ မြိတ်ခရိုင်တွင် စိုက်ဧက ၁၄၉၅၁၀၊ အစေးလှီး ဧက ၁၃၉၂၂၇ ဧက၊ ကော့သောင်းခရိုင်တွင် စိုက်ဧက ၃၉၄၆၀၊ အစေးလှီးဧက ၂၀၂၀၀၊ ဘုတ်ပြင်းခရိုင်တွင် စိုက်ဧက ၂၃၇၉၀၊ အစေးလှီးဧက ၂၃၇၃ ဧကရှိပြီး တိုင်းဒေသကြီးတစ်ခုလုံးအနေဖြင့် စိုက်ဧက ၃၅၁၈၈၃ ဧက၊ အစေးလှီးဧက ၂၁၅၉၅၇ ဧက တိုးတက်စိုက်ပျိုးလာကာ တစ်ဧက အထွက်နှုန်း ၈၂၄ ဒသမ ၁၀ ပေါင်ဖြင့် စုစုပေါင်း ၂၂၇၃၁၇၂၇၂ ပေါင်ထွက်ရှိပြီး ပြည်တွင်း၊ ပြည်ပ ကုန်သွယ်ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ရော်ဘာခြံစိုက်သူများအနေဖြင့် တစ်ဧကတွင် အပင် ၂၁၀ ခန့်စိုက်ပျိုးပြီး ရော်ဘာအစေးလှီးရာသီမှာ ပွင့်လင်းရာသီဖြစ်သော မိုးအကုန် ဆောင်းအကူးအောက်တိုဘာလမှစ၍ မိုးမကျမီ မတ်လအထိ အစေးလှီးယူကြသည်။

အစေးလှီးယူပုံမှာ ဒေသအလိုက် ပုံစံမျိုးစုံရှိသော်လည်း အများအားဖြင့် ဒေသခံစိုက်ပျိုးတောင်သူများမှာ သုံးရက်လှီး၊ တစ်ရက်နားစနစ်ဖြင့် လှီးယူလျက်ရှိပြီး မိုးရွာပါက အစေးလှီးယူ၍ မရကြောင်း သိရသည်။ အစေးလှီးယူရာတွင် ရော်ဘာပင်များအား ညဘက် ၁၂ နာရီနောက်ပိုင်းမှ စတင်လှီးယူပြီး ထွက်ရှိလာသော အစေးများအား ခွက်ဖြင့်ခံကာ နံနက် ၆ နာရီတွင် လိုက်လံသိမ်းဆည်းပြီး ရရှိလာသော ရော်ဘာစေးများအား ကန်ထဲတွင် စုပေါင်းထည့်၍ သတ်မှတ်အက်စစ်ပမာဏအားထည့်ကာ ပုံစံခွက်များတွင် ပြောင်းလဲထည့်သွင်းပြီး အချိန် ခြောက်နာရီခန့်ထားပါက စေးခဲသော ရော်ဘာအကြမ်း ဘလောက်တုံးများကို ရရှိသည်။ ၎င်း ရော်ဘာဘလောက်တုံးများအား ကြိတ်စက်ဖြင့် သတ်မှတ် အထူ/အပါး ရရှိအောင် အဆင့်ဆင့် ကြိတ်ခွဲပြီး ရရှိလာသော ရော်ဘာအပြားများအား အချို့ခြံစိုက်တောင်သူများမှ ခြံအတွင်း နေလှန်း၍သော်လည်းကောင်း၊ မှိုင်းခံ၍သော် လည်းကောင်း၊ တစ်ပတ်ခန့် ပြုလုပ်ပြီးလျှင် ရောင်းတန်းဝင် ရော်ဘာ အချောပြား(RSS) များကို ရရှိလာသည်။ ရရှိလာသော RSS အပြားများကို သန့်ရှင်းမှုအပေါ်တွင် မူတည်၍ RSS-1,2,3,4,5 ဟုခွဲခြား၍ ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

အချို့ခြံပိုင်ရှင်များအနေဖြင့် ရော်ဘာအစေးရည် အတိုင်းလည်း စက်ရုံ၊ ကုမ္ပဏီများသို့ တိုက်ရိုက်ရောင်းချလျက်ရှိသည်။ အစေးလှီး လုပ်သား များအနေဖြင့် တစ်ဦးလျှင် တစ်ရက် ငါးဧကခန့် အစေးလှီးယူနိုင်ပြီး လုပ်သားခအနေနှင့် ထွက်ရှိလာသော ရော်ဘာပြားများ ရောင်းရမှုအပေါ် ခြံရှင်တစ်ဝက်၊ လုပ်သားတစ်ဝက် (သို့) ခြံရှင်မှ ၆၀ ရာခိုင်နှုန်းနှင့် အစေးလှီး လုပ်သားမှ ၄၀ ရာခိုင်နှုန်းရရှိကြောင်း သိရသည်။

ဒေသခြံစိုက်ပျိုးသူ တောင်သူများအနေဖြင့် ရော်ဘာကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်သူများသော်လည်း အများစုမှာ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခြင်းမရှိဘဲ ဒေသတွင်းရှိ ကုမ္ပဏီများ၊ စက်ရုံများ၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ မွန်ပြည်နယ်များရှိ အဝယ်ဒိုင်များသို့ တင်ပို့ရောင်းချလျက်ရှိကာ ထိုမှ တစ်ဆင့် ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ရော်ဘာဈေးနှုန်းများအနေဖြင့် ယခင်နှစ်က ပြည်တွင်းဈေးကွက်တွင် ရော်ဘာအစေးရည်အတိုင်း တစ်ပေါင် ကျပ် ၁၃၅၀၊ RSS-5 တစ်ပေါင် ကျပ် ၁၄၅၀၊ RSS-3 တစ်ပေါင် ကျပ် ၁၆၅၀ ရရှိခဲ့ပြီး ယခုနှစ်တွင် ရော်ဘာအစေးရည်အတိုင်း တစ်ပေါင် ကျပ် ၂၅၀၀၊ RSS-5 တစ်ပေါင် ကျပ် ၂၈၈၀၊ RSS-3 တစ်ပေါင် ကျပ် ၂၉၈၀ နှုန်း ဈေးကွက်အတွင်း ရရှိနေကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ရော်ဘာတစ်ပေါင်လျှင် ကျပ် ၉၀၀ ခန့်ရရှိနေပြီး အထွက်ပေါင် ပေါင်း ၂၂၇၃ သိန်းခန့် ထွက်ရှိသဖြင့် တိုင်းဒေသကြီးအတွက် ဝင်ငွေအများဆုံး ရရှိနေသော လုပ်ငန်းတစ်ခုဖြစ်ပြီး ဒေသခံ ခြံစိုက်တောင်သူများနှင့် လုပ်သားများအတွက်လည်း ဝင်ငွေအထူးရရှိနေသော လုပ်ငန်းတစ်ခုဖြစ်သည်။ သို့ရာတွင် တနင်္သာရီတိုင်းဒေသကြီး ခြံစိုက် တောင်သူများအနေဖြင့် အချို့သော အခက်အခဲများကြောင့် ပြည်ပသို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်မှု မရှိဘဲ တစ်ဆင့်ခံ တင်ပို့ရောင်း ချနေရသည်။ အရည်အသွေးပိုမိုကောင်းမွန်အောင် ထုတ်လုပ်နိုင် မည့် စက်ရုံ/ အလုပ်ရုံ များအား တိုးချဲ့ရင်းနှီးမြှုပ်နှံပါက ဝင်ငွေ ပိုမိုရရှိနိုင်မည်ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့်လုပ်ငန်းသည် နိုင်ငံအတွင်း ရော်ဘာမှ ထုတ်လုပ်သည့် Value Added တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်လာနိုင်ပြီး ပြည်ပဈေးကွက်သို့လည်း ပိုမိုတင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိသော ရော်ဘာ အချောပြားများသည် နိုင်ငံအတွက် အားထားရမည့် အဓိကလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက**
**အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၃ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းတိုင်ကြားနိုင်ပါသည်-

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး
ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။
ဖုန်း - ၀၆၇(၃)၄၀၈၅၀၅
အီးမေးလ် - mmcc.office@commerce.gov.mm

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)
## စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# မန္တလေးတိုင်းဒေသကြီး၏ ဆီထွက်သီးနှံ စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်အခြေအနေ

မြို့ရှိ၊ ထားအိဝင်း

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်တွင် ဆီထွက်သီးနှံများဖြစ်သော နှမ်း၊ မြေပဲ၊ နေကြာများကို စိုက်ပျိုးကြပြီး ထွက်ရှိသော သီးနှံများကို ဒေသတွင်းကြိတ်ခွဲမှုအပြင် အခြားဒေသများသို့တင်ပို့ ရောင်းချကြသည်။

**မိုးနှမ်း**

မိတ္ထီလာခရိုင်တွင် မိုးနှမ်းကို မေလနှင့်ဇွန်လများတွင် စိုက်ပျိုးကြပြီး မိုးနှမ်းစိုက်ဧကမှာ ၃၂၀၇၇၆ ခန့်ရှိပြီး အထွက်စုစုပေါင်း ၉၆၂၄၀၉ တင်းရှိကြောင်း သိရသည်။ မိုးနှမ်းမှာ စက်တင်ဘာလတွင် စတင်ထွက်ပေါ်ပြီး ရာသီချိန်တွင် နှမ်းညိုတစ်တင်းလျှင် ကျပ် ၁၀၀၀၀၀-၁၀၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ထွက်ရှိသော နှမ်းများကို ဒေသတွင်း ဆီစက်လုပ်ငန်းများအပြင် မန္တလေးမြို့သို့ အဓိကတင်ပို့ရောင်းချကြောင်း သိရသည်။

**မိုးမြေပဲ**

မိုးမြေပဲကို မေလနှင့်ဇွန်လတွင် စိုက်ပျိုးကြပြီး မိုးမြေပဲ စိုက်ဧကမှာ ၄၇၂၆၉ ခန့်ရှိပြီး အထွက်စုစုပေါင်း ၁၃၃၉၄၄၅ တင်း ရှိကြောင်း သိရသည်။ မိုးမြေပဲမှာ နိုဝင်ဘာလတွင် စတင်ထွက်ပေါ်ပြီး ရာသီချိန်တွင် မြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ် ၈၇၀၀၊ မြေပဲဂွန်ဆန် တစ်ပိဿာလျှင် ကျပ် ၈၃၀၀ ဈေးဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**မိုးနေကြာ**

မိုးနေကြာကို မေလနှင့်ဇွန်လတွင် စိုက်ပျိုးပြီး စိုက်ဧက ၃၇၄၇ ဧက အထွက်စုစုပေါင်း ၂၆၁၀၈ တင်းရှိသည်။ မိုးနေကြာမှာ စက်တင်ဘာလတွင် ထွက်ပေါ်ပြီး ရိတ်သိမ်းမှု အနည်းငယ်ကျန်ရှိနေသေးကြောင်း သိရသည်။ ဈေးကွက်အတွင်း နေကြာ တစ်ပိဿာလျှင် ကျပ် ၆၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် မြေပဲဆီ တစ်ပိဿာလျှင်ကျပ် ၁၅၀၀၀-၁၆၀၀၀၊ နှမ်းဆီ တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀-၁၆၀၀၀၊ နေကြာဆီ တစ်ပိဿာလျှင် ကျပ် ၁၉၀၀၀၊ ပဲဖတ် တစ်ပိဿာ လျှင် ကျပ်၆၂၀၀၊ နှမ်းဖတ်တစ်ပိဿာလျှင် ကျပ် ၄၃၀၀၊ နေကြာဖတ် တစ်ပိဿာလျှင် ကျပ် ၃၃၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခင် နိုဝင်ဘာလ တတိယပတ်နှင့် ကာလတူနှိုင်းယှဉ်လျှင် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီဈေးနှုန်းတည်ငြိမ်နေပြီး မြေပဲဖတ် တစ်ပိဿာလျှင် ကျပ် ၄၅၀၊ နှမ်းဖတ်တစ်ပိဿာလျှင် ကျပ် ၅၀၀၊ နေကြာဖတ် တစ်ပိဿာလျှင် ကျပ် ၂၀၀ ခန့် ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။ ဈေးနှုန်းမြင့်တက်လာရခြင်းမှာ ဒေသတွင်း ဆီကြိတ်ခွဲမှုနည်း၍ ထုတ်လုပ်မှုနည်းပြီး ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်များအား တိရစ္ဆာန်အစာအဖြစ် ဈေးကွက်ဝယ်လိုအား မြင့်မားလာခြင်းကြောင့် ဖြစ်သည်ဟု ကုန်သည်လုပ်ငန်းရှင်များထံမှ သိရသည်။

**မြေပဲ**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်တွင် ဆီထွက်သီးနှံဖြစ်သည့် မိုးမြေပဲကို အဓိကစိုက်ပျိုးလျက်ရှိပြီး ဆောင်းမြေပဲကို အနည်းငယ်သာ စိုက်ပျိုးမှုရှိသည်။ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် မိုးမြေပဲကို ၆၃၈၆၀ ဧကစိုက်ပျိုးခဲ့ပြီး ၂၆၉၄၅၅၁ တင်း ထွက်ရှိခဲ့သည်။ ဆောင်းမြေပဲ စိုက်ပျိုးမှုအနေဖြင့် ၁၈၄ ဧကသာ စိုက်ပျိုးခဲ့ပြီး တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ၄၆ တင်းဖြင့် တင်းပေါင်း ၈၄၆၄ တင်း ထွက်ရှိခဲ့သည်။ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိုးမြေပဲကို စိုက်ပျိုးရန် လျာထားမှုအနေဖြင့် ၅၈၂၇၁ ဧကလျာထားမှုရှိပြီး မိုးရာသီကုန်အထိ ၆၅၈၉၀ ဧကစိုက်ပျိုးပြီး ရိတ်ဧက ၂၈၅၁၁ ဧက ရိတ်သိမ်းပြီး အထွက်တင်း စုစုပေါင်း ၁၂၀၄၂၀၄ တင်းထွက်ရှိခဲ့သည်။ ဆောင်းမြေပဲစိုက်ပျိုးရန် လျာထားမှုမှာ ၃၁၉ ဧကရှိပြီး ယခုစိုက်ပျိုးပြီးစီးမှုမှာ ၁၄၁ ဧကရှိသည်။ ထွက်ရှိသော မြေပဲများကို ကျောက်ပန်းတောင်းမြို့နှင့် ထိစပ်လျက်ရှိသော ကျေးရွာများမှ မြို့ပေါ်ရှိ ပွဲရုံများနှင့် ဆီစက်များသို့လာရောက်ရောင်းချကြသည်။

၂၀၂၃ -၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် မြေပဲဆီဆန် တစ်တင်းလျှင် ကျပ် ၁၀၀၅၀၀၊ မြေပဲလုံးဆန်တစ်တင်းလျှင် ကျပ် ၁၀၅၀၀၀၊ မျိုးမြေပဲတစ်တင်းလျှင် ကျပ် ၁၂၀၀၀၀ တို့ဖြင့် ရောင်းချခဲ့ကြပြီး ၂၀၂၄-၂၀၂၅ ခုနှစ် ကာလတူလတွင် မြေပဲဆီဆန် တစ်တင်းလျှင်ကျပ် ၁၂၄၅၀၀၊ မြေပဲလုံးဆန် တစ်တင်းလျှင် ကျပ် ၁၂၇၅၀၀၊ မျိုး မြေပဲတစ်တင်းလျှင် ကျပ် ၁၃၅၀၀၀ ဝန်းကျင်များဖြင့် အရောင်းအဝယ် ဖြစ်ပေါ်လျက်ရှိသည်။

၂၀၂၄-၂၀၂၅ ခုနှစ်တွင် ကျောက်ပန်းတောင်းမြို့နယ်၏ မြေပဲတစ်ဧကစိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် ကျပ် ၉၄၁၀၀၀ ဝန်းကျင် ကျသင့်ပြီး တစ်ဧက ပျမ်းမျှအထွက် ၄၂ ဒသမ ၁၉ တင်းနှုန်း ထွက်ရှိခဲ့သည်။ ပေါ်ချိန်တွင် မြေပဲတောင့်တစ်တင်းလျှင် ကျပ် ၃၈၅၀၀ နှုန်း ရောင်းချခဲ့ရပြီး တစ်ဧကဝင်ငွေ ၁၆၂၄၃၁၅ ကျပ် ရရှိ၍ တောင်သူအကျိုးအမြတ်မှာ ၆၈၃၃၁၅ ကျပ်ရရှိကြောင်း သိရသည်။

# မန္တလေးမြို့၏ သစ်သီးဝလံဈေးကွက်

**စတော်ဘယ်ရီ**

စတော်ဘယ်ရီသီးကို ရှမ်းပြည်နယ် ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသတွင် ပအိုဝ်နီမျိုးများကို စိုက်ပျိုးပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြသည်။ ယခုအခါတွင် တောင်ပေါ်ဒေသမှ ပျိုးပင်များကို ပုပ္ပားတောင်ခြေတစ်ဝိုက်တွင် စမ်းသပ်စိုက်ပျိုး အောင်မြင်နေပြီဖြစ်သည်။

စတော်ဘယ်ရီမျိုးအနေဖြင့် ဒေသသီး၊ ထိုင်ဝမ်မျိုး အကြွပ်ချိုမွှေး စတော်ဘယ်ရီသီး၊ ဂျပန်ချိုမွှေးသီးဟူ၍ သုံးမျိုးရှိကြောင်း သိရသည်။ စတော်ဘယ်ရီကို ဇူလိုင်လမှ အောက်တိုဘာလအထိ စိုက်ပျိုးချိန် ယူရပြီး စတင်ထွက်ရှိချိန်မှ ဧပြီလကုန်အထိ ခူးဆွတ်ယူနိုင်ကြောင်း သိရသည်။

စတော်ဘယ်ရီသီးမှာ ခန္ဓာကိုယ်ကို အကျိုးပြုစေသည့် ဓာတ်များစွာ ပါဝင်သည်။ ယခင်နှစ်က စတော်ဘယ်ရီ များလှိုင် လှိုင်ပေါ်သည့် ဖေဖော်ဝါရီတွင် ဈေးကွက်အတွင်းတွင် ဒေသသီး တစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ ထိုင်ဝမ်အကြွပ် ချိုမွှေးသီး တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀၊ ဂျပန်ချိုမွှေးသီး တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀ ဈေးဖြင့် ရောင်းချခဲ့ကြောင်း သိရသည်။ ယခုနှစ် စတော်ဘယ်ရီ ပေါ်ဦးပေါ်ဖျားချိန်တွင် ဂျပန်စတော်ဘယ်ရီချိုမွှေးသီး တစ်ပိဿာလျှင် ကျပ် ၂၄၀၀၀ခန့်နှင့် ထိုင်ဝမ်မျိုး အကြွပ် စတော်ဘယ်ရီသီး တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀ ခန့်ရှိပြီး ဒေသသီးမှာ မထွက်ရှိသေးကြောင်း စတော်ဘယ်ရီစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

အသီးတင်သာမက စတော်ဘယ်ရီအရွက်ကို လက်ဖက်ရည်ကဲ့သို့ ဖျော်သောက်ပေးခြင်းဖြင့်လည်း အာဟာရဓာတ်များကို ရရှိစေသည်ဟု သိရသည်။ ထို့ကြောင့် စတော်ဘယ်ရီသည် ကျန်းမာရေးအတွက် အထောက်အကူဖြစ်၍ အသုံးဝင်သော သီးနှံတစ်မျိုးဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

**ထောပတ်သီး**

မန္တလေးဈေးကွက်အတွင်း ဒီဇင်ဘာလ ဒုတိယပတ်မှစ၍ ထောပတ်သီး ဝင်ရောက်မှုများပြားကြောင်း သိရသည်။ မန္တလေးဈေးကွက်သို့ပြင်ဦးလွင်၊ မိုးကုတ်၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်မြောက်ပိုင်း) ဒေသတို့မှ ထွက်ရှိသည့်ထောပတ်သီးများ ဝင်ရောက်လျက်ရှိသည်။ ထောပတ်သီးကို အာဟာရဓာတ်စာအဖြစ် စားသုံးခြင်း၊ ဖျော်ရည်၊



စားသောက်ကုန်နှင့် လူသုံးကုန်များတွင် ပါဝင်ထည့်သွင်း အသုံးပြုခြင်းသာမက ပြည်ပသို့တင်ပို့ ရောင်းချလျက်ရှိသည်။

ပြည်တွင်းမှ စိုက်ပျိုးသော ထောပတ်သီး အမျိုးအစားများမှာ ပီတာဆန် (Peterson) မျိုး၊ (Russel 034/034)မျိုး၊ အမရာမျိုး (ဒေသမျိုး)၊ ဘာဘေးနီးယား (Buccaneer) မျိုး၊ ပင်ကာတန် (Pinkerten)မျိုး၊ ဟက်စ် (Hass) မျိုး၊ မြောက်ကျွန်းသူ (ဒေသမျိုး)တို့ ဖြစ်ကြောင်း သိရသည်။ မန္တလေးဈေးကွက်အတွင်းသို့ ပြင်ဦးလွင်နှင့် တောင်ကြီးဒေသတို့မှ ထွက်ရှိသည့် ဟက်စ် (Hass) မျိုး၊ ဒေသမျိုးဖြစ်သည့် အမရာမျိုးနှင့် မြောက်ကျွန်းသူမျိုး (ဒေသမျိုး) ထောပတ်သီးများ ဝင်ရောက်မှုများကြောင်း တွေ့ရသည်။ ပြင်ဦးလွင်နှင့် တောင်ကြီးဒေသထွက် ဟက်စ် (Hass)အမျိုးအစား ထောပတ်သီးများမှာ အစေ့သေး၍ အသားပါဝင်မှုများသည့်အတွက် လူကြိုက်များကြောင်းသိရသည်။ မန္တလေးဈေးကွက်တွင် ပြင်ဦးလွင်နှင့် တောင်ကြီးဒေသထွက် ထောပတ်သီးဟက်စ်(Hass)အမျိုးအစား လက်လီဈေးမှာ တစ် ပိဿာလျှင် ကျပ် ၉၀၀၀ နှင့် ကျပ် ၁၀၀၀၀၊ တောင်ကြီးရှာငံဒေသထွက် အမရာမျိုးထောပတ်သီး မှာ လုံးဝန်းပြီး လတ်ဆတ်မှုရှိပြီး တစ်လုံးလျှင် ကျပ် ၁၀၀၀ နှင့် ကျပ် ၁၅၀၀၊ ပြင်ဦးလွင်ဒေသထွက် မြောက်ကျွန်းသူမျိုး ထောပတ်သီးမှာ တစ်လုံးလျှင် ကျပ် ၈၀၀ နှင့် ကျပ် ၁၂၀၀ ဈေးတို့ဖြင့် အရွယ်အစားပေါ် မူတည်၍ ရောင်းချလျက်ရှိကြောင်းတွေ့ရသည်။

**ကီလိုမာလကာ**

ကျောက်ဆည်မြို့နယ်ရှိ တောင်သူအများစုမှာ စပါးစိုက်ပျိုးမှုအပြင် ဟင်းသီးဟင်းရွက် သစ်သီးဝလံများအား စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ တောင်လွှဲကျေးရွာ၊ တောင်နောက်ကျေးရွာ၊ သံရွာကျေးရွာ၊ သံနောက်ကျေးရွာနှင့် အရှေ့သပြေကုန်းကျေးရွာများတွင် အများဆုံး စိုက်ပျိုးကြပြီး ဈေးကွက်ဝယ်လိုအားရှိသည့် ကီလိုမာလကာပင်များကိုလည်း စိုက်ပျိုးလာကြသည်။ ၎င်းသီးနှံကို ယာမြေများတွင် ဩဂုတ်၊ စက်တင်ဘာလများတွင် အများဆုံးစိုက်ပျိုးကြသည်။ မိုးဦးကျကာလများတွင် စိုက်ပျိုးပါက အပင်များ ပိုမိုရှင်သန်နိုင်ပြီး အစေ့မျိုးပင်(သို့မဟုတ်) မြေထုပ်စည်းမျိုးပင်ကို တစ်နှစ်သားအရွယ်ရောက်လျှင် မြေချစိုက်ပျိုးနိုင်သည်။ မာလကာပင်ကို အစေ့မှ စိုက်ပျိုးလျှင် ၄-၅ နှစ်ထိ ကြာနိုင်ကြောင်း၊ ကိုင်းဆက်မြေထုပ်ပျိုးပင်သည် ၁ နှစ်ခွဲ ၂ နှစ်အတွင်းမှာ အသီးသီးကြောင်း၊ စီးပွားဖြစ်စိုက်ပျိုးသော တောင်သူဦးကြီးများက ကိုင်းဆက် မြေထုပ်စည်း အပင်ကိုသာ အများဆုံးစိုက်ပျိုးကြကြောင်းသိရသည်။

ပျိုးပင်တစ်ပင်လျှင် အပင်အရွယ်အစားပေါ်မူတည်၍ ကျပ် ၁၅၀၀-၂၅၀၀-၃၅၀၀-၄၀၀၀ အထိ ဈေးနှုန်းရှိသည်။ တစ်ဧကလျှင် ကီလိုမာလကာပင် ၃၅၀ ပင် စိုက်ပျိုးကြပြီး တစ်နှစ်ခွဲသားတွင် ရောင်းတန်းဝင် အသီးများ စတင်ခူးဆွတ်ရကြသည်။ စတင် ခူးဆွတ်ချိန်တွင် မာလကာသီးအလုံး ၉၀၀-၁၀၀၀ ခန့် ခူးဆွတ်ရကြောင်း၊ မိုးဦးကျနှင့် မိုးရာသီတွင် အသီး အမြောက်အမြားထွက် ရှိသော်လည်း ဆောင်းနှင့် နွေတွင် အသီးအထွက်နှုန်း လျော့နည်းကြောင်း သိရသည်။ ကီလိုမာလကာသီး တစ်လုံးလျှင် လက်လီဈေး ကျပ် ၇၀၀-၅၀၀၊ လက်ကားဈေး အလုံးအကြီး၊ အသေးပေါ်မူတည်၍ ကျပ် ၃၀၀-၄၀၀ ရှိသည်။ မာလကာသီးတွင် ဗီတာမင်စီများစွာ ပါဝင်သဖြင့် ကျန်းမာရေးနှင့် ညီညွတ်ပြီး စီးပွားလည်းဖြစ် ဝင်ငွေလည်း တိုးသောကြောင့် စီးပွားရေး တွက်ခြေကိုက်ကြောင်း တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ချိုမီကျော်၊ ယဉ်ယဉ်ရွှေ ၊ မြတ်သက်ခိုင်**

**Ref: Green Way, Dr.Khin Saw Nwe**

# တောင်ကိုရီးယား၏ ဝမ်ငွေတန်ဖိုး ကျဆင်းလာခြင်းက ခရီးသွားလုပ်ငန်းများနှင့် ပြည်ပတွင် ကျောင်းတက်နေသူများအပေါ် ထိခိုက်မှုရှိလာ

တောင်ကိုရီးယားနိုင်ငံ၏ နိုင်ငံရေးအခြေအနေ ရှုပ်ထွေးနေသည့် အကျိုးဆက်ကြောင့် ကိုရီးယားဝမ်ငွေသည် အမေရိကန်ဒေါ်လာနှင့် လဲလှယ်ရာတွင် တန်ဖိုးကျဆင်းလာခဲ့ပြီး တစ်ဒေါ်လာလျှင် ၁၄၅၀ ဝမ်အထက်သို့ ရောက်ရှိလာသည်။ ယင်းသို့ဝမ်ငွေတန်ဖိုးကျဆင်းမှုသည် ခရီးသွားလုပ်ငန်းများနှင့် ပြည်ပတွင် ကျောင်းတက်နေသူများကိုသာမက ကဏ္ဍအမျိုးမျိုးမှ ပြည်သူများအတွက် စိုးရိမ်စရာတစ်ခုဖြစ်လာသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃ ရက်နောက်ပိုင်း ပြည်တွင်းသို့ ခရီးသည် ဝင်ရောက်မှု လျော့ကျလာခဲ့ပြီး ပြည်ပမှ ခရီးသည်များသာမက တောင်ကိုရီးယားနိုင်ငံသားများက ပြည်ပသို့ခရီးသွားရန် စီစဉ်ထားမှုများကိုလည်း ဖျက်သိမ်းလာကြသည်။ ပြည်တွင်းသို့ တရုတ်နိုင်ငံမှခရီးသည်များ အဝင်များမည်ဟု မျှော်မှန်းထားသော်လည်း ထင်ထားသည်နှင့်ကွဲလွဲပြီး ခရီးသည်ဝင်ရောက်မှု နည်းပါးနေသည်။ နိုင်ငံတကာခရီးသွားများအသုံးများသည့် Online Communities များတွင် ဝမ်ငွေတန်ဖိုး ကျဆင်းနေခြင်းကြောင့် အခြားသော နိုင်ငံများသို့သာ သွားရောက်ရန် အစီအစဉ်ပြောင်းလိုက်ကြောင်း ရေးသားဖော်ပြနေကြသည်။

ဝမ်ငွေတန်ဖိုး ဆက်လက်ကျဆင်းမည်ဆိုပါက ပြည်ပတွင် သွားရောက်ပညာသင်ကြားနေကြသော ကိုရီးယားနိုင်ငံသားများသည်လည်း အိမ်သို့ပြန်လာရမည့် အလားအလာများနိုင်သည်ဟု စိုးရိမ်ပူပန်မှုများ ရှိလာသည်။ သို့ဖြစ်၍ လာမည့်စာသင်နှစ်အတွက် ကျောင်းလခနှင့် အဆောင်လခများ ပေးချေရန် ငွေများကို ကြိုတင်လဲလှယ်ထားကြသည်။

ပြည်တွင်း၌ ဝမ်ငွေဖြင့်လစာရသည့် နိုင်ငံခြားသားလုပ်သားများကလည်း ဝမ်ငွေတန်ဖိုးကျဆင်းမှုကြောင့် ၎င်းတို့ မိသားစုများထံသို့ ငွေလွှဲပို့ရာတွင် လျော့နည်း၍ ရရှိလာကြမည်ကို စိုးရိမ်ပူပန်ကြသည်။ သို့သော် အမေရိကန်ဒေါ်လာဖြင့် ဝင်ငွေရရှိသူများအနေဖြင့် ယခုအချိန်တွင် အကျိုးအမြတ်များနေကြောင်း ဒီဇင်ဘာ ၂၅ ရက်ထုတ် Korea Times သတင်းစာတွင် ဖော်ပြထားပါသည်။

**Source: https://www.koreatimes.co.kr/www/biz/2024/12/175_389094.html,**

**ပပ၊ စီးပွားရေးသံမှုး**

## ၂၀၂၅ ခုနှစ်၌ စားအုန်းဆီကြမ်း တစ်တန်ဈေးနှုန်း ရင်းဂစ် ၄၀၀၀ မှ ၅၀၀၀ အတွင်းရှိနိုင်

စားအုန်းဆီ အဓိကထုတ်လုပ်ရာ ဈေးကွက်များဖြစ်သည့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံများတွင် ထုတ်လုပ်မှုနှေးကွေးနေခြင်းကြောင့် ၂၀၂၅ ခုနှစ်တွင် စားအုန်းဆီဈေးနှုန်းများသည် တစ်တန်လျှင် ရင်းဂစ် ၄၀၀၀ မှ ၅၀၀၀ ကြား (အမေရိကန်ဒေါ်လာ ၈၉၉ မှ အမေရိကန်ဒေါ်လာ ၁၁၂၄ ကြား) ရှိနိုင်မည်ဟု အင်ဒိုနီးရှားနိုင်ငံ အခြေစိုက် စားအုန်းဆီထုတ်လုပ်သည့်နိုင်ငံများ ကောင်စီ (CPOPC) ၏ ခန့်မှန်းချက်ကို Oils and Fats International သတင်းဌာနက ဒီဇင်ဘာ ၂၃ ရက်တွင် ဖော်ပြသည်။

ကမ္ဘာ့စားအုန်းဆီဝယ်လိုအား ကြီးထွားလာသည်နှင့်အမျှ ထုတ်လုပ်မှုရပ်တန့်ခြင်းက ကုန်ပစ္စည်း ပြတ်လပ်မှုနှင့် ဈေးနှုန်းများ ပိုမိုမြင့်မားခြင်းတို့ဖြစ်ပေါ်စေသည်ဟု ဒီဇင်ဘာ ၆ ရက်တွင် မလေးရှားအစိုးရပိုင် Bernama သတင်းအေဂျင်စီဌာနသို့ CPOPC မှ ဒုတိယအထွေထွေအတွင်းရေးမှူး Mr. Nageeb Wahab က ပြောကြားခဲ့ကြောင်း သိရသည်။

စားအုန်းဆီဈေးကွက်ကို ပိုမိုအားကောင်းစေသည့် မလေးရှားနိုင်ငံ၌ လက်ရှိဖြစ်ပေါ်နေ သော ရေလွှမ်းမိုးမှုများ၏ ကြီးမားစွာ သက်ရောက်မှုကြောင့် စားအုန်းဆီ လက်ရှိပေါက်ဈေးနှုန်းသည် တစ်တန်လျှင် ရင်းဂစ် ၅၀၀၀ (အမေရိကန်ဒေါ်လာ ၁၁၂၄) ဝန်းကျင် ဖြစ်ပေါ်နေမှုမှာ ယာယီအခိုက်အတန့်မျှသာ ဖြစ်နိုင်သည်ဟု Mr. Wahab က ဆက်လက်ပြောကြားသည်။

သက်တမ်းရင့် ဆီအုန်းပင်အိုစိုက်ခင်းများ ပိုမိုများပြားခြင်း၊ ကြိုတင်ခန့်မှန်း၍မရသော ရာသီဥတု အခြေအနေနှင့် ဆီအုန်း စိုက်ခင်းအသစ်များကို အကန့်အသတ်ဖြင့် တိုးချဲ့စိုက်ပျိုးရခြင်းတို့အပြင် ထုတ်လုပ်မှု နှေးကွေးရပ်တန့်နေခြင်းသည် ကမ္ဘာလုံးဆိုင်ရာ စားအုန်းဆီရောင်းလိုအားကို ထိခိုက်စေပြီး ဈေးနှုန်းများ ပိုမိုမြင့်မားလာစေနိုင်သည်ဟု ခန့်မှန်းရကြောင်းဖြင့် Wahab က ပြောကြားခဲ့သည်ဟု ဒီဇင်ဘာ ၆ ရက်တွင် New Straits Times (NST) သတင်းဌာနက အစီရင်ခံ ဖော်ပြသည်။

CPOPC ကောင်စီသည် ဆီအုန်းထုတ်လုပ်သော နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်ထားသော အစိုးရ အချင်းချင်း ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး မလေးရှား၊ အင်ဒိုနီးရှား၊ ဟွန်ဒူးရပ်စ်နှင့် ပါပူဝါနယူးဂီနီတို့က အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကိုလံဘီယာ၊ ဂါနာ၊ နိုင်ဂျီးရီးယားနှင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတို့က လေ့လာသူ အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်သည်။

ကမ္ဘာ့တတိယအများဆုံး စားအုန်းဆီထုတ်လုပ်သည့် ထိုင်းနိုင်ငံကို CPOPC အဖွဲ့ဝင်အဖြစ် ပါဝင်လာစေရေး အဆိုပါအဖွဲ့က ကြိုးပမ်းလုပ်ဆောင်နေသည်ဟု NST သတင်းဌာန၏ အစီရင်ခံစာ၌ပါရှိကြောင်း Oils and Fats International သတင်းဌာနက ဖော်ပြထားသည်။ ။

**Source: Oils and Fats International,**

**D Thi, DOCA**

## ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနသည် ပါကစ္စတန်နှင့် အိန္ဒိယတို့ထံမှ စုစုပေါင်းဆန်တန်ချိန် ၂ သန်း တင်သွင်းရန် ညှိနှိုင်းလျက်ရှိ

ဖိလစ်ပိုင်နိုင်ငံ၏ ဆန်လိုအပ်ချက်အား ပြည့်မီရန် ပါကစ္စတန်နှင့် အိန္ဒိယနှစ်နိုင်ငံမှ စုစုပေါင်း ဆန်တန်ချိန် ၂ သန်း တင်သွင်းရန် ဖိလစ်ပိုင်စိုက်ပျိုးရေးဌာနမှ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးဝန်ကြီးမှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်က ပြောကြားခဲ့သည်။ ပါကစ္စတန်နိုင်ငံနှင့် ဆွေးနွေးနေမှုမှာ ပြီးစီးခါနီးအခြေအနေတွင် ရှိနေပြီး ဖိလစ်ပိုင်နိုင်ငံ ဆန်လိုအပ်ချက်၏ ၂၅ ရာခိုင်နှုန်း ဖြစ်သော တစ်သန်းအား နှစ်စဉ်တင်သွင်းခွင့်ရရှိရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်လိမ့်မည်ဟု မျှော်မှန်းထားသည်။ အလားတူ အိန္ဒိယနိုင်ငံနှင့်လည်း ညှိနှိုင်းဆွေးနွေးနေဆဲဖြစ်ကြောင်းနှင့် ဆန်ရောင်းချသည့်နိုင်ငံများကြား တန်းတူရောင်းချခွင့်နှင့် ယှဉ်ပြိုင်ခွင့်ရရှိစေရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

သမ္မတ မားကို့စ်ဂျူနီယာ၏ ဆန်တင်သွင်းခြင်းဆိုင်ရာ မဟာဗျူဟာမြောက်သော နေရာများမှ ဝယ်ယူခြင်းသည် စားသုံးသူများအတွက် ဈေးနှုန်းသက်သာစွာ ရရှိနိုင်စေနိုင်မည်ဖြစ်သည်။ လက်ရှိတွင် ဗီယက်နမ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံ၏ ထိပ်တန်းဆန်ရောင်းချတင်ပို့နေသူဖြစ်နေပြီး ဆန်တန်ချိန် ၁ ဒသမ ၅ သန်းမှ ၂ သန်းထိ တင်သွင်းရန် ငါးနှစ်သက်တမ်းရှိနားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးထားကြောင်းနှင့် ယခုကဲ့သို့ ဈေးကွက်ချဲ့ထွင် ဝယ်ယူခြင်းကလည်း ဖိလစ်ပိုင်နိုင်ငံတွင်း ဆန်ဈေးနှုန်းနှင့် ပြည်တွင်းဆန်ရိက္ခာဖူလုံစေသည့် အကြောင်းရင်းတစ်ခု ဖြစ်လိမ့်မည်ဟု ပြောကြားထားသည်။

စိုက်ပျိုးရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော Rice-for-All Program အတွက်လည်း ပြည်တွင်းရှိ ဆန်တင်သွင်းသူများမှလည်း ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဆန်တစ်ကီလိုလျှင် ပီဆို ၄၀၊ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေသည့် Kadiwa Store များကိုလည်း ရည်မှန်းထားသည့်အတိုင်း လာမည့် ဇန်နဝါရီလမတိုင်မီ ဆိုင်ခွဲပေါင်း ၃၀၀ အထိ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အတွက် စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းရှိ ဆန်ကုန်သည်များနှင့် နိုင်ငံတကာမှ ဆန်ရောင်းချသူများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးဝန်ကြီးက ပြောကြားခဲ့သည်။ ပါကစ္စတန်နိုင်ငံအနေဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် တစ်သန်းခန့်အထိ တင်ပို့နိုင်သည်ဟု ပြောကြားထားကြောင်းသိရသည်။

**ကေသွယ်ခိုင် (စီးပွားရေးသံမှုး၊ မနီလာမြို့)**

## ၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ရေထွက်ကုန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ ရောက်ရှိ

ထောက်ပံ့ပို့ဆောင်ရေး၊ ကုန်ကြမ်းပစ္စည်းနှင့် ဆက်စပ်သည့် ဈေးကွက်များတွင် စိန်ခေါ်မှုများ ရှိနေသော်လည်း ၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်၏ ရေထွက်ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံရောက်ရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ပင်လယ်စာတင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်း (VASEP) က ဒီဇင်ဘာ ၂၃ ရက်က ပြောကြားခဲ့ကြောင်း သိရသည်။

ပုစွန်နှင့် Pangasius ငါးတင်ပို့မှုမှ ဝင်ငွေရရှိမှုသည် စုစုပေါင်းဝင်ငွေရရှိမှု၏ ၆၀ ရာခိုင်နှုန်းရှိကြောင်းသိရသည်။ ပုစွန်များတင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၄ ဘီလီယံနှင့် Pangasius ငါးတင်ပို့မှုမှတစ်ဆင့် ဝင်ငွေအမေရိကန်ဒေါ်လာ ၂ ဘီလီယံရရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ကထက် ၁၆ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၈ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်းသိရသည်။

ကုန်ကြမ်းပစ္စည်း ရှားပါးမှုရှိသော်လည်း တူနာငါးတင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ၁ ဘီလီယံ ရရှိခဲ့ကြောင်းသိရသည်။ အခြားငါးများ တင်ပို့မှုမှအမေရိကန်ဒေါ်လာ ၁ဒသမ၉ ဘီလီယံနှင့် ရေဘဝဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၆၂ သန်း ရရှိခဲ့ကြောင်း သိရသည်။ ဗီယက်နမ်သည် ကမ္ဘာပေါ်တွင် တရုတ်နှင့်နော်ဝေ၏နောက်တွင် တတိယမြောက်အကြီးမားဆုံး ပင်လယ်စာ တင်ပို့သူဖြစ်ကြောင်းသိရပြီး ဗီယက်နမ် ပင်လယ်စာလုပ်ငန်းအတွက် ၂၀၂၅ ခုနှစ်တွင် ပိုမိုကြီးထွားလာရန် ပံ့ပိုးနိုင်ခဲ့ကြောင်းသိရသည်။

ဗီယက်နမ်နိုင်ငံ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးဖြစ်သူ Phung Duc Tien က နိုင်ငံ၏ပင်လယ်စာလုပ်ငန်း နယ်ပယ်သည် စည်းမျဉ်းနှင့် မညီသော ငါးဖမ်းခြင်းနှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းစေခြင်းတို့ကြောင့် ဥရောပကော်မရှင်၏ Yellow Card သတိပေးခံထားရခြင်း ပါဝင်သော စိန်ခေါ်မှု အသစ များနှင့် ၂၀၂၅ ခုနှစ်တွင် ရင်ဆိုင်ရနိုင်ကြောင်း ပြောကြားခဲ့သည်။ သို့သော်လည်း ကုန်ကြမ်းပစ္စည်းရရှိမှု မြင့်တက်လာနိုင်ခြင်းနှင့် တင်ပို့ရာဈေးကွက်သစ်များ တိုးချဲ့လာခြင်း အစရှိသော ကောင်းမွန်သည့် အခြေအနေများလည်း ရှိနေကြောင်း သိရသည်။ ဗီယက်နမ် ပင်လယ်စာ ကုမ္ပဏီ များသည်လည်း နည်းပညာမြင့် ပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေးမြင့် ကုန်ထုတ်လုပ်ခြင်းတို့ဖြင့် ၂၀၂၅ ခုနှစ်တွင် ပင်လယ်စာ တင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ ကျော်မှ ၁၁ ဘီလီယံကျော်ထိ ရရှိရန် ရည်မှန်းထားကြောင်း သိရသည်။

**Vietnam Plus**

**မြသူ (DOCA-YGN)**

## တရုတ်နိုင်ငံသို့ ဆန်တင်ပို့ခွင့် ခွဲတမ်း တန်ချိန် ငါးသိန်း ကမ္ဘောဒီးယား တိုးမြှင့်ရရှိ

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ ကြိတ်ခွဲပြီး ဆန်တင်ပို့မှုကို တန်ချိန် လေးသိန်း ခွဲတမ်းရရှိခဲ့ရာမှ သဘောတူညီချက်အသစ်တစ်ရပ်ကို လက်မှတ်ရေးထိုးပြီး ၂၅ ရာခိုင်နှုန်း မြှင့်တင်လျက် ဆန်တန်ချိန် ငါးသိန်းအထိ တင်ပို့ခွင့်ရရှိခဲ့ကြောင်း ခမာတိုင်းမ်သတင်းဌာနက ဖော်ပြထားသည်။

ကမ္ဘောဒီးယား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံပိုင် ထောက်ပံ့ပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းဖြစ်သော Green Trade ကုမ္ပဏီသည် တရုတ်နိုင်ငံရှိ အစိုးရပိုင် စားသောက်ကုန်လုပ်ငန်းဖြစ်သည့် COFCO ကော်ပိုရေးရှင်းနှင့် ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအသစ်တစ်ရပ်ကို လက်မှတ်ရေးထိုးလျက် တရုတ်နိုင်ငံသို့ ဆန်တင်ပို့ခွင့်ခွဲတမ်းကို တန်ချိန် ငါးသိန်းသို့ တိုးမြှင့်နိုင်ခဲ့သည်ဟု ၂၀၂၄ ခုနှစ် ဒီဇင်ဘာလလယ်ပိုင်း၌ ထုတ်ပြန်သည့် နှစ်ပတ်လည် အစီရင်ခံစာ၌ အဆိုပါဝန်ကြီးဌာနက ဖော်ပြခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးဌာနအနေဖြင့် Green Trade ကုမ္ပဏီမှတစ်ဆင့် ဒေသတွင်းရှိ အချို့သောနိုင်ငံများထံသို့ ကမ္ဘောဒီးယား၏ ဆန်ဈေးကွက်ကို ချဲ့ထွင်နိုင်ရေး စေ့စပ်ညှိနှိုင်းမှုများ လုပ်ဆောင်လျက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘောဒီးယား - တရုတ် လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူစာချုပ်အရ ဆန်တင်ပို့မှု ဈေးကွက်မြှင့်တင်ရန် လုပ်ဆောင်လျက်ရှိကြောင်းဖြင့် ကမ္ဘောဒီးယား ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Cham Nimul က ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ် ဩဂုတ်လ၌ ကမ္ဘောဒီးယားနှင့် တရုတ် နှစ်နိုင်ငံအကြား သဘောတူလက်မှတ်ရေးထိုးခဲ့သည့် ပထမဦးဆုံး ဆန်တင်ပို့ခွင့်ခွဲတမ်း သတ်မှတ်ချက်မှာ တန်ချိန် ၁၀၀၀၀၀ သာရှိခဲ့ရာမှ တဖြည်းဖြည်း တိုးမြှင့်လာခဲ့ခြင်းဖြစ်သည်။


ကမ္ဘောဒီယားနိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမ ၁၁ လအတွင်း ပြည်ပသို့ ဆန် ၅၇၅၅၆၂ တန်ကို တင်ပို့ခဲ့ရာ ဝင်ငွေ ဒေါ်လာ ၄၁၃ဒသမ ၉ သန်းရရှိခဲ့ကြောင်း၊ ယင်းမှာ ကုမ္ပဏီ ၅၅ ခုမှ နိုင်ငံပေါင်း ၆၇ နိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ကမ္ဘောဒီးယား၏ အဓိကဈေးကွက်အဖြစ် ဆက်လက်ရပ်တည်နေပြီး အဆိုပါ ကာလအတွင်း တန်ဖိုးဒေါ်လာ သန်း ၇၀ ရှိသော ဆန်တန်ချိန် ၁၀၉၄၄၈ တန်ကို တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

တရုတ်နိုင်ငံ၌ ကျင်းပခဲ့သော တရုတ်-အာဆီယံ အရည်အသွေးမြင့် အင်ဒီကာဆန်မျိုးများ၏ အရသာအရည်အသွေး သုံးသပ်အကဲဖြတ်ပြိုင်ပွဲတွင် ကမ္ဘောဒီးယား၏ Sen Kra Ob ဆန်မွှေးသည် အကောင်းဆန်အဖြစ် ပထမဆုရရှိထားသည်။ အဓိက ဈေးကွက်ဖြစ်သော တရုတ်နိုင်ငံသို့ ဆန်တင်ပို့ခွင့်ခွဲတမ်း တိုးချဲ့နိုင်ခြင်းက ကမ္ဘောဒီးယား၏ ဆန်တင်ပို့မှုကို တိုးမြှင့်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ၏ လယ်ယာကဏ္ဍကိုလည်း သိသာစွာ မြှင့်တင်နိုင်လိမ့်မည်ဟု ခမာတိုင်းမ် သတင်းဌာနက ဖော်ပြထားသည်။

**Source: Khmer Times, 1 Jan 2025**

**UNAL, DOCA**

## အိန္ဒိယနိုင်ငံ၌ အခွန်ကင်းလွတ်ခွင့်ဖြင့် စားတော်ပဲ တင်သွင်းခွင့်အား ဖေဖော်ဝါရီလကုန်အထိ တိုးမြှင့်



အိန္ဒိယနိုင်ငံတွင် ကုလားပဲ၏ နေရာ၌ အဓိက အစားထိုးသုံးစွဲနိုင်သော စားတော်ပဲအား အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်း ခွင့်ပြုသည့် ကာလကို ဒီဇင်ဘာ ၂၄ ရက်တွင် နောက်ထပ် သက်တမ်းနှစ်လ တိုးမြှင့်လျက် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ကုန်အထိ အစိုးရက ခွင့်ပြုပေးခဲ့ကြောင်း Financial Express သတင်းဌာနက ဖော်ပြထားသည်။

ပြည်တွင်း စိုက်ပျိုးထုတ်လုပ်မှုကို တွန်းအားပေးရန်အတွက် စားတော်ပဲ တင်သွင်းမှုအပေါ် သွင်းကုန်အခွန် ၅၀ ရာခိုင်နှုန်း ကောက်ခံခြင်းကို ၂၀၁၇ ခုနှစ်မှ စတင်စည်းကြပ်ခဲ့ရာမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ၌ အခွန်ကင်းလွတ်လျက် တင်သွင်းခြင်းကို အိန္ဒိယအစိုးရက ကာလသတ်မှတ်ချက်ဖြင့် ခွင့်ပြုပေးထားခြင်းဖြစ်သည်။

အိန္ဒိယ ပြည်ပကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၏ အမိန့်ကြော်ငြာစာ၌ စားတော်ပဲအား အနိမ့်ဆုံးသွင်းကုန်ဈေးနှုန်း သတ်မှတ်ချက်နှင့် တင်သွင်းရောက်ရှိရမည့် ဆိပ်ကမ်းနေရာ သတ်မှတ်ချက်များမရှိဘဲ အင်တာနက်ကွန်ရက် သွင်းကုန်စောင့်ကြည့်ကြပ်မတ်မှုစနစ်အောက်တွင် မှတ်ပုံတင်ထားသည့်အတိုင်း ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်အထိ အခွန်ကင်းလွတ်လျက် တင်သွင်းခွင့်ပြုလိုက်ကြောင်း ဖော်ပြခဲ့သည်။

ပြည်တွင်း၌ ရောင်းလိုအားကို ကောင်းမွန်စေရေးအတွက် စားတော်ပဲ တန်ချိန် ၂ ဒသမ ၃ သန်းခန့် ကို တင်သွင်းထားပြီးဖြစ်ကြောင်း၊ လက်ရှိစိုက်ပျိုးထားဆဲ ကုလားပဲစိုက်ခင်းများအား ရိတ်သိမ်းမှုသည် မတ်လကုန် သို့မဟုတ် ဧပြီလဆန်းတွင် စတင်မည်ဖြစ်ကြောင်း၊ ကုလားပဲများ ရိတ်သိမ်းထွက်ပေါ်ချိန်တွင် စားတော်ပဲအား အခွန်သက်သာခွင့်ဖြင့် တင်သွင်းခွင့်ပြုမည် မဟုတ်ကြောင်း၊ ယခုနှစ် ကုလားပဲစိုက်ပျိုးမှုဧရိယာသည် ဟက်တာ ၈ဒသမ၆ သန်းရှိပြီး ယခင်နှစ်ကထက် ၂ ရာခိုင်နှုန်း ပိုမိုလာကြောင်းဖြင့် အစိုးရဌာနဆိုင်ရာ အရာရှိများက ပြောကြားခဲ့ကြသည်။

အိန္ဒိယနိုင်ငံ၌ ကုလားပဲ လက်လီဈေးနှုန်းများဖောင်းပွမှုမှာ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ကိန်းဂဏန်း နှစ်လုံးအထိ မြင့်တက်လာခဲ့ပြီး ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် တစ်နှစ်တာကာလအတွင်း ဈေးနှုန်းမြင့်တက်မှုမှာ ၂၀ ဒသမ ၁၂ ရာခိုင်နှုန်းရှိခဲ့သည်။ သို့သော် ပဲမျိုးစုံအုပ်စု၏ လက်လီဈေးနှုန်းဖောင်းပွမှုမှာ ဩဂုတ်လတွင် ၁၁ ဒသမ ၃ ရာခိုင်နှုန်းရှိရာမှ နိုဝင်ဘာလတွင် ၅ ဒသမ ၄၁ ရာခိုင်နှုန်းသို့ လျော့ကျလာခဲ့သည်။ အဓိက စားသုံးသော ကုလားပဲ၊ ပဲစင်းငုံနှင့် မတ်ပဲတို့ အထွက်ကျဆင်းမှုကြောင့် ပဲမျိုးစုံ လက်လီဈေးနှုန်း ဖောင်းပွမှုမှာ ၂၀၂၃ ခုနှစ် ဇွန်လမှစ၍ ကိန်းဂဏန်း ၂ လုံးအဆင့်တွင် ရောက်ရှိနေခဲ့ခြင်းဖြစ်သည်။

အိန္ဒိယ စားသုံးသူရေးရာဦးစီးဌာနကမူ လက်ကားဈေးနှုန်းများမှာ ကျဆင်းလျက်ရှိသဖြင့် လက်လီရောင်းချသူများအနေဖြင့် ပဲမျိုးစုံ၏ ဈေးနှုန်းများကို လျှော့ချရန် တိုက်တွန်းနှိုးဆော်လျက် ရှိသည်။ လွန်ခဲ့သော နှစ်လတာအတွင်း လက်ကားဈေးကွက်များ၌ ပဲစင်းငုံ၊ ပဲနီလေး၊ ကုလားပဲ၊ ပဲတီစိမ်း၊ စားတော်ပဲနှင့် မတ်ပဲတို့၏ ဈေးနှုန်းများသည် ၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအတွင်း ကျဆင်းမှုရှိခဲ့သော်လည်း ပဲမျိုးစုံ၏ လက်လီရောင်းဈေးနှုန်းများမှာမူ မြင့်မားနေဆဲရှိသည်ဟု အစိုးရအရာရှိများက ပြောဆိုကြသည်။

လက်ရှိကာလတွင် အစိုးရ ဝယ်ယူရေး အေဂျင်စီများဖြစ်သော NAFED နှင့် NCCF သမဝါယမ အသင်းများသည် ဈေးနှုန်းထောက်ပံ့မှု အစီအစဉ် (price support scheme) တွင် မှတ်ပုံတင်ထားသည့် တောင်သူဦးရေ ၁ ဒသမ ၇ သန်းထံမှ ပဲစင်းငုံများကို အနိမ့်ဆုံး အထောက်အပံ့ပြု အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ဝယ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**Source: Financial Express, 25 Dec 2024**

**UNAL, DOCA**

## အလားအလာရှိသော GI ထုတ်ကုန်များစာရင်း ကမ္ဘောဒီးယားအစိုးရ ထုတ်ပြန်

ကမ္ဘောဒီးယားနိုင်ငံ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပထဝီဒေသဆိုင်ရာအညွှန်း (GI) အသိအမှတ်ပြုထုတ်ကုန်များအဖြစ် သတ်မှတ်ရန်အလားအလာရှိသော ကုန်ပစ္စည်းများစာရင်းကို ဒီဇင်ဘာလ တတိယရက်သတ္တပတ်တွင် ထုတ်ပြန်ခဲ့ရာ ဆန်၊ သီဟိုဠ်စေ့၊ သရက်သီးနှင့် ဒူးရင်းသီးတို့ ပါဝင်ကြောင်း သိရှိရသည်။

GI အသိအမှတ်ပြု လက်မှတ်သည် ဂုဏ်သိက္ခာရှိသော အဆင့်အတန်း တစ်ရပ်အနေဖြင့် အဆိုပါထုတ်ကုန်များ၏ ထူးခြားသော အရည်အသွေးနှင့် မူလပင်ရင်းကို အသိအမှတ်ပြုသွားမည်ဖြစ်ပြီး တုပခြင်းများမှ ကာကွယ်ပေးလျက် ၎င်းတို့၏ ဈေးကွက်တန်ဖိုးကို မြှင့်တင်ပေးသွားမည်ဖြစ်သည်။

ဝန်ကြီးဌာနသည် GI ထုတ်ကုန်စနစ် အားကောင်းစေရေး၊ GI ထုတ်ကုန်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလားအလာရှိသော ထုတ်ကုန်များအား စာရင်းရေးသွင်းခြင်းဆိုင်ရာ လေ့လာမှုများကို ဆောင်ရွက်ရာတွင် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) နှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု ကမ္ဘောဒီးယား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

GI ထုတ်ကုန်ဆိုသည်မှာ ကုန်စည်၏ အရည်အသွေး၊ ဂုဏ်သတင်း သို့မဟုတ် အခြားဝိသေသ လက္ခဏာများသည် အဓိကအားဖြင့် ပထဝီဝင်မူလပင်ရင်းဒေသကို အကြောင်းပြု၍ ဖြစ်ထွန်းမှုအပေါ် အဆိုပါကုန်စည်၏ ပထဝီဝင်မူလအစကို ကိုယ်စားပြုရန် သို့မဟုတ် အမည်ခေါ်ဆိုရန်အတွက် အသုံးပြုသည့် အမည်နာမ၊ သင်္ကေတ သို့မဟုတ် အခြားလက္ခဏာများကို ဆိုလို ခြင်းဖြစ်သည်။

GI အသိအမှတ်ပြု အဆင့်အတန်းရရှိရေး လုပ်ငန်းစဉ်တွင် ပုံမှန်အားဖြင့် ထုတ်ကုန်၏ ထူးခြားသော လက္ခဏာရပ်များ၊ တိကျသော ပထဝီဝင်မူလအစနှင့် ၎င်း၏ထုတ်လုပ်မှုနှင့် ဆက်စပ်နေသော ရိုးရာအသိပညာများ အပါအဝင် ခိုင်မာသော စာရွက်စာတမ်းများ ပါဝင်သည်။

ကမ္ဘောဒီးယား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အတွင်းဝန် Penn Sovicheat က ဝန်ကြီးဌာနအနေဖြင့် အဆိုပါ အလားအလာရှိသော ထုတ်ကုန်များအတွက် GI လျှောက်ထားမှု လုပ်ငန်းစဉ် အောင်မြင်စေရေး လယ်သမားများ၊ ထုတ်လုပ်သူများနှင့် အစိုးရ အေဂျင်စီများအပါအဝင် သက်ဆိုင်သူများနှင့် ဆက်လက်၍ အနီးကပ်လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ GI စီမံကိန်းကို အကောင်အထည်ဖော်ခြင်းသည် အရည်အသွေး ခိုင်မာရန်၊ တန်ဖိုးထားမှု တိုးလာစေပြီး အရည်အသွေးအာမခံမှုစနစ်က စားသုံးသူများ၏ ယုံကြည်မှုကိုပေးနိုင်ရန်အတွက်ဖြစ်ကြောင်း Khmer Times သို့ ပြောကြားခဲ့သည်။

အဆိုပါဝန်ကြီးဌာနသည် လက်ရှိကာလ၌ GI ထုတ်ကုန် ခုနစ်



မျိုးဖြစ်သည့် Kampot ငရုတ်ကောင်း၊ Kampong Speu ထန်းလျက်၊ Koh Trung ကျွဲကောသီး၊ Mondulkiri တောပျားရည်၊ Kampot ဆားနှင့် ဆားပွင့်၊ Takeo ပုစွန်နှင့် Kampot-Kep ငါးငံပြာရည်တို့ကို မှတ်ပုံတင်ထားပြီးဖြစ်သည်။

ထို့အပြင် ဖနွမ်းပင်ခေါက်ဆွဲ၊ Ambok Kampong Thom ဖွပ်ဆန်၊ Preah Vihear ဆန်၊ SKO ရန့်မွှေးဆန်၊ DSMK မူရင်းဆန်၊ Battambang အုန်းသီး၊ Siem Reap ခေါက်ဆွဲနှင့် Koh Trung II ကျွဲကောသီးတို့ကို GI အသိအမှတ်ပြု မှတ်ပုံတင်ရန် အလားအလာရှိသော ထုတ်ကုန် ရှစ်ခုအဖြစ် အဆိုပါဝန်ကြီးဌာနက စာရင်းပြုစုထားကြောင်း သိရသည်။

**Sourc e: Khmer Times, 24 December, 2024**

**DPTM, DOCA**

# ကုမ္ပဏီများနှင့် လွတ်လပ်သော ဒါရိုက်တာများ၏ အခန်းကဏ္ဍ (၂)

အောင်မြင်သည့် ကော်ပိုရိတ်စီမံခန့်ခွဲမှုစနစ် ဆိုသည်မှာ လွယ်လွယ်နှင့်မရရှိနိုင်ပါ။ ယှဉ်ပြိုင်မှုများ၊ အကြွေးများ၊ ရရန်ရှိများ၊ သတင်းအချက်အလက်စနစ်များ၊ အစိုးရ၏စည်းမျဉ်းများ၊ အလုပ်သမား ပြဿနာများ၊ မီဒီယာများ၏ ဖိအားပေးမှုများ၊ ကုမ္ပဏီများ ပေါင်းစည်းရေး၊ ခွဲထွက်ရေးများနှင့် အမျိုးစုံကြုံတွေ့ရနိုင်သည်။ ဤသည်ကို ဒါရိုက်တာအဖွဲ့အနေနှင့် တစ်ခုချင်း ကျိုးကြောင်းညီညွတ်စွာ ဖြေရှင်းသွားနိုင်ပါက အောင်မြင်သည့် ကုမ္ပဏီကြီးများ ပေါ်ပေါက်လာမည်ဖြစ်သည်။

ထို့ကြောင့် ဒါရိုက်တာအဖွဲ့၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် ကြီးကြပ်မှုစွမ်းရည်သည် လွန်စွာအရေးကြီးသည်။ လွတ်လပ်သော ဒါရိုက်တာများကို ရွေးချယ်ခန့်အပ်ရာတွင် ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဖြစ်စေရေးအတွက် အရည်အချင်းများ သတ်မှတ်ပေးခြင်း၊ ဒါရိုက်တာအဖွဲ့အတွင်း အနည်းဆုံး ဆောင်ရွက်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း စသည်တို့ကို သတ်မှတ် ပြဋ္ဌာန်းပေးရန် လိုအပ်သည်။

### vGfvyfaom'g½Hfvmrsm; \ wm0efsm;

လွတ် လပ် သော ဒါရိုက်တာများသည် ဒါရိုက်တာအဖွဲ့၏ ဖွံ့ဖြိုးတိုးတက်မှု မူဝါဒများ၊ ဆုံးဖြတ်ချက်များ၊ မဟာဗျူဟာများကို အပြုသဘောဆောင်သော အကြံပြုမှုများ၊ စောဒကတက်မှုများပြုလုပ်ခွင့်ရှိသည်။ ၎င်းတို့သည် စီမံအုပ်ချုပ်မှုအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို စိစစ်အကဲဖြတ်ကာ ၎င်းအုပ်ချုပ်မှု အဖွဲ့ဝင်များ၏ တာဝန်ယူမှုများကို ထိန်းချုပ်ကွပ်ကဲပိုင်ခွင့်ရှိသည်။

တစ်ခါတစ်ရံတွင် ကုမ္ပဏီ၏ ပေါင်းစည်းမှု အားနည်းသည့်အတွက် ၎င်းတို့၏ လွတ်လပ်စွာ ဆောင်ရွက်ခွင့်များ၊ ဆုံးဖြတ်ချက်ချမှုများကို ထိခိုက်စေမည်ဆိုပါက ၎င်းတို့အား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်သည့် အခွင့်အရေးများ ပေးရန်လိုအပ်သည်။ ၎င်းတို့အနေနှင့် ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကျနစွာ တာဝန်ယူနေနိုင်သမျှကာလပတ်လုံး လွတ်လပ်စွာ ဆောင်ရွက်နိုင်မှု အခွင့်အရေးများကို ပေးထားရမည်ဖြစ်သည်။ သို့မှသာ ၎င်းတို့ထံမှ တစ်မူထူးခြားသည့် စွမ်းဆောင်ရည်များကိုရရှိစေကာ ကုမ္ပဏီ၏ လုပ်ငန်းများကို ပိုမိုလွတ်လပ်စွာ ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

လွတ်လပ်သော ဒါရိုက်တာများသည် လုပ်ရိုးလုပ်စဉ်များအရ ကုမ္ပဏီနှင့် ဒါရိုက်တာအဖွဲ့တို့အတွက် ပဋိပက္ခဆန်သည့် သဘောတရား ရှိသော်လည်း လက်တွေ့တွင်မူ ၎င်းတို့ရှိခြင်းကြောင့် ဒါရိုက်တာအဖွဲ့၏ စားပွဲပေါ်သို့ ပိုမို၍ လက်တွေ့ကျပြီး ကျိုးကြောင်း ဆီလျော်သည့်အလုပ်များကို ရရှိစေသည်။ တစ်ခါတစ်ရံ ၎င်းတို့သည် အခြားသောဒါရိုက်တာအချို့နှင့် သဘောထားကွဲလွဲကာ ဆန့်ကျင်ဘက် အနေအထားရှိနေလျှင်တောင် ယင်းသို့ တင်းမာမှုများသည် ကုမ္ပဏီ၏ ကောင်းကျိုးအတွက် အပြုသဘောဆောင်သည့် တင်းမာမှုဖြစ်သည်ဆိုခြင်းကို သဘောပေါက်လက်ခံရမည်ဖြစ်သည်။ ရေရှည်တွင် လွတ်လပ်သော ဒါရိုက်တာများသည် ပိုမို၍ ညီညွတ်မျှတသော အမြင်များကို ယူဆောင်လာနိုင်မည်ဖြစ်ပါသည်။

လွတ်လပ်သောဒါရိုက်တာများသည် ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့များ မပါဝင်သည့် သီးသန့် အစည်းအဝေးကို အနည်းဆုံး တစ်နှစ်တွင် တစ်ကြိမ် တွေ့ဆုံကျင်းပကာ လွတ်လပ်စွာပြန်လည်သုံးသပ်ရန်နှင့် ၎င်းတို့၏ ဆောင်ရွက်မှုများ၊ ဆုံးဖြတ်ချက်များကို ကုမ္ပဏီ၏ နှစ်ပတ်လည်အစီရင်ခံစာများတွင် ထည့်သွင်းအစီရင်ခံရန် လိုအပ်သည်။ တစ်ဖန် လွတ်လပ်ပြီး ကြိုးကိုင်မှုကင်းသည့် ဆုံးဖြတ်ချက်များကို ချမှတ်ကာ ရှယ်ယာရှင်များ၏ အကျိုးစီးပွားအတွက် အပြည့်အဝ တာဝန်ခံဆောင်ရွက်ရန် လိုအပ်သည်။ ထို့အပြင် စီမံအုပ်ချုပ်မှု အဖွဲ့ဝင်များအတွင်း တဖြည်းဖြည်းချင်း ကပ်ငြိပါလာနိုင်သည့် ကိုယ်ကျိုးဆောင်ရွက်မှုများ မဖြစ်ပေါ်စေရေး၊ ရှယ်ယာရှင်များအား အပြည့်အဝ တာဝန်ခံရေးတို့အတွက် အစွမ်းကုန် ဆောင်ရွက်ရမည့် တာဝန်များရှိသည်။

၎င်းတို့သည်ကုမ္ပဏီ၏ နှစ်ပတ်လည်အစည်းအဝေးများကို တက်ရောက်ရုံမျှမက အမှုဆောင် အနေအထား မဟုတ်သော အပိုင်း (non-executive role) တွင်လည်း ကုမ္ပဏီအကျိုးအတွက် ဝင်ရောက်ဆွေးနွေးရန် တာဝန်ရှိသည်။ သို့သော်လည်း ဤအနေအထားသည် ကုမ္ပဏီတစ်ခုနှင့်တစ်ခု တူညီနိုင်မည် မဟုတ်ပါ။ ၎င်းတို့သည် ကုမ္ပဏီမှ ပြုစုတင်ပြလာသည့် အစီရင်ခံစာများကို ပုံမှန်ဖတ်ရှုကာ ဥပဒေကြောင်းအရ လိုက်နာရန်ရှိသော စည်းမျဉ်းများ (Legal Compliance) ကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ သုံးသပ်အကဲဖြတ်ကာ ပြုပြင်ရန်ရှိသော ကိစ္စများ၊ ချို့ယွင်းချက်များရှိပါက အချိန်မီ ပြုပြင်ထောက်ပြသွားရန် တာဝန်ရှိသည်။

စိတ်ဝင်စားဖွယ်ကောင်းသည့်၊ မှတ်သားသင့်သည့် အချက်တစ်ခုမှာ လွတ်လပ်သောဒါရိုက်တာများကို ခန့်အပ်ရာတွင် အဖွဲ့အစည်းများဆိုင်ရာလိုက်နာရမည့် လမ်းညွှန်ချက်များ (Institutional Guidance) ကို အပြည့်အဝ လိုက်နာကြရန်အတွက် တွန်းအားပေးခြင်းဖြစ်သည်။ ဥပမာ- နယူးယောက် စတော့အိတ်ချိန်းတွင် စာရင်းတင်သွင်းကာ ရောင်းချမည့် ကုမ္ပဏီများအတွက် စံများသတ်မှတ်ရာတွင် ဒါရိုက်တာအဖွဲ့ဝင်များအတွင်း အရည်အချင်း ပြည့်ဝသည့် လွတ်လပ်သော ဒါရိုက်တာများ ခန့်အပ်ပါရှိရမည်ဆိုသည့် အချက်တစ်ခုပါဝင်သည်။

လွတ်လပ်သော ဒါရိုက်တာများသည် ကုမ္ပဏီ၏ အရေးပါသော ဆုံးဖြတ်ချက်ချမှုများတွင် ပါဝင်ဆောင်ရွက်ရုံမျှမက အကြီးတန်းအရာရှိများ၏ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန်လည်း တာဝန်ရှိသည်။ လွတ်လပ်သော ဒါရိုက်တာတစ်ဦးသည် ကုမ္ပဏီ၏ အကြီးတန်းအရာရှိများ၊ အခြားသော ဝန်ထမ်းများနှင့် ပတ်သက် ဆက်နွယ်မှုများ မရှိရန်လည်း ဒါရိုက်တာအဖွဲ့ အနေနှင့် သေချာစွာ စိစစ်ရမည်ဖြစ်သည်။ သို့မှသာ လွတ်လပ်သော ဒါရိုက်တာများအနေနှင့် ကုမ္ပဏီ၏ အကျိုးစီးပွားကို ဝင်ရောက်စွက်ဖက်မှုကင်းစွာ၊ တရားမျှတမှုရှိစွာ ဆောင်ရွက်နိုင်မည့်အပြင် အောက်ဖော်ပြပါ လုပ်ငန်းများကိုလည်း ကောင်းမွန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်-

> ,,
>
> **လွတ်လပ်သော ဒါရိုက်တာများသည် ကုမ္ပဏီ၏ အရေးပါသော ဆုံးဖြတ်ချက်ချမှုများတွင် ပါဝင်ဆောင်ရွက်ရုံမျှမက အကြီးတန်းအရာရှိများ၏ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန်လည်း တာဝန်ရှိသည်။**

## ထွန်းသက်ထွန်း

(၁) ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင်ပါဝင်တက်ရောက်ပြီး လွတ်လပ်သော ဆုံးဖြတ်ချက်များကို ချမှတ်ရမည်ဖြစ်သလို ကုမ္ပဏီ၏ မဟာဗျူဟာများ၊ မူဝါဒများ၊ လုပ်ငန်းဆောင်ရွက်မှုများ၊ တာဝန်ခံမှုများ၊ အရင်းအမြစ်စီမံခန့်ခွဲမှုများ၊ အဆင့်မြင့် အရာထမ်းခန့်အပ်မှုများ၊ ကုမ္ပဏီ၏ စီမံခန့်ခွဲမှု စံချိန်စံညွှန်းများကို ပေါ်လွင်အောင် ဆောင်ရွက်ခြင်း၊

(၂) ကုမ္ပဏီအကျိုးစီးပွားအတွက် ကြုံတွေ့လာနိုင်သော အငြင်းပွားမှု၊ သဘောထားကွဲလွဲမှုများကို ကြိုတင်ကာကွယ်ခြင်း၊ တာဝန်ခံ ဖြေရှင်းခြင်း၊

(၃) ဒါရိုက်တာအဖွဲ့ ကော်မတီများဖြစ်သည့် စာရင်းစစ်ကော်မတီ၊ ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲသည့် ကော်မတီ၊ အဆိုပြုရေးကော်မတီ အစရှိသည်များတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(၄) ကုမ္ပဏီ၏ ဆောင်ရွက်မှုများကို စိစစ်ခြင်း၊ ချမှတ်ထားပြီးဖြစ်သော ရည်မှန်းချက်များ အောင်မြင်မှု ရှိ၊ မရှိ စိစစ်ခြင်းစတို့ ဖြစ်ပါသည်။

ထို့ကြောင့် ကော်ပိုရေးရှင်းတစ်ခုတွင် လွတ်လပ်သော ဒါရိုက်တာများအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံရန်လိုအပ်ပါသည်-

(၁) လွန်ခဲ့သည့် နှစ်များအတွင်း ကုမ္ပဏီတွင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ မဟုတ်ရပါ၊

(၂) ကုမ္ပဏီ၏ အဓိကကျသော ဖောက်သည် သို့မဟုတ် ထောက်ပံ့သူ မဟုတ်ရပါ၊

(၃) ကုမ္ပဏီနှင့်သော်လည်းကောင်း၊ ကုမ္ပဏီ၏ အဆင့်မြင့်အရာရှိတစ်ဦးဦးနှင့်သော် လည်းကောင်း ဝန်ဆောင်မှုစာချုပ်များ ချုပ်ဆိုဖူးသူ မဟုတ်ရပါ၊

(၄) ကုမ္ပဏီမှ လှူဒါန်းမှုများကို အဓိကလက်ခံနေသည့် အကျိုးအမြတ်ရယူခြင်းမရှိသော အဖွဲ့များနှင့် ဆက်နွယ်သူမဖြစ်ရပါ၊

(၅) ကုမ္ပဏီတွင် လုပ်ကိုင်ဆောင်ရွက်နေသော (သို့မဟုတ်) တစ်နှစ်အတွင်း ဆောင်ရွက်ခဲ့သော အဆင့်မြင့်အရာရှိများ၊ စီအီးအိုများ၏ ဆွေမျိုးသားချင်းများ မဖြစ်စေရပါ၊

(၆) ကုမ္ပဏီမှ လက်ရှိခန့်အပ်ထားသော (သို့မဟုတ်) ယခင်က ဆောင်ရွက်ခဲ့ဖူးသော စာရင်းစစ်အဖွဲ့ဝင် မဖြစ်စေရပါ။

# ဆန်တင်သွင်းရန် ခွင့်ပြုသည့်ကာလ သီရိလင်္ကာအစိုးရ တိုးမြှင့်သတ်မှတ်

သီရိလင်္ကာအစိုးရဝန်ကြီးများအဖွဲ့သည် ပုဂ္ဂလိကကဏ္ဍမှ ဆန်တင်သွင်းခွင့်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်အထိ သက်တမ်းတိုးခွင့်ပြုခဲ့သည်ဟု ဒီဇင်ဘာ ၂၄ ရက်တွင် ကျင်းပသည့် အစိုးရအဖွဲ့ သတင်းစာရှင်းလင်းပွဲတွင် ပြောရေးဆိုခွင့်ရှိသူ ဝန်ကြီး Dr. Nalinda Jayatissa က ပြောကြားခဲ့သည်။

သို့သော် ပြည်တွင်းဈေးကွက်များတွင် ဆန်ပြတ်လပ်မှုသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလကုန်တိုင်အောင် ဆက်လက်ဖြစ်ပေါ်ဖွယ်ရှိသည်ကို လေ့လာတွေ့ရှိရသည်ဟု ဝန်ကြီးက မှတ်ချက်ပြုခဲ့ကြောင်း သိရသည်။

ကုန်သွယ်မှု၊ ကူးသန်းရောင်းဝယ်ရေး၊ စားနပ်ရိက္ခာ ဖူလုံရေးနှင့် သမဝါယမဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးမှ အဆိုတင်သွင်းခဲ့သော ပုဂ္ဂလိကကဏ္ဍမှ သွင်းကုန်လုပ်ငန်းရှင်များအား သွင်းကုန်ထိန်းချုပ်လိုင်စင် မလိုအပ်ဘဲ ဆန်တင်သွင်းခွင့်ပြုသည့် ကာလကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်အထိ တိုးမြှင့်ပေးရန် တင်ပြချက်ကို အစိုးရအဖွဲ့က အတည်ပြုခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းဈေးကွက်တွင် ဆန်ပြတ်လပ်မှုဖြစ်ပေါ်လျက်ရှိရာ လက်ရှိကာလအတွင်း သီရိလင်္ကာနိုင်ငံပိုင် ကူးသန်းရောင်းဝယ်ရေးကော်ပိုရေးရှင်းသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်၌ ကျင်းပခဲ့သည့် အစိုးရအဖွဲ့အစည်းအဝေး၏ အတည်ပြုချက်ဖြင့် ဆန်မက်ထရစ်တန် ၇၀၀၀၀ ဝယ်ယူရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် သွင်းကုန်ထိန်းချုပ်လိုင်စင် မလိုအပ်ဘဲ ဆန်တင်သွင်းနိုင်ခွင့်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့အထိ အစိုးရက ခွင့်ပြုပေးထား ခဲ့ကြောင်း သိရသည်။

**Source: Ada Derana, 24 Dec 2024**

**DHTSN, DOCA**




Exclusively Marketed by **LINK CAPITAL DEVELOPMENT Co.,Ltd.**
No.(111-G), Ngar Htap Gyi Pagoda Street,Ngar Htap Gyi South Ward,Bahan Township, Yangon.
Ph: 09-765651436, 09-765651437

# BLESSING TRADING CO.,LTD.

## EXPORTER & IMPORTER




**Office**
**No. 136, 27th Street, Pabedan Township, Yangon, Myanmar.**
**Tel : 01-246605, 387456**
**Fax : 95-1-246605,**
**HP : 09-51 81289, 09 250515276**
**Email : tinhtwemaung92@gmail.com**

**Residence**
**No.1/3,2nd Street, Upper Mandalay Road, Kandawgalay, Mingalar Taung Nyunt Township, Yangon, Myanmar.**

LA MIN AUNG CUSTOMS CLEARING & TRANSPORTATION AGENCY

Room(401)4th Floor,Building 10/12,35th Street,Kyauktada TSP, Yangon,Myanmar Tel:0973045060,Fax:388152, Mobile:095166368



Member of :


စည်တော်ကြီး
လက်ဖက်
SINCE 2005
4မျိုးစုံ
3မျိုးစုံ
အမှတ် (၁၁၁)၊ ရတနာသီဂိလမ်း၊ ဇုန်(၇)၊ လှိုင်သာယာမြို့နယ်။
09 5010201
09 443146525

# AUNG NAING THITSAR GROUP OF COMPANIES

## RICE WHOLE SUPPLY CHAIN

**PREHARVESTING**



**FARMING**



**FARMERS**




**HARVESTING**





**WAREHOUSING**



**MILLING PROCESS**




**INTERNATIONAL LOGISTICS**



**END-CUSTOMER**

## MULTI MODEL TRANSPORT & LOGISTICS



## RICE CONTRACT FARMING



Dagon Center II, Pyay Road,
No. 268 Room 14(C,E),
14th Floor, Sanchaung Township,
Yangon, Myanmar.

+95 1 2317836
+95 1 2317837
+95 1 2314053
+95 1 2314054

ant.bdmanager@aungnaingthitsar.com
export@aungnaingthitsar.com
export2@aungnaingthitsar.com


CROP
Charoen Pokphand Produce
(Myanmar) Co.,Ltd
Charoen Pokphand Produce Myanmar မှ
တင်သွင်း ဖြန့်ဖြူးရောင်းချသော
စိုက်ပျိုးရေး ဆေးများ
GLOWMAX
NPK - 13:0:46
NPK-8:16:32
NPK-10:52:17
NPK-30:20:10
ရွက်ဖြန်းမြေသြဇာ
UPL
UTHANE M-45
မှိုသတ်ဆေး
ပိုးသတ်ဆေး
COUNCIL
ပေါင်းသတ်ဆေး
No.18 B, Oak Pon Seik Street, Quarter (8), Mayangone Township, Yangon.
Ph : 09 777777390, 09 962759971~72
www.facebook.com/CPP Crop Protection Myanmar

COMMERCE
INTERNATIONAL

# တရုတ်နိုင်ငံထုတ် BYD ကြောင့် Tesla ရောင်းအားကျဆင်း





တရုတ်နိုင်ငံထုတ်BYD လျှပ်စစ်ကားများက ကမ္ဘာ့ဈေးကွက်သို့ အောင်မြင်စွာ ထိုးဖောက်ပြီး လူကြိုက်များလျက်ရှိခြင်းကြောင့် Tesla ကားများ၏ ရောင်းအားမှာ ကျဆင်းလာကြောင်း ဘီဘီစီသတင်းဌာန၏ ဇန်နဝါရီ ၃ ရက် သတင်းဖော်ပြချက်အရ သိရသည်။

တရုတ်နိုင်ငံထုတ်BYD လျှပ်စစ်ကားများကို လူကြိုက်များနေခြင်းကြောင့် Tesla ကားများ၏ အရောင်းသည် ဆယ်စုနှစ် တစ်ခုကျော်အတွင်း ပထမဆုံးအကြိမ် ကျဆင်းသွားခဲ့ခြင်းဖြစ်ကြောင်း Tesla မှ တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောဆိုထားသည်။

Elon Musk၏ Tesla သည် ၂၀၂၄ ခုနှစ်တွင် မော်တော်ကား အစီးရေ ၁ ဒသမ ၇၉ သန်းနီးပါး တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင်မူ ၁ ဒသမ ၈ သန်း တင်ပို့ရောင်းချနိုင်ခဲ့ခြင်းကြောင့် ၁ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ခြင်း ဖြစ်သည်။

Tesla သည် မိမိတို့၏ ဖောက်သည်များကိုဆွဲဆောင်နိုင်ရန်နှင့် ကမ္ဘာ့အရောင်းရဆုံး လျှပ်စစ်ကားများ အဆင့်ကို ထိန်းထားနိုင်ရန် ဈေးနှုန်းများကို အကြိမ်ကြိမ် လျှော့ချခဲ့သော်လည်း ၎င်းတို့၏ အဆိုပါကြိုးပမ်းမှုမှာ အရာမထင်ခဲ့ဘဲ BYDကို မယှဉ်နိုင်ခဲ့သည်ကို တွေ့ရသည်။ တရုတ်၏ BYD သည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်တွင် လျှပ်စစ်ကား ၁ ဒသမ ၇၆သန်း ရောင်းချခဲ့ရကြောင်း ကုမ္ပဏီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လက်ရှိအချိန်တွင် တရုတ်၏ BYD သည် ၎င်းတို့ထုတ် မော်တော်ယာဉ်ရောင်းချရမှုသည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်တွင် ၄၁ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ပြီး ယင်းမှာ တစ်နှစ်ထက်တစ်နှစ် ၄ ဒသမ ၂ သန်းကျော်အထိ မြင့်တက်လာခဲ့ကြောင်း သတင်းတွင် ဆက်လက် ဖော်ပြထားသည်။

တရုတ်နိုင်ငံထုတ် BYD သည် နိုင်ငံတွင်းစီးနင်းနေသည့် လျှပ်စစ်ကား ၉၀ ရာခိုင်နှုန်းကို ရောင်းချထားပြီး ကမ္ဘာ့မော်တော်ကား ဈေးကွက်တွင်လည်း Volkswagen နှင့် Toyota အပါအဝင် နိုင်ငံခြား အမှတ်တံဆိပ်များထက် သာလွန်က နံပါတ်(၁)နေရာကို ရယူထားသည်။

Tesla သည် တရုတ်နိုင်ငံကို ၎င်းတို့၏ အဓိကဈေးကွက်တစ်ခုအဖြစ် ထည့်သွင်းတွက်ချက်ထားသော်လည်း BYD ကို ယှဉ်ပြိုင်နိုင်ခြင်း မရှိသည်ကို တွေ့ရသည်။

**Source; BBC**

# Apple ကုမ္ပဏီက နောက်ဆုံးပေါ် အိုင်ဖုန်းများကို ဈေးလျှော့ ရောင်းချနေ




ကမ္ဘာကျော် နည်းပညာ ကုမ္ပဏီကြီးဖြစ်သည့် Apple ကုမ္ပဏီသည် ၎င်း၏ နောက်ဆုံးပေါ် အိုင်ဖုန်းများကို တရုတ်နိုင်ငံ ဈေးကွက်တွင် ယွမ် ၅၀၀ အထိ ဈေးလျှော့ ရောင်းချနေကြောင်း Asian Business Review သတင်းဌာနက ဇန်နဝါရီ ၃ ရက်တွင် ရေးသားဖော်ပြထားသည်။

Apple အနေဖြင့် တရုတ်နိုင်ငံ ဈေးကွက်တွင် Huawei ဖုန်းများဖြင့် အဓိကထား ယှဉ်ပြိုင်နေရခြင်းကြောင့် အိုင်ဖုန်းများကို ဈေးလျှော့ရောင်းချနေရခြင်းမှာ ဈေးကွက်တွင် ပြိုင်ဘက်ကို ယှဉ်ပြိုင်နိုင်အောင် လုပ်ဆောင်နေသည့် ၎င်း၏ဈေးကွက်ကို ကာကွယ်သော အစီအစဉ်တစ်ခုလည်း ဖြစ်သည်။

Appleသည် ၎င်း၏ အိုင်ဖုန်းများကို ဇန်နဝါရီ ၄ ရက်မှ ၇ ရက်အထိ ဈေးလျှော့ ရောင်းချလျက်ရှိပြီး အဆိုပါ လေးရက်ကြာ ပရိုမိုးရှင်းကာလတွင် iphone မော်ဒယ် လေးမျိုးအထိ ပါဝင်ကြောင်း Apple ၏ တရားဝင် ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်ဟု သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

iphone 16 pro ၏ တန်ဖိုးမှာ ၇၉၉၉ ယွမ်ရှိပြီး iphone 16 pro max ၏ တန်ဖိုးမှာ ယွမ် ၉၉၉၉ ရှိကြောင်း၊ အဆိုပါ ဖုန်းနှစ်မျိုးစလုံးကို ယွမ် ၅၀၀ စီ ဈေးလျှော့ကာ ရောင်းချလျက်ရှိကြောင်းနှင့် iphone 16 နှင့် iphone 16 plus တို့ကိုမူ ယွမ် ၄၀၀ စီ ဈေးလျှော့ပေးထားကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် စီးပွားရေးနေးကွေးနေပြီး စားသုံးသူများ၏ ငွေကြေး အခက်အခဲကို ချင့်ချိန်ပြီး Apple က ၎င်းတို့၏ နောက်ဆုံးပေါ် ဖုန်းများကို လျှော့ဈေးဖြင့် ရောင်းချရန် ယခုကဲ့သို့ စီစဉ်ရခြင်းဖြစ်သည်ဟု ဆိုသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး စမတ်ဖုန်းဈေးကွက်ကို ပိုင်ဆိုင်ထားပြီး ပြည်တွင်းဖုန်းအမှတ်တံဆိပ်များ၏ ပြိုင်ဆိုင်မှုများကြောင့် Apple က ၎င်း၏ဈေးကွက်ကို ကျဆင်းမသွားစေရန် ခက်ခဲစွာ ရုန်းကန်ရလျက်ရှိနေခြင်းကြောင့် အိုင်ဖုန်းရောင်းအားများ ပြန်လည်မြင့်တက်လာအောင် ဈေးကွက် ဆွဲဆောင်မှုများကို ဆောင်ရွက်နေရခြင်းဖြစ်သည်။

**Source; Asian Business Review**

စိုင်းဗညား - စုစည်းသည်




# ဂျပန် SoftBank Group က အမေရိကန်တွင် ရင်းနှီးမြှုပ်နှံမည်

ဂျပန်နိုင်ငံအခြေစိုက် နည်းပညာလုပ်ငန်းစုကြီးတစ်ခု ဖြစ်သည့် SoftBank Group သည် အမေရိကန်ပြည်ထောင်စုတွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်က ထုတ်ဖော်ပြောဆိုထားကြောင်း CNN သတင်းဌာနက ဇန်နဝါရီ ၃ ရက်တွင် ရေးသားဖော်ပြထားသည်။

မကြာမီတွင် အမေရိကန်သမ္မတ ဖြစ်လာမည့် ဒေါ်နယ်ထရန့်သည် ၎င်း၏နေအိမ်တွင် SoftBank Group မှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Masayoshi Son နှင့် တွေ့ဆုံဆွေးနွေးခဲ့အပြီး ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ယခုကဲ့သို့ ကြေညာလိုက်ခြင်းဖြစ်သည်။

SoftBank Group အနေဖြင့် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ရင်းနှီးမြှုပ်နှံလိုက်ခြင်းသည် သမိုင်းဝင် ရင်းနှီးမြှုပ်နှံမှုတစ်ခု ဖြစ်လာမည်ဖြစ်ပြီး ဒေါ်နယ်ထရန့် ဦးဆောင်မည့် အမေရိကန်ပြည်ထောင်စု၏ အနာဂတ်ကို ကြီးမားသည့် ယုံကြည်မှု ပြယုဂ်တစ်ခုလည်း ဖြစ်သည်။

SoftBank Group ၏ ရင်းနှီးမြှုပ်နှံမှုမှာ ဉာဏ်ရည်တုနည်းပညာ(AI) အပါအဝင် အခြားသော စက်မှုလက်မှုလုပ်ငန်းများသည်လည်း အမေရိကန်ပြည်ထောင်စုတွင် ဖန်တီးတည်ဆောက်လာနိုင်တော့မည် ဖြစ်သည်။ အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်က SoftBank အနေဖြင့် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ရင်းနှီးမြှုပ်နှံမှုအပေါ် မိမိအနေဖြင့် အကြွင်းမဲ့ ယုံကြည်မှုရှိကြောင်းနှင့် အမေရိကန်သမ္မတ ရွေးကောက်ပွဲအပြီး အမေရိကန် စီးပွားရေးအပေါ် ယုံကြည်မှု သိသိသာသာ တိုးလာကြောင်း အမှုဆောင်အရာရှိချုပ်ဖြစ်သူ Masayoshi Son က သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့သည်။

ဉာဏ်ရည်တုနည်းပညာအတွက် ဒေတာစင်တာများ အပါအဝင် AI နှင့်ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှုအမျိုးမျိုး လုပ်ဆောင်သွားမည်ဖြစ်ကာ အလုပ်အကိုင်ပေါင်း တစ်သိန်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း Masayoshi Son က ထုတ်ဖော်ပြောဆိုထားပါသည်။

**Source; CNN**